# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကစမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 13 August 2019 ၉၇၄၀


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးများလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာကော်မတီများမှ လူငယ်တာဝန်ခံများ၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီနေ့ဟာ လူငယ်များအတွက်သာမကဘဲ ကျွန်မတို့ရဲ့ ပညာရေးစနစ်တစ်ခုလုံးအတွက် ကျင်းပတဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ရဲ့ ဆောင်ပုဒ်ဟာ လူငယ်တွေပါဝင်ပြီး ပညာရေးစနစ်ကိုပြုပြင်ပြောင်းလဲခြင်းပဲဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ကို ကြည့်လိုက်တဲ့အခါ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**






## ကြေးမုံ

# အမြဲသတိ အသိပေး အန္တရာယ်ကင်းဝေး

ယခုရာသီကာလတွင် သဘာဝဘေးအန္တရာယ်များကို မြန်မာနိုင်ငံသာမက အခြားနိုင်ငံများတွင်လည်း ကြုံတွေ့ခံစားနေကြရသည်။ အချို့ဒေသများတွင် ပြည်သူများမှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ပြည်သူအချို့ အသက်သေဆုံးမှုဖြစ်ခဲ့သည်ကို ကြားသိရပေသည်။ ယခု သဘာဝဘေးမှာ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံဖြစ်ခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကျရောက်လျက်ရှိသော သဘာဝဘေးအန္တရာယ်သည် ရာသီဉတုဖောက်ပြန်ခြင်းကြောင့်မဟုတ်ဘဲ ရာသီဉတုပြောင်းလဲလာခြင်းကြောင့် ဒေသအားလုံးတွင် ပုံမှန်ဖြစ်ရိုးဖြစ်စဉ် အန္တရာယ်ဖြစ်လာသဖြင့် ပြည်သူများအနေဖြင့်ရော သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်ပါ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြိုတင်မြော်တွေးသုံးသပ်ပြင်ဆင်ကာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေးကို အလေးထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ရေကြီးရေလျှံမှုနှင့် မိုးကြီးလေထန်မှုကြောင့် ဖြစ်ပွားရသော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှဖြစ်စဉ်များကို လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် လူအသေအပျောက်များခြင်း၊ နည်းခြင်းအကြောင်းရင်းမှာ ကြိုတင်သတိပေးခြင်း၊ သတိမမူနေထိုင်မိခြင်းတို့ကြောင့် မမျှော်လင့်ဘဲ အသက်သေဆုံးရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းစာလျှင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများမှာ မကြီးမားဟု ဆိုချင်ပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် လူ့အသက်များသေဆုံးရမှုများမှာ တောင်ပြို၊ မြေပြိုမှုဖြစ်စဉ်များကြောင့် လူ့အသက်များဆုံးရှုံးရသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။ အခြားနိုင်ငံများတွင် သဘာဝဘေးထိခိုက်မှုဧရိယာကြီးမားကျယ်ပြန့်သော်လည်း အသက်သေဆုံးမှုနည်းပါးအောင် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားသည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးကြောင့် လူသေဆုံးမှုများနိုင်သော်လည်း ဖြစ်စဉ်တစ်ခုချင်းအလိုက် သေဆုံးမှုများခြင်းမှာ သတိမမူခြင်းနှင့် ကြိုတင်ပြင်ဆင်အသိပေးမှုအားနည်းခြင်းကြောင့်ဖြစ်ရသည်ဟု ဆိုနိုင်ပါသည်။

ယခုသဘာဝဘေးရာသီကာလတွင် ထိခိုက်သေဆုံးမှုအများဆုံးဖြစ်ခဲ့ရသည့် မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဟင်နရီဗန်ထီးယူ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် မမျှော်လင့်သည့် သဘာဝဘေးအန္တရာယ်များ ထပ်မံမကြုံတွေ့ရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ သတိတရားဟူသည် ပိုသည်မရှိသဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အမြဲသတိရှိစေရန် အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ အမြဲဆောင်ရွက်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများနှင့် ပြည်သူများအား မှာကြားခဲ့သည်။

သဲဖြူကုန်းကျေးရွာတွင် ပြီးခဲ့သည့်ရက်က မမျှော်လင့်ဘဲ တောင်ပြိုကျမှုကြောင့် တောင်ခြေရှိ ကျေးရွာနေအိမ်များပေါ်သို့ မြေများပိကျခဲ့ပြီး အိမ်ထောင်စုဝင် မိသားစုအများအပြား အသက်သေဆုံးခဲ့ရသည့်သတင်းကို စိတ်မချမ်းမြေ့ဖွယ်ကြားသိခဲ့ရသည်။ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် တောင်မြေပြိုကျမှု ငါးနေရာဖြစ်ပွားခဲ့ပြီး ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းက သဲဖြူကုန်းကျေးရွာ တောင်မြေပြိုကျမှုကြောင့် လတ်တလော အသက်သေဆုံးသူ ၅၀ ကျော်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေသည်။

မြန်မာနိုင်ငံအတွင်းရှိ တောတောင်များအနီး တောင်ခြေများတွင် ကျေးရွာများတည်ထောင်နေထိုင်တတ်ကြရာ ယခုကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများကျဆင်းခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းတို့နှင့် မြေသားများ ပျော့ဆင်းမှုရှိလာသောအခါ တောင်ပြိုကျနိုင်သည့်အန္တရာယ်ရှိသည်ကို သတိပြုရမည်ဖြစ်သည်။ ယင်းကို ကျေးရွာနေပြည်သူများအနေဖြင့် သတိထားရမည်ဖြစ်သလို သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ကြိုတင်အသိပညာပေးခြင်း၊ သတိပေးခြင်း၊ လိုအပ်ပါက ကြိုတင်ပြောင်းရွှေ့နေရာချထားပေးခြင်းတို့ကို ပြုလုပ်သင့်ပေသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဟူသည် မမျှော်လင့်ဘဲဖြစ်လာနိုင်၍ တောင်ခြေ၊ တောင်စောင်း၊ တောင်ဆင်းတို့တွင် နေထိုင်ကြသောပြည်သူများအနေဖြင့် အမြဲသတိရှိပြီး အသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ Junction City ရှိ Side Atrium Hall ၌ကျင်းပသည့် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ်-၂၀၁၉ (ASEAN Week 2019) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့ရှိ သံတမန်များနာယက ဘရူနိုင်းနိုင်ငံသံအမတ်ကြီး Mr. Pehin Dato Abdu'r Rahmani Dato Basir နှင့် အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီး၊ ခင်ပွန်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ရန်ကုန်မြို့ရှိ ပြည်ပသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း (MAWFA) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။




အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံရှိ အာဆီယံသံအမတ်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

အာဆီယံအနေဖြင့် ၂၀၁၉ ခုနှစ်ကို အာဆီယံ ယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်ထားသည့် အလျောက် အာဆီယံအသိုက်အဝန်းနှင့် အာဆီယံ၏ စုံလင်ကြွယ်ဝပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုများကို ပြည်သူများအကြား ပိုမိုသိရှိနားလည်လာစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများက အရောင်အသွေးစုံလင်သော ချည်မျှင်၊ မတူကွဲပြားသောအဆင်၊ တစ်ခုတည်းသော အာဆီယံ (Colourful Threads, Diverse Patterns, One ASEAN) ဟူသော ခေါင်းစဉ်ဖြင့် အာဆီယံယဉ်ကျေးမှု ရက်သတ္တပတ်-၂၀၁၉ ပြပွဲကို ပူးတွဲကျင်းပခြင်းဖြစ်သည်။

အာဆီယံယဉ်ကျေးမှုပြပွဲတွင် အာဆီယံနိုင်ငံများ၏ မတူကွဲပြားခြားနားသောယဉ်ကျေးမှုများကို အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ပိတ်သားချည်မျှင်တို့မှတစ်ဆင့် ထုတ်ဖော်ပြသကြမည် ဖြစ်သည်။ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန်အတွက် ပြပွဲကို ရန်ကုန်မြို့ Junction City ၌ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများအတွက် စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်ဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများအတွက် စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

**ပူးတွဲကြီးမှူး ကျင်းပ**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ အာဆီယံဆိုင်ရာ ဂျပန်သံအမတ်ကြီး Kazuo Sunaga နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ



အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းက ဧည့်သည်တော်များနှင့် သင်တန်းသားများကို ညစာဖြင့် ဧည့်ခံသည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံဆိုင်ရာမြန်မာအဖွဲ့ရုံးနှင့် အာဆီယံ-ဂျပန်ပေါင်းစည်းရေးရန်ပုံငွေအစီအစဉ်တို့က ပူးတွဲကြီးမှူး ကျင်းပခြင်းဖြစ်သည်။

**တက်ရောက်**

အဆိုပါသင်တန်းသည် သင်ခန်းစာများ၊ လက်တွေ့လုပ်ဆောင်မှုများ၊ အပြန်အလှန် ကျွမ်းကျင်မှုဖလှယ်ခြင်း၊ လေ့လာမှုများနှင့် အုပ်စုဖွဲ့လေ့ကျင့်ခန်းများမှတစ်ဆင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများ၏ စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့် စီမံခန့်ခွဲမှုစွမ်းရည်များမြှင့်တင်ရန် ရည်ရွယ်သည်။ သုံးရက်ကြာ ကျင်းပမည့် အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၂၅ ဦး၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်း ၃၀ စုစုပေါင်း သင်တန်းသားကိုယ်စားလှယ် ၅၅ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်၊
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

❖ ရှေ့ဖုံးမှ

ကိစ္စနှစ်ရပ် အဓိကပါဝင်ပါတယ်။ တစ်ခုက ပြုပြင်ပြောင်းလဲခြင်း၊ တစ်ခုကပညာရေးပဲ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲခြင်းဆိုတာကို နှစ်မျိုးစဉ်းစားလို့ရပါတယ်။ အတိတ်ကကျန်ခဲ့တဲ့ အခြေအနေတွေကို ပြုပြင်သင့်လို့ ပြန်ပြီးတော့ပြုပြင်ခြင်း၊ နောက်တစ်ခုက အနာဂတ်အတွက် ကျွန်မတို့ဖန်တီးတီထွင်ပြီးတော့ ပြုပြင်ပြောင်းလဲခြင်းပဲဖြစ်ပါတယ်။

"ဒီနှစ်ခုက နည်းနည်းတော့ကွာခြားပါတယ်။ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံအတွက်ဆိုရင် ပြုပြင်ပြောင်းလဲဖို့ နှစ်မျိုးလုံးလိုအပ်ပါတယ်။ ကျွန်မတို့အတိတ်တုန်းက ကျန်ရစ်ခဲ့တဲ့ အခြေအနေ၊ ပြုပြင်ပြောင်းလဲသင့်တဲ့ အခြေအနေတွေကို ပြုပြင်ပြောင်းလဲဖို့ဆိုတာလည်း အင်မတန်မှအရေးကြီးပါတယ်။ ဒ့ါအပြင် အနာဂတ်အတွက် ဖန်တီးတီထွင်နိုင်တဲ့ အခြေအနေလည်း လိုအပ်ပါတယ်။ ဘယ်လိုကိစ္စတွေကို ပြုပြင်ပြောင်းလဲရမယ်ဆိုတာနဲ့ပတ်သက်လို့ ကျွန်မဖတ်ဖူးတဲ့ ကဗျာဆုတောင်းလေးတစ်ခုကို သတိရမိပါတယ်။ အဲဒီကဗျာဆုတောင်းရဲ့ အဓိပ္ပာယ်ကတော့ ပြုပြင်ပြောင်းလဲသင့်တာကို ပြုပြင်ပြောင်းလဲနိုင်တဲ့ သတ္တိရှိနိုင်ပါစေ။ ပြောင်းလဲသင့်တဲ့အရာတွေကို ပြောင်းလဲရဲတဲ့ ခံနိုင်ရည်ရှိနိုင်ပါစေ။ ဘယ်ဟာက ပြုပြင်ပြောင်းလဲသင့်တယ်၊ ဘယ်ဟာကမပြောင်းလဲသင့်ဘူးဆိုတာကို ခွဲခြားသိရှိနိုင်တဲ့ ဉာဏ်ပညာအမြော်အမြင်ရှိပါစေဆိုတဲ့ ဆုတောင်းလေးပဲ ဖြစ်ပါတယ်။

**ပညာအမြော်အမြင်လို့ ပြောမှပြည့်စုံ**

"ပြုပြင်ပြောင်းလဲတဲ့နေရာမှာ ကျွန်မတို့လူသားများဟာ တခြားသတ္တဝါတွေနဲ့ မတူပါဘူး။ တခြားသတ္တဝါတွေဟာ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ တဖြည်းဖြည်းပြောင်းလဲတဲ့ evolution ဆိုတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးပဲ ရှိပါတယ်။ တော်လှန်ရေးလို့ဆိုတဲ့ revolution ကာလအတွင်းမှာ အကြီးအကျယ်ပြောင်းလဲမှုတွေကို လုပ်နိုင်တာကတော့ လူသားတွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့ဒီလိုပြုပြင်ပြောင်းလဲမှုတွေ လုပ်ခြင်းအားဖြင့် ကမ္ဘာကြီးဟာ တိုးတက်လာတာလည်းရှိတယ်။ တချို့ဘက်တွေမှာ ဆုတ်ယုတ်လာတာလည်းရှိတယ်။ ဒါကြောင့်မို့ ဘာတွေကို ပြောင်းလဲသင့်တယ်၊ ဘာတွေကိုပြောင်းလဲရမယ်၊ ဘယ်လိုပုံစံနဲ့ပြောင်းလဲရမယ်ဆိုတာ ကျွန်မတို့အားလုံး စဉ်းစားရမှာဖြစ်ပါတယ်။ ဒီဟာတွေကို အကောင်အထည်ဖော်နိုင်တယ်ဆိုတာဟာ ပညာရှိမှ ရတာပါ။ ပညာအမြော်အမြင်လိုအပ်တယ်။ ပညာဆိုတဲ့စကားကိုကြည့်လိုက်ရင် ပညာအမြော်အမြင်ဆိုတာ အဓိပ္ပာယ်အရှိဆုံးလို့ပဲ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကို ပညာသင်ပေးတဲ့ ပညာရေးစနစ်တစ်ခုလုံးရဲ့အဓိကဦးတည်ချက်တစ်ခုကတော့ အမြော်အမြင်ရှိဖို့ပဲဖြစ်ပါတယ်။ ပညာသင်ပေးတယ်ဆိုတာဟာ ဘဝမှာ ကိုယ်ကြုံတွေ့ရမယ့် အခြေအနေတွေကို မျှော်မှန်းပြီးတော့ ဒီလိုအခြေအနေတွေ ဖြစ်ပေါ်လာရင် ဘယ်လိုရင်ဆိုင်မလဲ၊ ဘယ်လိုကျော်လွှားမလဲဆိုတာကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပညာအမြော်အမြင်လို့ပြောမှ ပြည့်စုံပါတယ်။ ပညာချည်း သက်သက်ပြောတာဆိုရင် ဒါဟာ အတန်းပညာကိုဆိုလိုတာပဲ ဖြစ်နိုင်ပါတယ်။ ပညာချည်းသက်သက်ဆိုတာ ဘယ်နှတန်းအောင်ပြီးပြီ၊ ဘွဲ့ဘယ်လောက်ရပြီးပြီ အဲဒီလိုဘွဲ့တွေရရုံနဲ့လည်း ကျွန်မတို့ဟာ အမြော်အမြင်ရှိနိုင်တာမဟုတ်ပါဘူး။

"ဒါကြောင့်မို့ ကျွန်မတို့ရဲ့ပညာရေးစနစ်ဟာ ဉာဏ်ပညာ အမြော်အမြင်ရှိစေဖို့၊ ဦးတည်တဲ့စွမ်းရည်ရှိဖို့အများကြီး အရေးကြီးပါတယ်။ ပညာသင်တဲ့နေရာမှာ လူကြီးတွေထက် လူငယ်တွေက အားသာပါတယ်။ လူကြီးတွေက မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းအတွက်၊ မိသားစုအရေးအတွက်၊ အလုပ်တာဝန်တွေအတွက် လုပ်ဖို့ကိုင်ဖို့ တာဝန်ယူဖို့ အချိန်ယူရတဲ့အတွက် ပညာဆည်းပူးတဲ့နေရာမှာ အချိန်ရာနှုန်းပြည့် မပေးနိုင်ပါဘူး။ လူငယ်တွေရဲ့အားသာချက်က ပညာရှာနိုင်တဲ့အချိန် အပြည့်အဝရှိပါတယ်။ လူငယ်တိုင်းမှာရှိလားဆိုတော့ မရှိပါဘူး။ အဲဒါလည်း ကျွန်မတို့ပြုပြင်ပြောင်းလဲရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ ပညာရေးစနစ်၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ မြို့နယ်၊ တောနယ်မရွေး၊ အားလုံးပါဝင်နိုင်တဲ့ ပညာရေးစနစ်တစ်ခုလိုအပ်ပါတယ်။ အားလုံးဟာ သင်ယူနိုင်တဲ့ အခွင့်အရေးကိုပေးတဲ့ ပညာရေးစနစ်မျိုးဖြစ်ဖို့လိုပါတယ်။ ဒါမှသာ လူငယ်များရဲ့အဓိကအားသာချက်ဖြစ်တဲ့ အချိန်ကို လူငယ်များဟာ ပြည့်ပြည့်ဝဝတန်ဖိုးရှိအောင် သုံးနိုင်မှာပါ။ ဒါကတော့ အစိုးရနဲ့ အဓိကဆိုင်သွားတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အစိုးရရဲ့ မူဝါဒတွေအရ ကျွန်မတို့ရဲ့ လူငယ်များအားလုံးဟာ ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးစားရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ခန်းမအတွင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ရေးရာကော်မတီများ၏ ပြခန်းများ၊ လူငယ်နှင့်ခရီးသွားပြခန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတို့အား လိုက်လံကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးစားဖို့ဆိုတဲ့နေရာမှာ ကျွန်မတို့နိုင်ငံ ဘယ်လောက်ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတဲ့အပေါ်မှာလည်း မူတည်ပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာဆိုရင် လူငယ်တွေရဲ့ပညာရေးစနစ်နဲ့ပတ်သက်လို့ ပိုပြီးတော့ ပြည့်ပြည့်စုံစုံ ထောက်ပံ့နိုင်တယ်။ ကူညီနိုင်တယ်။ ဆင်းရဲတဲ့နိုင်ငံတွေမှာဆိုရင် ဒီလောက်ထိလုပ်မပေးနိုင်ဘူး။ ကျွန်မတို့နိုင်ငံကိုလည်း ကျွန်မက ဆင်းရဲတဲ့နိုင်ငံလို့တော့ မဆိုလိုပါဘူး။ သို့သော်လည်း ကျွန်မတို့ဟာ ဖွံ့ဖြိုးမှုမှာ အရှေ့ကိုရောက်နေတဲ့ နိုင်ငံတစ်နိုင်ငံမဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုန်းကန်နေဆဲ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါကြောင့် ပညာရေးစနစ်အတွက် သုံးချင်သလောက်၊ အကုန်အကျခံချင်သလောက်ခံနိုင်တဲ့ အနေအထားမှာ မရှိသေးပါဘူး။ ဒီဟာကို ကျွန်မတို့ ဘယ်လိုကျော်လွှားရမလဲ။ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျော်လွှားရမှာဖြစ်ပါတယ်။

"လူငယ်များကလည်း မိမိတို့ပညာရရှိရေးအတွက် တာဝန်ယူရပါမယ်။ အစိုးရပိုင်းကလည်း အကောင်းဆုံးပညာရေးစနစ်တစ်ခု ထူထောင်ဖို့အတွက်ကို တာဝန်ယူရမယ်။ အားလုံးကဝိုင်းဝန်းပြီး ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်မှ ကျွန်မတို့အောင်မြင်နိုင်မှာပါ။ ဘယ်လောက်ပဲ ပညာရေးစနစ်ကောင်းကောင်း၊ အင်မတန်မှချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကိုကြည့်လိုက်ရင် ပညာရေးဘက်မှာအားသန်တဲ့ လူငယ်တွေရှိသလို အားမသန်တဲ့ လူငယ်တွေရှိပါတယ်။ ဒီဟာက နိုင်ငံအပေါ်မှာချည်းပဲ မူတည်တာမဟုတ်ပါဘူး။ မိသားစုတွေအပေါ်မှာလည်း မူတည်ပါတယ်။ လူငယ်တွေ တစ်ယောက်ချင်းတစ်ယောက်ချင်းအပေါ်မှာလည်း မူတည်ပါတယ်။ ဒါကြောင့် လူငယ်များပါဝင်ပြီး ပညာရေးစနစ်ကို ပြောင်းလဲမယ်ဆိုရင် လူငယ်များက အချိန်ကို မှန်မှန်ကန်ကန်နဲ့ တန်ဖိုးအရှိဆုံးဖြစ်အောင်သုံးဖို့ ဘာတွေလိုအပ်နေသလဲဆိုတာကို ကျွန်မတို့အစိုးရကို တင်ပြစေချင်ပါတယ်။ ဒါတွေကတော့ လူငယ်များရဲ့အမြင်ပါ။ အမြင်ဆိုရာမှာလည်း အမြင်တစ်ခုရှိရုံနဲ့ မှန်သွားတယ်လို့ ဆုံးဖြတ်လို့မရပါဘူး။ အားလုံးက ဆွေးနွေးပြီး တစ်ယောက်နဲ့တစ်ယောက် နှီးနှောဖလှယ်ပြီး အဖြေကိုရှာရမှာဖြစ်ပါတယ်။ ကျွန်မရဲ့အယူအဆက ပညာအမြော်အမြင်ရှိဖို့ဆိုတာဟာ လူတိုင်းလူတိုင်းဟာ တတ်နိုင်သမျှ အဓိပ္ပာယ်ရှိရှိနဲ့ ရှင်သန်ရေးအတွက်ပဲလို့ ဆိုလိုချင်ပါတယ်။ လူတိုင်းလူတိုင်းဟာ ဒီကမ္ဘာကြီးကို ငါပေးဆပ်နိုင်တဲ့ အခြေအနေရှိတယ်ဆိုတဲ့ ယုံကြည်ချက်တစ်ခုတော့ရှိဖို့ လိုအပ်တယ်။ ဒါဟာ ပညာရေးစနစ်မှာ အဓိကတစ်ခုပါပဲ။

**ကမ္ဘာကြီးကိုအကျိုးပြုတဲ့ လူသားတွေဖြစ်**

"ကျွန်မတို့ပညာရေးစနစ်ကိုဖြတ်သန်းသွားတဲ့ နိုင်ငံသူ နိုင်ငံသားအားလုံးဟာ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးရှိတဲ့ ကမ္ဘာကြီးကိုအကျိုးပြုတဲ့ လူသားတွေဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုရှိနိုင်ဖို့အတွက် ကျွန်မတို့လုပ်ပေးဖို့ဟာ အဓိကပဲလို့ထင်ပါတယ်။ တချို့ကလည်း ဒီလိုမျိုးဆိုတာ အင်မတန်မှတော်တဲ့၊ အင်မတန်မှထူးချွန်တဲ့ ပုဂ္ဂိုလ်တွေမှ လုပ်နိုင်တဲ့ကိစ္စလို့ထင်ကြတယ်။ အဲဒီလိုမဟုတ်ပါဘူး။ လူတိုင်းလူတိုင်းဟာ ကိုယ့်နေရာကနေ ဘယ်လောက်မြင့်သည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ တောမှာပဲဖြစ်စေ၊ မြို့မှာပဲဖြစ်စေ၊ ဘယ်လိုနေရာမှာပဲဖြစ်စေ ကိုယ့်ရဲ့ဘဝကို အဓိပ္ပာယ်ရှိရှိနဲ့ ကိုယ့်ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိအောင်နေနိုင်ပါတယ်။ နေချင်တဲ့စိတ်ဓာတ်ရှိရင် နေနိုင်ပါတယ်။ ပထမကတော့ ဒီဆန္ဒရှိဖို့ပါပဲ။ အခုခေတ်မှာက တစ်ယောက်ချင်း တစ်ယောက်ချင်း၊ လူပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့တန်ဖိုးကို မြင့်မြင့်မားမားထားပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းမှာ တန်ဖိုးမရှိဘူးလားဆိုရင် တန်ဖိုးရှိပါတယ်။ သို့သော်ငြားလည်း လူပုဂ္ဂိုလ်တစ်ယောက်ချင်းတစ်ယောက်ချင်းဟာ အများစုရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာလည်း ကျွန်မတို့မေ့လို့မရပါဘူး။ ကျွန်မတို့ဟာ တစ်ယောက်တည်းသာ ရပ်တည်နိုင်တယ်ဆိုရင် ဘဝဟာ ဘယ်လိုအဓိပ္ပာယ်ရှိမလဲ။ ကိုယ်တစ်ဦးတည်း တစ်ယောက်တည်း ရှင်သန်ဖို့ဆိုတာဟာ အဓိပ္ပာယ်ရှိတဲ့ဘဝမဟုတ်ပါဘူး။ အဓိပ္ပာယ်ရှိတဲ့ဘဝလို့ ဆိုချင်တာဟာ ကျွန်မတို့မှာ ကိုယ့်ရဲ့တန်ဖိုးကို အမြင့်မားဆုံးဖြစ်အောင် လုပ်နိုင်ရမယ်။ ကိုယ့်ရဲ့တန်ဖိုးကို အများအတွက် အကျိုးရှိအောင်လည်း သုံးနိုင်ရမယ်။ အဲဒီလိုကျွန်မတို့ လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ပညာရေးဟာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

**ဝိုင်းဝန်းကူညီပေးစေချင်**

"ဒါကြောင့် ကျွန်မတို့ရဲ့ လူငယ်များအနေနဲ့ လက်ရှိပညာရေးစနစ်ကို အများအတွက်ရော၊ ကိုယ့်အတွက်ရော၊ ဘယ်လိုအသုံးပြုရင်အကောင်းဆုံးဖြစ်မလဲဆိုတာကို ဝိုင်းဝန်းကူညီပေးစေချင်ပါတယ်။ ကျွန်မတို့ တကယ်ပဲပြောင်းလဲချင်တဲ့စိတ်ရှိမယ်ဆိုရင် မြန်မြန်ဆန်ဆန် ပြောင်းလဲလို့ရပါတယ်။ ကျွန်မတို့ပညာရေးစနစ်ဘယ်လောက်ရှိလဲဆိုတာ ခန့်မှန်းတဲ့နေရာမှာ ကျွန်မတို့တက္ကသိုလ်တွေရဲ့ ပညာရေးက ဘယ်အဆင့်ရှိလဲဆိုတာကို ကြည့်လိုက်တဲ့အခါမှာ ဒီနှစ်နှစ်ကျော် သုံးနှစ်အတွင်းမှာ တက်လာတယ်။ ကျွန်မတို့တိုးတက်တယ်ဆိုတာမှန်တယ်။ သို့သော်လည်း ကျွန်မတို့ရဲ့ဒေသအတွင်းက တခြားတက္ကသိုလ်တွေရဲ့ တိုးတက်မှုနှုန်းနဲ့စာရင် ကျွန်မတို့ရဲ့တိုးတက်မှုနှုန်းကနှေးတယ်။ ဘာကြောင့်နှေးတယ်ဆိုတာ အဓိကစဉ်းစားရမယ့်ကိစ္စပါ။ ဘယ်ဟာတွေမှာ အားနည်းချက်တွေရှိလဲဆိုတော့ ကျွန်မတို့ဟာ သုတေသနလုပ်တဲ့ဘက်မှာလည်း အားနည်းနေတယ်။ ဘာသာစကားဘက်မှာလည်း အားနည်းနေတယ်။ Website တွေသုံးတဲ့ နေရာမှာလည်း ကျွန်မတို့ရဲ့တက္ကသိုလ်တွေက အားနည်းနေတယ်။ ဒီသုံးခုစလုံးက ဆက်နွယ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သုတေသနလုပ်ဖို့ Website သုံးဖို့ဟာ ဘာသာစကားကျွမ်းကျင်မှုနဲ့လည်း ဆက်နွယ်နေပါတယ်။

စာမျက်နှာ ၄ သို့ »»

**လူငယ်များကလည်း မိမိတို့ပညာရရှိရေးအတွက် တာဝန်ယူရပါမယ်။ အစိုးရပိုင်းကလည်း အကောင်းဆုံးပညာရေးစနစ်တစ်ခု ထူထောင်ဖို့အတွက်ကို တာဝန်ယူရမယ်။ အားလုံးက ဝိုင်းဝန်းပြီး ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်မှ ကျွန်မတို့အောင်မြင်နိုင်မှာပါ။ ဘယ်လောက်ပဲ ပညာရေးစနစ်ကောင်းကောင်း၊ အင်မတန်မှချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကိုကြည့်လိုက်ရင် ပညာရေးဘက်မှာအားသန်တဲ့ လူငယ်တွေရှိသလို အားမသန်တဲ့ လူငယ်တွေရှိပါတယ်။ ဒီဟာက နိုင်ငံအပေါ်မှာချည်းပဲ မူတည်တာမဟုတ်ပါဘူး။ မိသားစုတွေအပေါ်မှာလည်း မူတည်ပါတယ်။ လူငယ်တွေ တစ်ယောက်ချင်းတစ်ယောက်ချင်းအပေါ်မှာလည်း မူတည်ပါတယ်။**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ရေးရာကော်မတီများမှ လူငယ်တာဝန်ခံများ၊ ကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»» စာမျက်နှာ ၃ မှ

အဲဒီတော့ ကျွန်မတို့ဟာ ဘယ်ဘက်မှာ အားနည်းနေတယ်ဆိုတာကို ကျွန်မတို့သိမှ အားနည်းနေတဲ့ကဏ္ဍတွေမှာ ပိုပြီးတော့ တိုးတက်မှုရှိအောင် အားလုံးကြိုးစားနိုင်မှာပါ။ ဒါတွေအတွက် ကျွန်မတို့ရဲ့လူငယ်တွေက ဝိုင်းဝန်းပြီးတော့ အကြံပြုစေချင်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့သင်ရင် ထိရောက်သလဲဆိုတာကို သင်ယူတဲ့လူတွေကသာ ပြောနိုင်မှာပါ။ သင်ပေးတဲ့လူတွေကလည်း ဘယ်လိုနည်းနဲ့သင်ရင် ထိရောက်မှုရှိသလဲဆိုတာကို အသိဆုံးဖြစ်ပါတယ်။

**ဝိုင်းဝန်းတိုင်ပင်ညှိနှိုင်း**

“ဒါကြောင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး ဝိုင်းဝန်းပြီးတော့ တိုင်ပင်ညှိနှိုင်းကြရင် ကျွန်မတို့နိုင်ငံ ဘယ်လိုမြန်မြန်တိုးတက်နိုင်မလဲဆိုတာကို သိလာနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့နေရာမှာ နောက်ကျနေတယ်ဆိုပေမယ့်လည်း ကျွန်မတို့ရဲ့ လူမှုရေးစနစ်အရ၊ ယဉ်ကျေးမှုအရ ပညာနဲ့ပတ်သက်ရင် လူတန်းစားနဲ့သိပ်ပြီးတော့ မဆိုင်ပါဘူး။ အထက်တန်းလွှာတွေမှ ပညာတတ်တယ်ဆိုတာဟာ ကျွန်မတို့နိုင်ငံရဲ့ လူမှုရေး၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာထဲမှာမပါပါဘူး။ ကျွန်မတို့နိုင်ငံမှာ ပညာတတ်တွေအားလုံးဟာ အားလုံးအထက်တန်းလွှာက လာတယ်ဆိုတဲ့ လူမှုရေးစံနှုန်း၊ စံထားဟာ မရှိသေးပါဘူး။ နောင်လည်း မဖြစ်စေချင်ပါဘူး။ ဘယ်အလွှာကပဲလာလာ ပညာရှာချင်တဲ့သူတွေ ပညာရှာလို့ရနိုင်တဲ့ ပညာရေးစနစ်တစ်ခုကို ကျွန်မတို့ထူထောင်နိုင်ဖို့ လိုအပ်ပါတယ်။ အခုဆိုရင် ပုဂ္ဂလိကကျောင်းတွေရှိတယ်၊ အစိုးရကျောင်းတွေရှိတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မတို့ရဲ့အစိုးရကျောင်းတွေကို အများကြီးတိုးတက်စေချင်တယ်။ ပိုက်ဆံရှိတဲ့မိဘများဟာ သူတို့ရဲ့သားသမီးတွေကို ပုဂ္ဂလိကကျောင်းတွေကို လွှတ်တယ်ဆိုတဲ့ အစဉ်အလာကို ကျွန်မ အားမပေးချင်ပါဘူး။

“ပုဂ္ဂလိကကျောင်းတွေကသာ အကောင်းဆုံး ပညာရေးစနစ်ကို ပေးနိုင်တယ်ဆိုတဲ့ အမြင်တွေ မြင်ပြီးတော့ မိဘတွေက သားသမီးတွေကို အဲဒီကျောင်းတွေကိုပဲ လွှတ်ချင်တယ်။ ဒါပေမယ့် ကမ္ဘာကြီးကို ကြည့်လိုက်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့ တချို့နိုင်ငံတွေမှာဆိုရင် ချမ်းသာသူများ၊ တတ်နိုင်တဲ့သူများက မိမိတို့ရဲ့ သားသမီးများကို ပုဂ္ဂလိကကျောင်းတွေကို လွှတ်တယ်။ တချို့နိုင်ငံတွေမှာတော့ ဒီလိုမဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်မှုက အတူတူပါပဲ။ အစိုးရက ထူထောင်ထားတဲ့ ကျောင်းတွေဟာ ပုဂ္ဂလိကကျောင်းတွေနဲ့တန်းတူပါပဲ။ ပိုတောင်မှကောင်းတယ်လို့လည်း ပြောလို့ရပါတယ်။ အဲဒီလိုစနစ်မျိုး ကျွန်မတို့နိုင်ငံမှာ ထူထောင်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားများဟာ ဆင်းရဲချမ်းသာမရွေး တောနေမြို့နေမရွေး အားလုံးဟာ အကောင်းဆုံး ပညာရေးစနစ်ကို ရရှိနိုင်တဲ့၊ ပညာရေးစနစ်ရဲ့အကျိုးကို ရရှိနိုင်တဲ့ နိုင်ငံမျိုးဖြစ်စေချင်ပါတယ်။ အဲဒါအတွက်လည်း ဒီနေ့လိုမျိုး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့မှာ ဆွေးနွေးတဲ့အခါ ထည့်သွင်းဆွေးနွေးပြီး အကြံဉာဏ်တွေပေးစေချင်ပါတယ်။

**ယဉ်ကျေးမှုအစဉ်အလာတွေ တန်ဖိုးထား**

“ကျွန်မတို့ရဲ့အစိုးရကျောင်းတွေ ခိုင်မာလာအောင်၊ ပိုပြီးတော့ တိုးတက်လာအောင်၊ ပိုပြီးတော့ ပညာရေးစနစ်ကို အားပေးနိုင်အောင် ဘယ်လိုလုပ်မလဲ၊ ဒီနှစ်နှစ် သုံးနှစ်အတွင်းမှာ အပြောင်းအလဲတွေ တော်တော်များများရှိတယ်ဆိုတာကို တချို့လည်း သတိပြုမိမယ်လို့ထင်ပါတယ်။ နှစ်နှစ်ဆိုတဲ့ကာလဟာ မများပါဘူး။ နှစ်နှစ်အတွင်းမှာ သိသိသာသာ အပြောင်းအလဲတွေဖြစ်အောင် ကျွန်မတို့ လုပ်နိုင်တယ်ဆိုရင် မှန်မှန်ကန်ကန်မူဝါဒတွေ ချလိုက်ပြီဆိုရင် ကျွန်မတို့ အများကြီးတိုးတက်နိုင်မယ်လို့ ယူဆပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးတိုးတက်ရေးလုပ်တဲ့နေရာမှာ ကမ္ဘာကြီးနဲ့လည်း အံဝင်ခွင်ကျဖြစ်အောင် လုပ်ဖို့လိုပါတယ်။ တစ်ကမ္ဘာလုံးသွားနေတဲ့ လမ်းကြောင်းနဲ့ ကျွန်မတို့ဟာ ဖီလာဆန့်ကျင်ပြီး သွားလို့မရပါဘူး။ ကမ္ဘာကြီးတိုးတက်သလို ကျွန်မတို့လည်း တိုးတက်ရမှာပါ။ ဒါပေမယ့်လည်း ကျွန်မတို့ကောင်းတဲ့ ယဉ်ကျေးမှုအစဉ်အလာတွေ၊ ယဉ်ကျေးမှုအပေါ်တန်ဖိုးထားမှုတွေကိုတော့ မပျောက်ကွယ်သွားစေချင်ပါဘူး။ လူငယ်တွေ သတိပြုစေချင်ပါတယ်။ လူငယ်တွေဆိုတာ တခြားသူတွေလုပ်တာကိုကြည့်ပြီး အားကျချင်တဲ့စိတ်တွေရှိတယ်၊ အတုခိုးချင်တဲ့စိတ်တွေရှိတယ်။ အဲဒီဟာတွေကို သေသေချာချာဆင်ခြင်ပါ။ ပညာဆိုတာ ကိုယ်တိုင်ဆင်ခြင်သုံးသပ်နိုင်တဲ့ အရည်အချင်းဖြစ်ပါတယ်။ တခြားသူတွေလုပ်လို့ လိုက်လုပ်တဲ့စိတ်မျိုးမဟုတ်ဘူး။ သူများမိုးခါးရေသောက်လို့ သောက်တဲ့ စိတ်ဆိုတာ ပညာရှိရဲ့စိတ်မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်အတွက်၊ ပတ်ဝန်းကျင်အများစုအတွက်ရော ဘယ်လိုအကျိုးရှိလဲဆိုတာကို ဆင်ခြင်သုံးသပ်နိုင်တဲ့ အရည်အချင်းတွေကို ကျွန်မတို့ လူငယ်တွေကိုပေးချင်ပါတယ်။

“ဒီအရည်အချင်းတွေဟာ နောင်အနာဂတ်အတွက် တီထွင်ပြောင်းလဲနိုင်တဲ့ စွမ်းအားရော၊ အတိတ်တုန်းက ကျန်ရစ်ခဲ့တဲ့အခြေအနေတွေကို ပြောင်းလဲနိုင်တဲ့ အရည်အချင်းတွေရော အားလုံးပြည့်စုံလာမှာဖြစ်ပါတယ်။ ပညာဆိုတာ တစ်ယောက်တည်းအတွက် မဟုတ်ဘူးဆိုတာ အားလုံးသိစေချင်ပါတယ်။ တချို့က ပညာဆိုတာ တစ်ယောက်တည်းအတွက် ထင်ပါတယ်။ အထူးသဖြင့် အမှတ်နဲ့ပတ်သက်လို့ အပြိုင်အဆိုင်များတဲ့ ပညာရေးစနစ်ကြောင့်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ အမှတ်အများဆုံးလူက အတော်ဆုံးဆိုတဲ့ အမြင်ရှိတဲ့အခါ ပြိုင်ပြီးတော့ ဘယ်သူက အမှတ်အများဆုံးရမလဲဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်တဲ့အခါ ပညာသင်ခြင်းရဲ့ တခြားတန်ဖိုးတွေကို မေ့သွားတတ်ပါတယ်။ ပညာသင်တယ်ဆိုတာ အမှတ်များများရအောင် လုပ်တာပဲလို့ထင်လာကြပါတယ်။ အဲဒီလိုစိတ်တွေကို ပြောင်းဖို့လိုပါတယ်။ ပြောင်းနိုင်ဖို့အတွက် ဆရာသမားတွေနဲ့ ကျောင်းသား ကျောင်းသူတွေဆီမှာပဲ တာဝန်ရှိတာမဟုတ်ပါဘူး။ အရေးကြီးတာက မိဘများမှာလည်း တာဝန်ရှိပါတယ်။ တစ်ခါတလေ မိဘများကိုက ဖိအားပေးပါတယ်။ ဒီလိုဖိအားပေးတယ်ဆိုတာ ကလေးတွေအတွက် ကောင်းတဲ့ကိစ္စမဟုတ်ပါဘူး။ အကောင်းဆုံးဖြစ်အောင်လုပ်ဖို့၊ ပညာကိုစိတ်ဝင်စားစွာသင်ယူဖို့၊ ပညာကို မှန်မှန်ကန်ကန်သုံးနိုင်ဖို့၊ အဲဒီဟာတွေကို အားပေးဖို့လိုပါတယ်။ ကျွန်မတို့ တဖြည်းဖြည်း အမှတ်ကိုအဓိကထားတဲ့စနစ်ကို ပြောင်းချင်ပါတယ်။ အမှတ်ကို အားကိုးတယ်ဆိုတာ လူငယ်များရဲ့တခြားအရည်အချင်းတွေကို ဖုံးလွှမ်းသွားနိုင်ပါတယ်။ အမှတ်ရတယ်ဆိုတာ အရင်စနစ်အရဆိုရင် အလွတ်များများကျက်နိုင်တဲ့သူက အမှတ်များများရတယ်။ အလွတ်ကျက်နေတာနဲ့ပဲ သင်ယူထားတဲ့ အချက်အလက်တွေ၊ သင်ယူထားတဲ့အနက်အဓိပ္ပာယ်ကို ခြုံငုံမိရဲ့လားလို့ စဉ်းစားစရာဖြစ်လာပါတယ်။

**လူငယ်များအနေနဲ့ လက်ရှိပညာရေးစနစ်ကို အများအတွက်ရော၊ ကိုယ့်အတွက်ရော ဘယ်လိုအသုံးပြုရင် အကောင်းဆုံးဖြစ်မလဲဆိုတာကို ဝိုင်းဝန်းကူညီပေးစေချင်ပါတယ်။ ကျွန်မတို့ တကယ်ပဲ ပြောင်းလဲချင်တဲ့စိတ်ရှိမယ်ဆိုရင် မြန်မြန်ဆန်ဆန် ပြောင်းလဲလို့ရပါတယ်။ ကျွန်မတို့ ပညာရေးစနစ် ဘယ်လောက်ရှိလဲဆိုတာ ခန့်မှန်းတဲ့နေရာမှာ ကျွန်မတို့တက္ကသိုလ်တွေရဲ့ပညာရေးက ဘယ်အဆင့်ရှိလဲဆိုတာကို ကြည့်လိုက်တဲ့အခါမှာ ဒီနှစ်နှစ်ကျော် သုံးနှစ်အတွင်းမှာ တက်လာတယ်။ ကျွန်မတို့ တိုးတက်တယ်ဆိုတာမှန်တယ်။ သို့သော်လည်း ကျွန်မတို့ရဲ့ဒေသအတွင်းက တခြားတက္ကသိုလ်တွေရဲ့ တိုးတက်မှုနှုန်းနဲ့စာရင် ကျွန်မတို့ရဲ့တိုးတက်မှုနှုန်းက နှေးတယ်။**

“လူငယ်များအားလုံးပါဝင်ပြီး ပညာရေးစနစ်ပြုပြင်ပြောင်းလဲဖို့ လုပ်တဲ့နေရာမှ လူငယ်တွေက ကိုယ့်ကိုယ်ကိုယ်ကစပြီး ပြုပြင်ပြောင်းလဲရပါလိမ့်မယ်၊ ကိုယ့်ကိုယ်ကိုယ်မပြုပြင်၊ မပြောင်းလဲဘဲနဲ့ တခြားကိစ္စတွေကို ပြုပြင်ပြောင်းလဲလို့မရပါဘူး။ ပညာရေးစနစ်အတွက် အဓိကတာဝန်ယူထားတဲ့ အစိုးရဘက်ကလည်း ပြုပြင်ပြောင်းလဲရပါလိမ့်မယ်။ အစိုးရပညာရေးဌာနကလည်း အားလုံးဝိုင်းပြီးတော့ ပြုပြင်ပြောင်းလဲသင့်တဲ့နေရာမှာ ပြုပြင် ပြောင်းလဲရမှာဖြစ်ပါတယ်။

**မျိုးဆက်တစ်ခုနှင့်တစ်ခု ပြောင်းလဲ**

“လူငယ်များဟာ မျိုးဆက်တစ်ခုနှင့်တစ်ခု ပြောင်းလဲသွားကြတာပဲဖြစ်ပါတယ်။ လူငယ်တွေက အမြဲလူငယ်ဖြစ်မှာ မဟုတ်ဘူးဆိုတာကို အသိပေးပါရစေ။ လူငယ်ဆိုတာ အချိန်အတိုင်းအတာတစ်ခုပဲ လူငယ်ဖြစ်မှာပါ။ နောင်တစ်ချိန်မှာ ကျွန်တော်တို့ ကျွန်မတို့ဟာ လူကြီးတွေဖြစ်လာမယ်ဆိုတာကို မမေ့ကြပါနဲ့။ ဒါကိုအမြဲသတိထားပါ။

“မှန်ကန်တဲ့လမ်းဆိုတာ ကိုယ့်အတွက်လည်းဖြစ်ရမယ်၊ အများအတွက်လည်းဖြစ်ရမယ်။ အခုအချိန်မှာ ကျွန်မတို့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံအတွက်လည်းဖြစ်ရမယ်၊ အခုအချိန်မှာဆိုရင် ကျွန်မတို့နိုင်ငံက ပြောင်းလဲတဲ့ရာသီဥတုဒဏ်ကြောင့် နိုင်ငံသူနိုင်ငံသားတွေလည်း ဒုက္ခရောက်တယ်၊ အစိုးရကလည်း ရှိတဲ့အစွမ်းအစတွေနဲ့ ပြည်သူပြည်သားတွေရဲ့လုံခြုံရေး၊ ပြန်လည်ထူထောင်ရေးတွေကို လုပ်နေတဲ့အတွက် အားလုံးကဝိုင်းပြီးပါစေချင်ပါတယ်။ ကိုယ်မတတ်နိုင်တဲ့ပြောင်းလဲခြင်းရဲ့ အကျိုးဆက်တွေ ကိုယ်ဘယ်လိုပြောင်းလဲကိုင်တွယ်မလဲဆိုတာ အားလုံးကဝိုင်းပြီး စဉ်းစားပေးနိုင်တဲ့ ပညာတွေ၊ မိမိတို့နိုင်ငံနဲ့ လူ့အသိုင်းအဝိုင်းမှာ ပွားများစေချင်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာကော်မတီများမှ လူငယ်တာဝန်ခံများ၊ ကော်မတီဝင်များနှင့်လည်းကောင်း၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အဖြစ် ခန်းမအတွင်း ပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ရေးရာကော်မတီများ၏ ပြခန်းများ၊ လူငယ်နှင့် ခရီးသွားပြခန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတို့အား လိုက်လံကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့ရတိုင်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်းရှိ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို အစဉ်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အဖွဲ့အစည်းများအနေဖြင့်လည်း သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ အကူအညီပေးသည့်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ယခုကဲ့သို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

**ဆန်အိတ် ၂၂၅၀ ကို ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယသမ္မတထံ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၂၅၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ငွေကျပ် သိန်း ၂၀၀ နှင့် ခတ်မြေဩဇာအိတ် ၃၇၀ ကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က လက်ခံရယူသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မွန်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျိုက်မရောမြို့ ရသေ့ကျောင်းတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိရာ ကယ်ဆယ်ရေးစခန်းတွင် ဒုတိယသမ္မတအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျိုက်မရောမြို့နယ်အတွင်း နှစ်စဉ်ရေကြီးမှုအခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ထောက်ပံ့ထားရှိမှုအခြေအနေနှင့် ရေကြီးမှုအန္တရာယ်မှ လျှော့ချနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။

**တွေ့ဆုံအားပေး**

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျိုက်မရောမြို့ရှိ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၊ ကျိုက်မရောမြို့ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။

ကျိုက်မရောမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေ၊ ချောင်းရေကြီးမြင့်မှုကြောင့် ကျေးရွာ ၂၆ ရွာတွင် အိမ်ခြေ ၇၇၀၆ လုံး ရေကြီးနစ်မြုပ်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငါးသေတ္တာနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးထားကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ ကျိုက်မရောမြို့အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**ရှာဖွေကယ်ဆယ်**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပုံရိပ်ဖမ်းစက်ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဒရုန်းယာဉ်ဖြင့် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် တောင်ပေါ်တွင် ခတ်ပုံရိုက်ကူးထားပြီး မြေသားအက်ကြောင်းများရှိနေမှုအခြေအနေကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဌာနတွင်းရှိ ဘူမိဗေဒပညာရှင်များဖြင့် မြေပြိုကျသည့်နေရာတွင် မြေသားနမူနာများ စမ်းသပ်ခြင်း၊ နောင်တွင် ယခုကဲ့သို့ မြေပြိုကျမှုထပ်မံဖြစ်ပွားမှုမရှိစေရန် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဦးစားပေးဆောင်ရွက်ရန် မှာကြား**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ယခုဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နောင်ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ မြေပြိုကျမှုဖြစ်ပွားခဲ့သည့်နေရာတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် လူဦးရေအင်အား ၅၀၀ ကျော်ခန့်သည် စက်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘီးလင်းမြို့တွင် နှစ်စဉ်ရေကြီးနစ်မြုပ်သည့် လူနေအိမ်များအား ပြောင်းရွှေ့နေရာချထားရန် စီစဉ်လျာထားသည့် ဘီးလင်းမြို့နယ်ရှိ ဘုရင့်နောင်မြို့ကွက်သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက မြို့ကွက်သစ်ဖော်ဆောင်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အရေးပေါ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ **စာမျက်နှာ ၆ သို့❖**

**နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်ပမာဏ ပြောင်းလဲမှုမရှိသော်လည်း မိုးရွာသွန်းချိန်ကာလတိုတောင်းမည်ဖြစ်၍ ရုတ်တရက် ရေကြီးရေလျှံမှုများ ကြုံတွေ့ရနိုင်သဖြင့် ဆည်တမံများ၏ ကြံ့ခိုင်ရေးကို ယခင်ထက်ပိုမိုဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ ဆည်များသို့ ရေဝင်ရောက်မှုအပိုင်းတွင် ယခင်နှစ်ကာလတူထက် ယခုနှစ်တွင် များစွာလျော့နည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဆည်ရေကို အလေအလွင့်မရှိဘဲ ထိရောက်အကျိုးရှိစွာ စနစ်တကျအသုံးပြုရန်လိုအပ်**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြေပြိုကျမှုဖြစ်ပွားခဲ့သည့် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာတွင် စက်ယန္တရားများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၅ မှ

အစည်းအဝေးတွင် ဒုတိယသမ္မတက ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို ကမ္ဘာ့အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ခံစားနေရပါကြောင်း၊ မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ မုတ်သုံအဝင် နောက်ကျ၍ အထွက်စောမည်ဟု သိရပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်ပမာဏ ပြောင်းလဲမှုမရှိသော်လည်း မိုးရွာသွန်းချိန်ကာလ တိုတောင်းမည်ဖြစ်၍ ရုတ်တရက် ရေကြီးရေလျှံမှုများ ကြုံတွေ့ရနိုင်သဖြင့် ဆည်တမံများ၏ ကြံ့ခိုင်ရေးကို ယခင်ထက်ပိုမို ဂရုစိုက်ရန်လိုအပ်ပါကြောင်း၊ ဆည်များသို့ ရေဝင်ရောက်မှုအပိုင်းတွင် ယခင်နှစ်ကာလတူထက် ယခုနှစ်တွင်များစွာ လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဆည်ရေကို အလေအလွင့်မရှိဘဲ ထိရောက်အကျိုးရှိစွာ စနစ်တကျ အသုံးပြုရန်လိုအပ်ပါကြောင်း၊ ဆည်မြောင်းဆိုင်ရာဝန်ထမ်းများသာမက ရေကိုအသုံးပြုနေသည့် တောင်သူများပါ သိရှိလိုက်နာစေရေး ပညာပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရာသီဥတုပြုပြင်ပြောင်းလဲမှုဒဏ်ကို အကာအကွယ်ပေးနိုင်မည့် သစ်ပင်သစ်တောများ မပြုန်းတီးစေရေး ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ သစ်ပင်စိုက်ပျိုးမှုကို စီမံချက်ချမှတ် အလေးထားဆောင်ရွက်သွားကြစေလိုပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အရေးပေါ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

မိမိဒေသအတွင်း သဘာဝဘေးဖြစ်နိုင်ခြေရှိသည့် နေရာများတွင် အထူးဂရုစိုက်၍ ကြိုတင်ကာကွယ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်သွားရန်လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ဆန်စပါးအများဆုံး စိုက်ပျိုးသည့်ဒေသတွင် ပါဝင်သဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လာပါက လိုအပ်သည့် မျိုးစပါး လုံလောက်စွာထောက်ပံ့ပေးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်နှင့် အခြားလိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သဘာဝဘေးများဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် မှန်ကန်သည့် စာရင်းဇယားများ အချိန်မီရရှိရေးသည်လည်း အလွန်အရေးကြီးသဖြင့် မှန်ကန်သည့်စာရင်းအင်းများ အချိန်မီရရှိရေးကို အောက်ခြေအဆင့်မှစ၍ အလေးထားဆောင်ရွက်ကြရန်နှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အကောင်းဆုံးကို မျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ရင်ဆိုင်တုံ့ပြန်နိုင်ရေး ပြင်ဆင်ထားရှိရန် မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ရုပ်သံဇာတ်လမ်းတွဲ ခန်းဆောင်နီအိပ်မက် (၁၉၈၇) မြန်မာဘာသာဖြင့် အသံထပ်၍ စတင်ပြသခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)တို့ ပူးပေါင်းဆောင်ရွက်သည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်သော ခန်းဆောင်နီအိပ်မက် (၁၉၈၇) မြန်မာဘာသာဖြင့် အသံထပ်၍ စတင်ပြသခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) စတူဒီယိုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာချန်းဟိုင်၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ၏ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် မစ္စတာဟွမ်ယူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကမ္ဘာတည်သရွေ့ တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

### နည်းပညာနှင့် အတွေ့အကြုံ အပြန်အလှန်ဖလှယ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်သံဇာတ်လမ်းတွဲအဖြစ် တရုတ်နိုင်ငံတွင် ကျော်ကြားသည့် ဤဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အသံသရုပ်ဆောင် ၁၅ ဦး၊ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားမှ အသံသွင်းအင်ဂျင်နီယာများနှင့် စကားပြန်တို့ ပူးပေါင်းပါဝင်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ဘာသာပြန် အသံသွင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံရုပ်သံဌာန ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နည်းပညာနှင့် အတွေ့အကြုံအပြန်အလှန်ဖလှယ်နိုင်ကြပြီး မြန်မာ့ရုပ်မြင်သံကြားအတွက်လည်း တရုတ်ရုပ်သံဇာတ်လမ်းတွဲများ ထုတ်လွှင့်ပြသခြင်းဖြင့် အစီအစဉ်များ ပိုမိုစုံလင်လာမည်ဖြစ်ပါကြောင်း၊ ယခုဇာတ်လမ်းတွဲကို မြန်မာပရိသတ်များ နှစ်ခြိုက်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်က ခန်းဆောင်နီအိပ်မက်ရုပ်သံဇာတ်လမ်းတွဲကို ယခုလို မြန်မာဘာသာနောက်ခံစကားပြောဖြင့် ထုတ်လွှင့်ပြသခြင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှုကို သက်ဝင်လှုပ်ရှားစေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြသရာရောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါတီကော်မတီ၏ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် မစ္စတာဟွမ်ယူက မြန်မာအသံထပ် ခန်းဆောင်နီအိပ်မက် ရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်ပြသခြင်းဖြင့် မြန်မာပြည်သူများအတွက် တရုတ်စာပေယဉ်ကျေးမှု၊ လူနေမှုဘဝကို ပိုမိုသိရှိပြီး တရုတ် - မြန်မာ နှစ်နိုင်ငံပြည်သူများအကြား သိရှိနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။



### အသံသရုပ်ဆောင်များကို မိတ်ဆက်

ထို့နောက် ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းတွဲအသံသွင်းလုပ်ငန်းစဉ်များအား ရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းကိုပြသပြီး ဇာတ်လမ်းတွဲတွင် အသံဖြင့် ပါဝင်သရုပ်ဆောင်ထားကြသည့် MRTV မှ အသံသရုပ်ဆောင်များကို မိတ်ဆက်ပေးသည်။

ယင်းနောက် ခန်းဆောင်နီအိပ်မက်ဇာတ်လမ်းတွဲ စတင်ပြသခြင်းအခမ်းအနား LED Screen ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တရုတ်နိုင်ငံသံအမတ်ကြီး၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ၏ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်းရှီးအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်ဝင်ခန်းတချို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တရုတ်သံအမတ်ကြီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဘာသာပြန် အသံထပ်လုပ်ငန်းဆောင်ရွက်နေသည့် ရုံးခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

### ၁၈ ရာစု တရုတ်ဂန္ထဝင်ဝတ္ထုကြီးကို အခြေခံ

ခန်းဆောင်နီအိပ်မက်ဇာတ်လမ်းမှာ တရုတ်ပြည် ချင်မင်းဆက် ကျိန်းလုံးမင်းလက်ထက်(၁၇၆၅ ခုနှစ်)တွင် တရုတ်စာရေးဆရာကြီး ဆောင်ဇူချင်းရေးသားခဲ့သော ထင်ရှားသည့် ၁၈ ရာစု တရုတ်ဂန္ထဝင်ဝတ္ထုကြီးကို အခြေခံ၍ ပဒေသရာဇ်စနစ်၏ အုပ်ချုပ်သူနှင့် ပြည်သူတို့၏ဘဝကိုအခြေခံပြီး သရုပ်ဖော်ရိုက်ကူးထားသော ဇာတ်လမ်းတွဲတစ်ခုဖြစ်သည်။

တရုတ်ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် ခန်းဆောင်နီအိပ်မက်(၁၉၈၇)တွင် အပိုင်း ၃၀ ကျော်ပါဝင်ပြီး မြန်မာဘာသာနောက်ခံစကားပြောဖြင့် ခန်းဆောင်နီအိပ်မက်ဇာတ်လမ်းတွဲကို ယနေ့မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တနင်္လာနေ့နှင့် အင်္ဂါနေ့ နေ့ ည ၇ နာရီ သတင်းအပြီးတွင် ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်း ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ အမှတ် (၅၄၅/၅၄၇) ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၌ အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်း Smt. Sushma Swaraj ကွယ်လွန်သွားသည့်အတွက် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်းသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန်ချိန်တွင် အသက် ၆၇ နှစ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေး

**ပွင့်ဖြူ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်တင့် ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူ ၂၄၉ ဦးကို သစ္စာစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ၂၀၁၉ ခုနှစ် သီးခြားရာထူးတိုး / ပြောင်းဆောင်ရွက်မည့်တက္ကသိုလ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၂**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၁၉ ခုနှစ် သီးခြားရာထူးတိုး/ပြောင်း ဆောင်ရွက်မည့် တက္ကသိုလ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ယနေ့ဆွေးနွေးသည့် Performance သည် သီးခြားတက္ကသိုလ် ၁၆ ခုတို့အတွက် ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ အာဆီယံတွင် တက္ကသိုလ်များက World Ranking အတွက် ပြိုင်ဆိုင်မှုပို၍ ပြင်းထန်လာသည်ကို တွေ့ရသဖြင့် Autonomous University ဦးတည်ရေးအားပေးရန် အရေးကြီးပါကြောင်း၊ Autonomous University အတွက် ဦးတည်ထားပြီး အားကောင်းရန်လုပ်ဆောင်ခြင်းဖြစ်သည့်အတွက် အရည်အချင်းရှိသည့် ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်ရေး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ Performance သည် Research အဓိကဖြစ်သည့်အတွက် သုတေသနများပြုလုပ်ရာတွင် ဘာသာရပ်၊ ဒေသ၊ နိုင်ငံကို အကျိုးပြုစေမည့် အသုံးချသုတေသနစာတမ်းများကို publication ပါ ပြုလုပ်ပြီးစာသင်ခန်းထဲတွင် ကျောင်းသား ကျောင်းသူများအား မိမိရရှိလာသည့် အတွေ့အကြုံများကို ပြန်လည်သင်ကြားသင်ယူလေ့ကျင့်ကြီးကြပ်ပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ် ၁၆ ခုကို နိုင်ငံတော်၏ ဂုဏ်ဆောင်တက္ကသိုလ်များဖြစ်ရန် အားပေးခြင်းဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်သူများသည် သုတေသနစွမ်းဆောင်ရည်မြင့်မားသည့် အရည်အချင်းများရှိရန်အရေးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (National Education Strategic Plan-NESP) (၂၀၁၆-၂၀၂၁) ကိုရေးဆွဲပြီး ဆောင်ရွက်ခဲ့ရာ လေးနှစ်တိုင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်သည့် အဆင့်မြင့်ပညာရေးဖြစ်လာစေရန် ပညာရေးပြုပြင်ပြောင်းလဲရာတွင် အခြေခံမှစ၍ အဓိကထားဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အခြေခံပညာပြုပြင်ပြောင်းလဲမှုပြီးစီးမည်ဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်သည့် အဆင့်မြင့်ပညာရေးဖြစ်လာစေရန်၊ တက္ကသိုလ်၏ အရည်အသွေးမြင့်မားရန် Performance သည် အရေးကြီးပါကြောင်း၊ သုံးနှစ်အတွင်း တက္ကသိုလ်အဆင့်မြင့်လာခြင်းသည် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမ အားလုံးတို့၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသည် သီးခြားရာထူးတိုး/ပြောင်း ဆောင်ရွက်မည့် တက္ကသိုလ်များအတွက် ဝန်ထမ်းရေးရာမူဝါဒများသည် တစ်ဦးတစ်ယောက်ကို အခြေပြု၍စဉ်းစားချမှတ်ထားခြင်းမဟုတ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် လျာထားသည့်မူဝါဒများကို အကောင်းဆုံးနှင့် အသင့်တော်ဆုံး ဝိုင်းဝန်းပူးပေါင်းပြီး ဆွေးနွေးပေးစေလိုပါကြောင်း၊ ယခုဆောင်ရွက်သည့်မူဝါဒများသည် နောင်တွင်ဖြစ်လာမည့် တက္ကသိုလ်များ၏ အောင်မြင်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ၂၀၁၉ ခုနှစ် သီးခြားရာထူး တိုး/ပြောင်းရေးဆွဲရေးမှုသည် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် လေးကြိမ်မြောက်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပုဂ္ဂလိကအမြင်ဖြင့် မူဝါဒများကို မရေးဆွဲဘဲ system တစ်ခုလုံးကိုကိုယ်စားပြုပြီး ရေးဆွဲကြရန်နှင့် အထက်မြန်မာပြည် ရှစ်ကျောင်းနှင့် အောက်မြန်မာပြည် ရှစ်ကျောင်းအတွက် သီးခြားရာထူးတိုး/ပြောင်းဆောင်ရွက်မည့်မှုကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၁၉ ခုနှစ် သီးခြားရာထူးတိုး/ ပြောင်းဆောင်ရွက်မည့် တက္ကသိုလ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)၏ နှစ်ပတ်လည်အစည်းအဝေး (၂၀၁၉) ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို) နှစ်ပတ်လည် အစည်းအဝေး (၂၀၁၉) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)ရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟိုစည်းမျဉ်းနှင့် ကျင့်ဝတ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို) မှ ဥက္ကဋ္ဌ ဦးမြတ်ခိုင်က အဖွင့်အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာမင်းက အစည်းအဝေးကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို)မှ အထွေထွေအတွင်းရေးမှူး ဦးသာဇော်က အသင်း၏ နှစ်ပတ်လည် အစီရင်ခံစာအကြောင်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါ်အိအိတင်က နိုင်ငံတကာဆက်ဆံရေးအခြေအနေကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးဇေယျာမြတ်ခိုင်က အသင်း၏ အထူးကိစ္စရပ်များကိုလည်းကောင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်အေးမွန်က ဘဏ္ဍာရေးအစီရင်ခံစာကိုလည်းကောင်း၊ စည်းရုံးရေးမှူး ဦးသိန်းလှိုင်က စည်းရုံးရေးအစီရင်ခံစာကိုလည်းကောင်း၊ ပြန်ကြားရေးမှူး ဦးဘဦးက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဥက္ကဋ္ဌ/ကိုယ်စားလှယ်များက စည်းရုံးရေးအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများနှင့် အကြံပြုချက်အစီရင်ခံစာများကို တင်သွင်းဖတ်ကြားကြသည်။




ထို့နောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို) အထွေထွေအတွင်းရေးမှူး ဦးသာဇော်က မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို) အရန်ကော်မတီအင်အားဖြည့်တင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေးတွင် တင်ပြခဲ့သည့် ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးမြတ်ခိုင်က "ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံအရ နှစ်ပတ်လည်အစည်းအဝေးကျင်းပရခြင်းဖြစ်ပါတယ်။ ဒီညီလာခံမှာ ထူးခြားတာကတော့ နောက်သက်တမ်းမှာ အရွေးခံမယ့်သူတွေကို လေ့လာသူအဖြစ်နဲ့ ထည့်ပေးထားပါတယ်။ ပဲခူးတို့ ကချင်တို့ဆိုရင် ဖွဲ့စည်းပုံမှာ ပြဿနာအချို့ရှိတယ်။ သူတို့ကို လေ့လာသူအဖြစ်နဲ့ဖိတ်ထားတာရှိပါတယ်။ MJA ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၁ ရက်မှာ စတင်ဖွဲ့စည်းခဲ့တာပါ။ သက်တမ်း ခုနစ်နှစ်ရှိသွားပါပြီ" ဟု ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို)၏ တတိယအကြိမ် နှစ်လယ်ညီလာခံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဗဟိုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**




## ကမ်းပါးပြိုကျမှုအန္တရာယ်တားဆီးရေး ထီးလင်း၌ ဗာတီဗာမြက်ပျိုးပင်များ ပြုစုပျိုးထောင်

**ထီးလင်း ဩဂုတ် ၁၂**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် သစ်တောဦးစီးဌာနက ကမ်းပါးပြိုကျမှုအန္တရာယ်တားဆီးရေး ဗာတီဗာမြက်ပျိုးပင်များ ပြုစုပျိုးထောင်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဗာတီဗာမြက် ပြုစုပျိုးထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ ချောင်းကမ်းပါးတွေ၊ တောင်စောင်း၊ တောင်ကမ်းပါးလိုနေရာမျိုးတွေမှာ မြေပြိုတဲ့အန္တရာယ်တားဆီးကာကွယ်စိုက်ပျိုးဖို့ ရည်ရွယ်ပျိုးထောင်တာပါ" ဟု မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ပျိုးထောင်ထားရာတွင် တစ်ကျင်းလျှင် ပျိုးပင် ၅၀၀ နှုန်းဖြင့် ပျိုးပင်ပေါင်း ၂၀၀၀ ပျိုးထားကာ ယခုနှစ်အတွင်းမှာ အချိန်မမီပါကလည်း လာမည့် ၂၀၂၀ ပြည့်နှစ်အတွက် စိုက်ပျိုးနိုင်ရန် ယခုကတည်းကပင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**၄၆၅**

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယ ပညာဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံအမျိုးသားအိုလံပစ် ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က အားကစားလောကကြီးတစ်ခုလုံး ဘက်စုံပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် အကြံဉာဏ်များ ရယူဆောင်ရွက် သွားနိုင်ရေး မြန်မာနိုင်ငံအိုလံပစ်ကော်မတီကိုလည်း ပြန် လည်ဖွဲ့စည်းသွားရန်နှင့် ထိုသို့ပြန်လည်ဖွဲ့စည်းရာတွင် ကော်မတီဝင်များအား ဒီမိုကရေစီနည်းလမ်းများနှင့် အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်နိုင်ရန်အတွက် အားကစားနည်းအမျိုးမျိုးမှ မြန်မာနိုင်ငံအားကစားအဖွဲ့ ချုပ်များ၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး များ၊ တာဝန်ရှိသူများနှင့် မေ ၆ ရက်၌ တွေ့ဆုံ၍ အစည်း အဝေးတစ်ရပ် ကျင်းပခဲ့ပါကြောင်း။



**သွားရောက် လေ့လာ**

ထိုသို့ ရွေးချယ်ရာ၌ မြန်မာ့အားကစားလောကကြီး တိုးတက်ရေးနှင့် နိုင်ငံ၏ပုံရိပ်မြင့်မားရေး စွမ်းဆောင်နိုင် သူများကို ကော်မတီဝင်များအဖြစ် ရွေးချယ်သွားကြရန် ဖြစ်ပါကြောင်း၊ ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီးနောက် ကော်မတီလုပ်ငန်းများကို လွတ်လပ်စွာလုပ်ဆောင်ရန် ဖြစ်ပြီး ဝန်ကြီးဌာနက ပံ့ပိုးမှုလုပ်ငန်းများကိုသာ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီကို နိုင်ငံတကာအိုလံပစ်ကော်မတီ၏ သတ်မှတ် ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ဖွဲ့စည်းနိုင်ရေး အတွက် ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် နိုင်ငံတကာ အိုလံပစ်ကော်မတီရုံးချုပ်သို့ သွားရောက် လေ့လာခဲ့ပါကြောင်း။

ထိုသို့သွားရောက်ခဲ့ရာတွင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ပြန်လည်ဖွဲ့စည်းရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် အားကစားဥပဒေရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး နိုင်ငံတကာအိုလံပစ် ကော်မတီမှ အဖွဲ့ဝင်နိုင်ငံအသီးသီးသို့ စီမံချက်လုပ်ငန်း အလိုက် Olympic Solidarity Program မှတစ်ဆင့် ထောက်ပံ့ပေးအပ်လျက်ရှိသော အကူအညီများနှင့် ပတ်သက်၍လည်း သိရှိဆွေးနွေးနိုင်ခဲ့ပါကြောင်း။

ကော်မတီဖွဲ့စည်းပြီးနောက် ကော်မတီမှ ပွင့်လင်းစွာ ဖြင့် အကြံပြုချက်များကို ဝန်ကြီးဌာနမှ အလေးအနက်ထား ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ ကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ချိတ်ဆက်၍လည်း လုပ်ငန်းများဆောင် ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မာ့အားကစားဖွံ့ဖြိုး တိုးတက်ရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြ ရန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားအိုလံပစ် ကောင်စီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ဇွန် ၂၀ ရက်မှ ၂၅ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ လော်ဇန်းမြို့ရှိ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ ရုံးချုပ်သို့ သွားရောက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းရေး၊ မြန်မာနိုင်ငံအမျိုးသားအဆင့် အားကစားဥပဒေပြဋ္ဌာန်းရေးဆွဲရေးဆိုင်ရာနှင့် ပတ်သက် ၍ ဆွေးနွေးဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဖွဲ့စည်းမည့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းနိုင်ရေး အတွက် ဆောင်ရွက်ခဲ့သည့်ကိစ္စများနှင့် လက်ရှိဆောင်ရွက် နေမှုများကို ရှင်းလင်းပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြ သည့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ပြန်လည်ဖွဲ့စည်းနိုင်ရေးတို့အတွက် အဖွဲ့ချုပ်တစ်ခုချင်း စီအလိုက် တင်ပြအကြံပြုဆွေးနွေးခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က အသေးစိတ်ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနား ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို နေပြည်တော် MICC-2 တွင် ယနေ့ မွန်းလွဲပိုင်းက ဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက မြန်မာနိုင်ငံရှိ လူငယ်ထုတစ်ရပ်လုံး၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ရာတွင် ကောင်းမွန်သော လမ်းပြဖြစ် နိုင်မည့် လူငယ်ရေးရာမူဝါဒကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လူငယ်ရေးရာမူဝါဒသည် လူငယ်များ ၏ ဆန်းသစ်သော အတွေးအခေါ် ဆင်ခြင်တုံတရားများနှင့် လူကြီးများ ၏ အတွေးအခေါ်နှင့် အတွေ့အကြုံ များ ပေါင်းစပ်၍ အခက်အခဲများကို မည့်သို့ကျော်လွှား ရမည်ဆိုသည်ကို ဖော်ဆောင်နိုင်ရန် ရေးဆွဲခဲ့ခြင်းဖြစ် ကြောင်း၊ မူဝါဒကို အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန် မဟာဗျူဟာ များလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း။

အဆိုပါ မဟာဗျူဟာများကို လည်း လူငယ်များကိုယ်တိုင်ပါဝင် ရေးဆွဲခဲ့ကြကြောင်း၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးတစ်ခုနှင့်တစ်ခုသည် အခြေခံ အချက်အလက်လိုအပ်ချက်များ မတူ ညီသည့်အတွက် နေပြည်တော်အပါ အဝင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ လူငယ်ကိုယ်စား လှယ်များက ဒေသ၏လိုအပ်ချက်နှင့် ကိုက်ညီသည့် ဦးစားပေးလုပ်ငန်းစဉ် များကို ဖော်ထုတ်၍ အကောင် အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အခွင့်အရေးကို ဖော်ဆောင်သည်နှင့်အတူ တာဝန်ယူ ရမည့် အချက်များလည်းရှိကြောင်း၊ နိုင်ငံတော်နှင့်အတူ လူငယ်များ ကိုယ်တိုင် တာဝန်ယူအကောင် အထည်ဖော်နိုင်ရန် အရေးကြီးပါ ကြောင်း၊ လူငယ်ကဏ္ဍ(၁၆)ရပ် အနက်မှ ကဏ္ဍတစ်ခုချင်းစီအတွက် အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လူငယ်များအတူတကွ တွေ့ဆုံ ဆောင်ရွက်ကြစေလို ကြောင်း၊ ထိုသို့တွေ့ဆုံခြင်းအားဖြင့် တည်ရှိနေသော အခြေအနေများ၊ လိုအပ်ချက်များ၊ မတူညီသည့် အခြေအနေများကို သိရှိလာပြီး အားလုံးပူးပေါင်းဆောင်ရွက်လျှင် အခက်အခဲများပြေလည်ပြီး လုပ်ငန်း အောင်မြင် မြန်ဆန်လာမည်ဖြစ် ကြောင်း၊ ရှေ့ဦးအရွယ် ကလေးသူငယ် များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် လည်း ပညာရေးပြုပြင်ပြောင်းလဲမှု၊ လူငယ်များ ဖွံ့ဖြိုးတိုးတက်မှု၊ သင်ကြားမှု၊ သင်ယူမှုများနှင့် ဆက်စပ်နေကြောင်း၊ ရှေ့ဦးအရွယ် ကလေးသူငယ်ဘဝတွင် အကောင်းဆုံး ပြုစုပျိုးထောင်ပေးနိုင်လျှင် အသက် ရှစ်နှစ်ကျော်အရွယ်တွင် သင်ကြား သင်ယူမှုများ များစွာတိုးတက်ဖွံ့ဖြိုး နိုင်ကြောင်း၊ ရှေ့ဦးအရွယ် ကလေး သူငယ်ကဏ္ဍသည် နောက်ပိုင်း ပညာ ရေးအတွက် အရေးကြီးသော ကဏ္ဍ ဖြစ်သည့်အတွက်လူငယ်များမှ နောင် မျိုးဆက်သစ်များကို အမွေကောင်း များ ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှေ့ဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည်လည်း




ပေါ်ထွက်နေပြီဖြစ်ပါကြောင်း။

ရှေ့ဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းနှင့် ရှေ့ဦးအရွယ်ကလေး သူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းနှစ်ခုပေါင်း၍ မိဘများနှင့် မိသားစုဝင်များက ပါဝင်ပြုစုစောင့် ရှောက်မှုသည် နောင်ကျောင်းများ တွင် သင်ကြားသင်ယူမှုထိရောက်ရေး အတွက် အခြေခံဖြစ်ကြောင်း၊ ယနေ့ ခေတ်လူငယ်များအနေဖြင့် အတွေ့ အကြုံများသည့် လူကြီးများထံမှ လက်ဆင့်ကမ်း အမွေရယူပြီး နောက်မျိုးဆက်သစ် အနာဂတ် လူငယ်များကို ပေးရမည်ဖြစ်ကြောင်း၊ လူငယ်များသည် ကြီးပြင်းရသော ပတ်ဝန်းကျင် အခြေအနေများ ကွာခြားသော်လည်း အခွင့်အရေး ခံစားရမှုမှာ အတူတူပင်ဖြစ်သင့် ကြောင်း၊ အားလုံးသာတူညီမျှ ရရှိခံ စားရေးသည် လက်ရှိအစိုးရ၏ မူဝါဒဖြစ်ကြောင်း၊ သာတူညီမျှရရှိ ခံစားရစေရန်တွင် လိုအပ်သည့် နေရာများကိုဦးစွာ ဖြည့်ဆည်းပေး ခြင်းဖြစ်သောကြောင့် ဒေသအလိုက် လိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ် များနေ့၏ ဆောင်ပုဒ်သည် “လူငယ် ထုကြီးပါဝင်ကာ ပညာရေးစနစ် ပြောင်းလဲပါ”ဟု ဆိုသည့်အတိုင်း ပညာရေး ပြောင်းလဲမှုစနစ်တွင် လူငယ်များကိုယ်တိုင်ပါဝင်ပြီး အစိုးရ ကအပြောင်းအလဲကို ဖော်ဆောင် နေပြီဖြစ်သည့်အတွက် လူငယ်များ ကလည်းပါဝင်၍ တာဝန်ယူပြောင်းလဲ ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNFPA မှ ဌာနေ ကိုယ်စားလှယ် Mr. Ramanathan Balakrishnan က လူငယ်ရေးရာ မူဝါဒ စာအုပ်ဖြစ်ပေါ်လာရေးအတွက် မိမိတို့အစိုးရမဟုတ်သော အဖွဲ့ အစည်းအနေဖြင့် ကြိုးပမ်းဆောင်ရွက် ခဲ့မှုများကို ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ် ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီအဖွဲ့ဝင် လူငယ်ကိုယ် စားလှယ်များအတွက် ဂုဏ်ပြုမှတ် တမ်းလွှာကို လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လူငယ်ရေး ရာမူဝါဒရေးဆွဲရေးဆိုင်ရာလုပ်ငန်း ကော်မတီအဖွဲ့ဝင် လူငယ်ကိုယ်စား လှယ်များအတွက် ဂုဏ်ပြုမှတ်တမ်း လွှာကို လည်းကောင်း၊ ဒုတိယ ဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လူငယ်ရေးရာမူဝါဒရေး ဆွဲရေးဆိုင်ရာ မူကြမ်းရေးဆွဲရေးအဖွဲ့ အဖွဲ့ဝင်လူငယ် ကိုယ်စားလှယ်များ အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် လူငယ်ရေးရာမူဝါဒ အမျိုးသားအဆင့် မဟာဗျူဟာစီမံ ချက်(မူကြမ်း)အား မြန်မာနိုင်ငံ လူငယ် ရေးရာကော်မတီ တွဲဖက်အတွင်းရေး မှူး ကိုသူရစိုး(ခ)ဟိန်းထက်က လူငယ် ရေးရာမူဝါဒပါ ကဏ္ဍကြီး(၁၆)ချက် အား မဟာဗျူဟာစီမံချက်တွင် ထည့် သွင်း ဆောင်ရွက်ထားမှုအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖိတ်ကြားထား သော လူငယ်ကိုယ်စားလှယ်တစ်ဦးက Talent Performance Show ကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာ ဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာအကအလှများ ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက် ခဲ့ကြပြီး မြန်မာနိုင်ငံလူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဆုငွေများပေးအပ် သည်။

ထို့နောက် လူငယ်ကိုယ်စားလှယ် များ ဦးဆောင်ပြီး “ယနေ့လူငယ်များ နှင့် မြန်မာနိုင်ငံ၏အနာဂတ်”ခေါင်းစဉ် ဖြင့် ၂၀၁၉ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လူငယ် စကားဝိုင်းကို ကျင်းပပြီး တက်ရောက် လာကြသော လူငယ်များ၏ မေးမြန်း ချက်များကို ပြန်လည်ဖြေကြားခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေခဲသေတ္တာထဲမှာထားမယ်ဆိုပေမယ့် သုံးရက်ထက်ပိုပြီး မထားသင့်တဲ့အပြင် ထပ်ကာထပ်ကာ ပြန်နွှေးလိုက် ပြန်စားလိုက်လည်း မလုပ်သင့်ပါဘူး

**ဒေါက်တာတင်မျိုးလွင်**

## အန္တရာယ်ကင်းသော အစားအသောက်ဖြစ်ပေါ်စေရေးအတွက် အဓိကဆောင်ရွက်ရမည့် အချက်ငါးချက် စကားဝိုင်းကျင်းပ

**သတင်းအဖွဲ့**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) အနေဖြင့် အစားအစာများကို ပြည်သူများစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းအောင် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများပါဝင်သည့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနီနီအေး၊ ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထွန်းကျော်၊ နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အစားအသောက်ဌာန (ခွဲ) ပြည်တွင်းလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းလဲ့ဖြူနှင့် မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာတင်မျိုးလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။


ဒေါက်တာနီနီအေး


ဒေါက်တာမျိုးထွန်းကျော်


ဒေါက်တာဝင်းလဲ့ဖြူ


ဒေါက်တာတင်မျိုးလွင်

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ အစားသောက်နဲ့ ပတ်သက်လို့ အိမ်ရှင်မတွေအနေနဲ့ အသားစိမ်း၊ ငါးစိမ်းတွေ ဝယ်လာပြီဆိုရင် ရောနှောထားတာမျိုးတွေ ထားသင့်လား၊ မထားသင့်လားဆိုတာကိုလည်း ပြောပြပေးပါဦး။**

**ဒေါက်တာမျိုးထွန်းကျော်။** ။ အိမ်ရှင်မတွေ အနေနဲ့ အသားစိမ်း၊ ငါးစိမ်း၊ ဟင်းသီးဟင်းရွက်တွေ ဝယ်လာတဲ့အခါ၊ ချက်ပြုတ်ပြင်ဆင်တဲ့အခါ၊ သိုလှောင်သိမ်းဆည်းတဲ့အခါ၊ ချက်ပြီးသား အစားအစာတွေနဲ့အတူ တွဲပြီးမထားသင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အသားစိမ်း၊ ငါးစိမ်း၊ ဟင်းသီးဟင်းရွက်တွေမှာ ဓာတုပစ္စည်း အကြွင်းအကျန်တွေ၊ ရောဂါပိုးတွေ ပါဝင်နိုင်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒါကို ချက်ပြုတ်ပြီး အစားအစာတွေနဲ့ အတူတွဲထားမယ်ဆိုရင် ရောဂါပိုးမွှားတွေက ချက်ပြီးသား အစားအစာထဲကို ပျံ့နှံ့ရောက်ရှိသွားနိုင်ပါတယ်။

အထူးသဖြင့်တော့ အသားစိမ်း၊ ငါးစိမ်းတွေကို ချက်ပြုတ်ဖို့အတွက် ခုတ်ထစ်ပြင်ဆင်တဲ့ စဉ်းတီတုံး၊ ဓားတွေနဲ့ ဟင်းသီးဟင်းရွက်တွေကို လှီးဖြတ်မယ့် စဉ်းတီတုံး၊ ဓားတွေကို သီးသန့်စီခွဲထားရမှာဖြစ်ပါတယ်။ တကယ်လို့ တချို့အိမ်ရှင်မတွေအနေနဲ့ စဉ်းတီတုံးတွေ၊ ဓားတွေကို သီးသန့်မထားနိုင်ဘူးဆိုရင် အသားစိမ်း၊ ငါးစိမ်း လှီးဖြတ်ပြီးတဲ့အခါမှာ စဉ်းတီတုံးတွေ၊ ဓားတွေကို ရေနဲ့သေသေချာချာ ဆေးကြောပြီးမှသာ ဟင်းသီးဟင်းရွက်တွေကို လှီးဖြတ်တဲ့အခါမှာ ပြန်အသုံးပြုသင့်ပါတယ်။

နောက်တစ်ခုက ချက်ပြုတ်ပြင်ဆင်တဲ့အခါမှာသာမက ချက်ပြီးလို့ သိုလှောင်သိမ်းဆည်းမယ်ဆိုတဲ့အခါမှာလည်း အသားစိမ်း၊ ငါးစိမ်းနဲ့ ချက်ပြီးသား အစားအစာတွေကို အတူတကွ သိမ်းဆည်းလို့မဖြစ်ပါဘူး။ ဒါဆိုရင် ရောဂါပိုးတွေ ကူးနိုင်ပါတယ်။ ပြီးတော့ အိမ်ရှင်မတွေ သတိမမူမိတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါက ဈေးဝယ်တဲ့အခါမှာ ဈေးခြင်းတောင်းထဲမှာ အသားစိမ်း၊ ငါးစိမ်းနဲ့ အလွယ်တကူစားမယ့် အစားအစာတွေကို အတူတကွဝယ်ယူပြီး ခြင်းတစ်ခြင်းထဲမှာပဲ သယ်လာတာတွေ ရှိတတ်ပါတယ်။ ဥပမာ - အသား၊ ငါးတွေနဲ့ ပြောင်းဖူးပြုတ်လိုဟာမျိုးပါ။ ပြောင်းဖူးပြုတ်လိုဟာမျိုးကို ဆွဲခြင်းတစ်ခြင်းထဲမှာပဲ အတူတူထည့်ပြီး ဈေးထဲကနေ ဝယ်လာခဲ့မယ်ဆိုရင် အသားစိမ်း၊ ငါးစိမ်းက ရောဂါပိုးတွေဟာ ပြောင်းဖူးပြုတ်ထဲကို ရောက်သွားရင် စားသုံးတဲ့သူတွေကို အန္တရာယ်ဖြစ်စေတတ်ပါတယ်။ ဒါကြောင့် ဈေးဝယ်တဲ့အခါ၊ ပြင်ဆင်တဲ့အခါ၊ ပြင်ဆင်ချက်ပြုတ်ပြီးလို့ သိမ်းဆည်းတဲ့အခါတွေမှာ အသားစိမ်း၊ ငါးစိမ်းတွေကို ချက်ပြီးသား အစားအစာတွေ၊ အလွယ်တကူ အဆင်သင့်စားမယ့် အစားအစာတွေနဲ့အတူ ရောနှောမထားသင့်ပါဘူးလို့ အကြံပြုချင်ပါတယ်။

**အစီအစဉ်မှူး။ ။ နောက်ထပ် အိမ်ရှင်မတွေအနေနဲ့ အသားစိမ်း၊ ငါးစိမ်းတွေ၊ ဟင်းသီးဟင်းရွက်တွေကို ချက်ပြုတ်တဲ့အခါမှာရော ဘယ်လိုမျိုးဆောင်ရွက်သင့်သလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဒေါက်တာဝင်းလဲ့ဖြူ။** ။ တကယ်တမ်းတော့ကျက်အောင် ချက်တာက အကောင်းဆုံးပါပဲ။ မကျက်တကျက်က လုံးဝကို မစားသင့်ပါဘူး။ ဟင်းသီးဟင်းရွက်တွေ၊ အသား၊ ငါးတွေဆိုရင် ၇၀ ဒီဂရီဆဲလ်စီးရပ်လောက်အထိ ကျက်အောင် ချက်ပြုတ်သင့်ပါတယ်။ ဟင်းတွေ ပြန်နွှေးရင်လည်း ၇၀ ဒီဂရီဆဲလ်စီးရပ်လောက်အထိ ရောက်အောင် အပူချိန်ပေးပြီး ပြန်နွှေးတာက အကောင်းဆုံးပါပဲ။ တချို့က မိုက်ခရိုဝေ့နဲ့ နွှေးတယ်၊ နွှေးတယ်ဆိုရင်လည်း အပူချိန်ကို လုံလောက်အောင်ပေးနိုင်မှ ပိုးမွှားတွေသေမှာ ဖြစ်ပါတယ်။ မဟုတ်ရင် ပိုးမွှားတွေက အသက်ဆက်ရှင်နိုင်ပါတယ်။ အဲဒါကြောင့် အသား၊ ငါးတွေပဲဖြစ်ဖြစ်၊ ဟင်းသီးဟင်းရွက်ပဲဖြစ်ဖြစ် ကျက်တဲ့အထိ ချက်ပြုတ်တာ အကောင်းဆုံးပါပဲ။ မကျက်တကျက်က လုံးဝမကောင်းပါဘူး။ အကယ်၍ အပူချိန်ဘယ်လောက်ရှိလဲ သိချင်တယ်ဆိုရင် ဟင်းချက်ရင်သုံးတဲ့ သာမိုမီတာကိုသုံးပြီး ဘယ်လောက်အပူချိန်ဆိုတာကို ခန့်မှန်းလို့ရပါတယ်။

ဟိုတယ်တွေမှာ စားဖိုမှူးတွေဆိုရင် သူတို့တစ်တွေက လက်မောင်းမှာ သာမိုမီတာတံလေးတွေကို ဆောင်ထားပြီးတော့ အပူချိန်ဘယ်လောက်ဆိုတာကို တစ်ခါတည်း ခန့်မှန်းတိုင်းတာပြီး ချက်ပြုတ်လေ့ရှိပါတယ်။ အဲဒါမျိုးဆိုရင် ပိုပြီးကောင်းပါတယ်။

**အစီအစဉ်မှူး။ ။ အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးလို့ ပြောလိုက်တဲ့အချိန်မှာ အစားအသောက်တွေအတွက် လုံလောက်တဲ့အပူချိန်တွေ ထားရှိဖို့လိုအပ်သလား။ ဘယ်လိုလဲဆိုတာ ဗဟုသုတအနေနဲ့ မျှဝေပေးပါဦး။**

**ဒေါက်တာတင်မျိုးလွင်။** ။ အစားအသောက်မှာ တွယ်ကပ်တတ်တဲ့ရောဂါပိုးမွှားတွေက အခန်းတွင်းအပူချိန်မှာဆိုရင် အင်မတန်ကို ပွားများနိုင်ပါတယ်။ အပူချိန် ငါးဒီဂရီဆဲလ်စီးရပ်အောက်နဲ့ ၆၀ ဒီဂရီဆဲလ်စီးရပ်အထက်ဆိုရင် ပိုးမွှားတွေကို သေစေနိုင်ပါတယ်။ ဒါကြောင့်မို့ အကောင်းဆုံးက ချက်ချင်းချက်ပြီး ချက်ချင်းစားတာက အကောင်းဆုံးပါပဲ။ အခန်းအပူချိန်အတွင်းမှာဆိုရင် ချက်ပြီးသားအစားအသောက်တွေကို နှစ်နာရီထက်ပိုပြီး မထားသင့်ပါဘူး။ ပုပ်သိုးလွယ်တဲ့ အစားအသောက်တွေဆိုရင်လည်း အခန်းအပူချိန်မှာ မထားဘဲနဲ့ ချက်ချင်းရေခဲသေတ္တာထဲမှာ ငါးဒီဂရီဆဲလ်စီးရပ်အောက်မှာ ချက်ချင်းထားရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာလည်း ရေခဲသေတ္တာထဲမှာ ထားမယ်ဆိုပေမယ့် သုံးရက်ထက်ပိုပြီး မထားသင့်တဲ့အပြင် ထပ်ကာထပ်ကာပြန်နွှေးလိုက် ပြန်စားလိုက်လည်း မလုပ်သင့်ပါဘူး။ နောက်တစ်ခုက ရေခဲသေတ္တာထဲမှာ ထည့်ထားတဲ့ ခဲနေတဲ့ အစားအသောက်တွေဆိုရင်လည်း အခန်းအပူချိန်မှာ အရည်ပျော်အောင်လုပ်ခြင်းက အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဖြစ်နိုင်ရင်မိုက်ခရိုဝေ့ထဲမှာ တစ်ခါတည်းထည့်ပြီး စားလို့ရပါတယ်။ ဒါမှမဟုတ်ရင် ချက်ချင်းပြန်ပြီး လုံလောက်တဲ့အပူချိန်ထားပြီး စားလို့ရပါတယ်။ အကောင်းဆုံးက ချက်ချင်းချက်ပြီး ချက်ချင်းစားတာက အကောင်းဆုံးပါပဲ။

**အစီအစဉ်မှူး။ ။ အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်ပြီး သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ အစားအစာတွေရရှိရေးဆိုတဲ့ အကြောင်းအရာအပေါ်မှာ ပြည်သူတွေအနေနဲ့ ဘယ်လိုမျိုးလိုက်နာသင့်လဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာမျိုးထွန်းကျော်။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ 5 Keys Principle မှာ နောက်ဆုံးအချက်ဖြစ်တဲ့ သန့်ရှင်းသောရေနဲ့ လတ်ဆတ်တဲ့ ကုန်ကြမ်းပစ္စည်း၊ အစားအစာတွေကို အသုံးပြုရမယ်ဆိုတာကလည်း အရေးကြီးပြီး မပါမဖြစ် အချက်တစ်ချက် ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစားအသောက်တွေ ချက်ပြုတ်ရာမှာသုံးတဲ့ ရေမသန့်ရင် အဲဒီကနေ ရောဂါပိုးတွေ ကူးနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သန့်ရှင်းသောရေ ဒါမှမဟုတ်ရင် ပိုးသေအောင်ကျိုချက်ထားတဲ့ရေကိုပဲ ချက်ပြုတ်တဲ့ နေရာမှာ အသုံးပြုသင့်ပါတယ်။ အဲဒီလိုပဲ အသားတွေ၊ ငါးတွေ၊ ဟင်းသီးဟင်းရွက်တွေဆိုရင်လည်း သူ့မှာ ဓာတုပစ္စည်း အကြွင်းအကျန်တွေ၊ ရောဂါပိုးမွှားတွေ ရှိနိုင်တဲ့အတွက် သူ့ကိုလည်း သန့်ရှင်းလတ်ဆတ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကိုပဲ အသုံးပြုသင့်ပါတယ်။

တချို့ဟင်းသီးဟင်းရွက်တွေ၊ အသားတွေ၊ ငါးတွေမှာဆိုရင် Expire Date တွေပါတာရှိတယ်။ Supermarket တွေမှာ ရောင်းတဲ့အခါကျရင် Expire Date တွေ ကျော်လွန်တာတွေ၊ ရက်လွန်အစားအစာတွေ၊ ကုန်ကြမ်းပစ္စည်းတွေကို မသုံးသင့်ပါဘူး။ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကိုပဲ သုံးသင့်ပါတယ်။ နောက်တစ်ခုက အစိမ်းစားမယ့် အတို့အမြုပ်လို ဟင်းသီးဟင်းရွက်တွေကို ရေနဲ့သေသေချာချာ ဆေးကြောသန့်စင်ပြီးမှ စားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟင်းသီးဟင်းရွက်တွေ၊ အတို့အမြုပ်တွေမှာ ရောဂါပိုးတွေ ပါဝင်နိုင်တဲ့အတွက် ရေနဲ့သန့်စင်အောင်ဆေးကြောပြီးမှ အတို့အမြုပ်တွေကို စားသင့်ပါတယ်။ အဲဒီလိုပဲ တချို့ဟင်းသီးဟင်းရွက်တွေမှာ ဓာတုပစ္စည်းအကြွင်းအကျန်တွေ၊ ပိုးသတ်ဆေးအကြွင်းအကျန်တွေ ကျန်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်နိုင်မယ်ဆိုရင် ဆားရည်မှာ အနည်းဆုံးမိနစ် ၂၀ စိမ်ပြီးတော့မှ စားမယ်ဆိုရင် ပိုးသတ်ဆေးအကြွင်းအကျန်တွေကို ဖယ်ရှားပြီးဖြစ်ပါလိမ့်မယ်။ နောက်တစ်ချက်က အသီးတွေ စားမယ်ဆိုရင် အခွံကိုသေချာနွှာပြီးတော့မှ စားတာ အကောင်းဆုံးပါပဲ။

နောက်ဆုံးအနေနဲ့ အမှည့်လွန်အသီးတွေ လုံးဝမစားသင့်ပါဘူး။ တကယ်လို့ အမှည့်လွန်အသီးတွေ စားမယ်ဆိုရင် ဒီအသီးတွေမှာပါတဲ့ ရောဂါပိုးတွေကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါတွေ၊ ကူးစက်ရောဂါတွေဖြစ်ပွားနိုင်ပါတယ်။ သန့်ရှင်းသောရေ၊ လတ်ဆတ်သော ကုန်ကြမ်းပစ္စည်းကလည်း အရေးကြီးတဲ့အတွက် အိမ်ရှင်မတွေ သတိပြုသင့်တဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ အစားအသောက်တွေက လူတွေအတွက် တကယ့်ကိုအရေးကြီးတယ်ဆိုတော့ အစားအသောက်တွေကတစ်ဆင့် ကူးစက်နိုင်တဲ့ ရောဂါပိုးတွေရှိရင်လည်း မျှဝေပေးပါဦး။**

**ဒေါက်တာဝင်းလဲ့ဖြူ။** ။ မသန့်ရှင်းတဲ့ အစားအသောက်တွေမှာ ပေါက်ပွားတတ်တဲ့ ဘက်တီးရီးယားပိုးတွေကြောင့် ဖြစ်နိုင်တဲ့ရောဂါတွေက ၆၆ ရာခိုင်နှုန်းရှိပါတယ်။ ကပ်ပါးပိုးတွေကြောင့် ဖြစ်တာ ငါးရာခိုင်နှုန်းလောက်ရှိပြီး ဗိုင်းရပ်စ်ပိုးတွေကြောင့်ဖြစ်တာ ငါးရာခိုင်နှုန်းလောက်ရှိပါတယ်။ အဲဒီအထဲမှာပါတဲ့ ဓာတုပစ္စည်းတွေကြောင့် ၂၅ ရာခိုင်နှုန်းလောက် ဖြစ်နိုင်ပါတယ်။ မသန့်ရှင်းတဲ့နေရာမှာ အစားအစာတွေ ချက်ပြုတ်ပြင်ဆင်တဲ့အတွက်ကြောင့် ၁၂ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ကောင်းမွန်တဲ့ သိုလှောင်မှုနေရာမှာ မထားတဲ့အတွက် ဖြစ်ပွားနိုင်တဲ့ရောဂါ ၆၃ ရာခိုင်နှုန်းလောက် များပါတယ်။

နောက်တစ်ခုက အစားအသောက်ပြင်ဆင်ချက်ပြုတ်သူတွေက သန့်ရှင်းမှုမရှိလို့ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းက ၂၃ ရာခိုင်နှုန်းလောက် ရှိပါတယ်။ ကျက်အောင် မချက်ပြုတ်ရာကနေ ကူးစက်နိုင်တဲ့ရောဂါတွေကလည်း ၂၈ ရာခိုင်နှုန်းလောက်ရှိတယ်ဆိုတာ တွေ့ရပါတယ်။

**အစီအစဉ်မှူး။ ။ ဒီလိုမျိုး အန္တရာယ်ဖြစ်စေတဲ့ အစားအသောက်တွေကို စားလိုက်ရင် ရောဂါတွေ ဖြစ်ပွားနိုင်တယ်ဆိုတော့ ဒီရောဂါပိုးမွှားတွေကနေ ဘယ်လိုရောဂါမျိုးတွေ ပြည်သူတွေမှာ ဖြစ်နိုင်သလဲဆိုတာကို ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာတင်မျိုးလွင်။** ။ Food poisoning လို့ ခေါ်တဲ့ အစာအဆိပ်သင့်တာမျိုးတွေ၊ ဝမ်းပျက်ဝမ်းလျှော၊ ပျို့တာ၊ အန်တာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဝမ်းကိုက်တာ၊ ကာလဝမ်းရောဂါမျိုးတွေ၊ သံပြားကောင်၊ တုပ်ပြားကောင်နဲ့ ကပ်ပါးရောဂါမျိုးတွေလည်း ဖြစ်နိုင်သလို အလွန်ဆိုးရွားတဲ့ ပိုလီယိုအကြောသေရောဂါတွေလည်း ဖြစ်ပွားနိုင်ပါတယ်။ ဒါ့အပြင် အသည်းရောင်အသားဝါ အေနဲ့ အီးကလည်း ဒီအစားအသောက်ကနေလည်း ကူးစက်နိုင်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒီနေ့မှာဆိုရင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအချက်ငါးချက်ကိုလည်း မျှဝေသွားပြီဆိုတော့ ပရိသတ်တွေအတွက်လည်း တော်တော်လေးကိုဗဟုသုတဖြစ်စေပါတယ်။ ထပ်မံပြီးတော့ အချက်ငါးချက်ကို ဘယ်သူတွေက လိုက်နာသင့်သလဲ၊ ဘယ်လိုရှောင်ကြဉ်သင့်သလဲဆိုတဲ့ သတင်းစကားလေးလည်း မျှဝေပေးစေလိုပါတယ်။**

**ဒေါက်တာနီနီအေး။** ။ ပြောရမယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုလို့ ပြောချင်ပါတယ်။ အစားအသောက်ကို ချက်ပြုတ်ပြင်ဆင်တဲ့သူတိုင်း၊ အစားအသောက်ကို ချက်ပြုတ်ပြင်ဆင်ပြီး ရောင်းချတဲ့သူတိုင်း ကိုယ်ရောင်းချတဲ့၊ ကိုယ်ပြင်ဆင်တဲ့ အစားအသောက်ကို တာဝန်ယူ၊ တာဝန်ခံရမှာပါ။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်မတို့ အဖွဲ့အစည်းအသီးသီးကနေပြီး ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီအစားအသောက်ချက်ပြုတ် ပြင်ဆင်တဲ့သူတွေကို သင်တန်းပေးခြင်းကို ပြုလုပ်ပေးရပါမယ်။ စားသုံးတဲ့သူတွေကိုလည်း သူတို့ရဲ့ အသိပညာမြင့်တက်ဖို့အတွက် ပညာပေးရပါမယ်။ သူတို့ကို ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဖွဲ့အစည်းအသီးသီး ဖြစ်တဲ့ စည်ပင်သာယာရေးဌာန၊ FDA ဌာနတို့ အားလုံး ပူးပေါင်းပြီး ဒါကိုလိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်ရပါမယ်။ စောင့်ကြည့်ပြီး အရေးယူဆောင်ရွက်မှုတွေကိုလည်း အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ လူတိုင်းလူတိုင်းဟာ ဘေးကင်းကျန်းမာ အသက်ရှည်ပြီးတော့ သက်တမ်းစေ့ အသက်ရှည်နေနိုင်မှာဖြစ်ပါတယ်။ ။

# ဂွါတီမာလာသမ္မတရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် အလီဂျန်ဒရို ဂျီရာမာတီ မဲအပြတ်အသတ်ဖြင့် အနိုင်ရ

**ဂွါတီမာလာစီးတီး ဩဂုတ် ၁၂**

ဂွါတီမာလာနိုင်ငံသမ္မတ ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် အလီဂျန်ဒရို ဂျီရာမာတီက ယခင်သမ္မတကတော်ဟောင်း ဆန်ဒရာတော်ရက်စ်အား မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ယနေ့ ပြောကြားခဲ့သည်။

ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် အလီဂျန်ဒရို ဂျီရာမာတီသည် ထောက်ခံမဲ ၅၅၀၀၀၀ (၅၈ ဒသမ ၅ ရာခိုင်နှုန်း) ခန့်ရရှိကာ ဦးဆောင်လျက်ရှိသည်။ စုစုပေါင်း မဲအရေအတွက်အနက် ၉၉ ရာခိုင်နှုန်းကျော်ကို ရေတွက်ပြီးနောက် ရွေးကောက်ပွဲခုံအဖွဲ့က အလီဂျန်ဒရို ဂျီရာမာတီအား ရွေးကောက်ခံသမ္မတအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။ ရေတွက်ရန် မဲအနည်းငယ်ကျန်ရှိသေးသော်လည်း အလီဂျန်ဒရို ဂျီရာမာတီက ထောက်ခံမဲအသာစီးရရှိခဲ့ပြီး ဖြစ်သည်။

ဂျီရာမာတီသည် ဇန်နဝါရီလတွင် သမ္မတရာထူးတာဝန်များကို လက်ရှိသမ္မတ ဂျမ်မီ မိုရေးစ်ထံမှ လွှဲပြောင်းရယူမည်ဖြစ်သည်။ သမ္မတ ဂျမ်မီမိုရေးစ်သည် အကျင့်ပျက်ခြစားမှုဖြင့် စွပ်စွဲခြင်းခံထားရသည်။ သို့သော် ရွေးကောက်ခံ



သမ္မတ ဂျီရာမာတီအား ရာထူးတာဝန်များကို ပွင့်လင်းမြင်သာစွာဖြင့် လွှဲပြောင်းပေးအပ်သွားမည်ဟု ကတိပြုခဲ့သည်။

ဂွါတီမာလာနိုင်ငံအား ဖြတ်ကျော်ကာ ဝါရှင်တန်သို့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသော ဟွန်ဒူးရပ်စ်နှင့် ဆယ်ဗာဒိုရန် နိုင်ငံသားများကို ဂွါတီမာလာနိုင်ငံသို့ ပြန်လည်ပေးပို့ရမည်ဖြစ်သော ရွှေ့ပြောင်းဒုက္ခသည်ဆိုင်ရာ သဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရန် ရွေးကောက်ခံသမ္မတ ဂျီရာမာတီကို အမေရိကန်က တွန်းအားပေးမည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူ သမ္မတလောင်းနှစ်ဦးသည် အဆိုပါရွှေ့ပြောင်းဒုက္ခသည်အရေး သဘောတူညီချက်ကို ပြင်းထန်စွာကန့်ကွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံ၏လူဦးရေ ၁၇ ဒသမ ၇ သန်းအနက် ၆၀ ရာခိုင်နှုန်းသည် ဆင်းရဲစွာ နေထိုင်လျက်ရှိသည်။ ထို့အပြင် ကမ္ဘာ့လူသတ်မှုနှုန်း အမြင့်မားဆုံးနိုင်ငံများစာရင်းတွင် ပါဝင်သည်။ လူသေဆုံးမှုတစ်ဝက်နီးပါးသည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းချမှုများနှင့် လူဆိုးဂိုဏ်းများက ခြိမ်းခြောက်ငွေညှစ်သည့် လုပ်ရပ်များကြောင့် ဖြစ်သည်။

နိုင်ငံအတွင်းဖြစ်ပျက်လျက်ရှိသော ရွှေ့ပြောင်းဒုက္ခသည် အများအပြား ဝင်ထွက်သွားလာမှုကို စိစစ်လျှော့ချပစ်ရန်၊ ပညာရေးအဆင့်အတန်းကို မြှင့်တင်ရန်နှင့် အသက်ငါးနှစ်အောက်ကလေးငယ်များ အာဟာရချို့တဲ့မှုပြဿနာများကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းရန် သမ္မတ ဂျမ်မီ မိုရေးစ်က ရွေးကောက်ခံသမ္မတ ဂျီရာမာတီအား အကြံပြုတိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ယခုနှစ် မုတ်သုံရာသီအတွင်း မိုးသည်းထန်မှုကြောင့် ပါကစ္စတန်နိုင်ငံတွင် လူ ၁၆၀ ကျော် သေဆုံး



**အစ္စလာမ္မာဘတ် ဩဂုတ် ၁၂**

၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းမှစ၍ ပါကစ္စတန်နိုင်ငံတွင် ကျရောက်ခဲ့သည့် မုတ်သုံရာသီအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့်ဆက်စပ်ပြီး နိုင်ငံတစ်ဝန်းတွင် လူပေါင်း ၁၆၀ ကျော် သေဆုံးခဲ့ကာ ၁၃၇ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန အကြီးအကဲ ဆာတွစ်မွန်တက်ဇ်က ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

လတ်တလောကာလတွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပါကစ္စတန်နိုင်ငံ တစ်ဝန်းတွင် လမ်းပေါင်း ၃၄ လမ်း၊ တံတား ၁၄ စင်း၊ ဆိုင်ခန်းများနှင့် လူနေအိမ်ခြေ ၄၀၀ နီးပါးပျက်စီးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ခိုင်ဘာပက်ထွန်ခါပြည်နယ်တွင် လူပေါင်း ၅၆ ဦး၊ ပါကစ္စတန်က ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသ၌ ၃၅ ဦးနှင့် နိုင်ငံတောင်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် လူ ၂၇ ဦးတို့ ရေဘေးကြောင့် သေဆုံးခဲ့ရသည်။

လွန်ခဲ့သည့် နှစ်ရက်က ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ် ကရာချိမြို့တွင် လူ ၁၁ ဦး သေဆုံးခဲ့ပြီး ယင်းရေဘေးကြောင့် ကရာချိမြို့တွင်း၌ ဒေသခံများ၏ နေ့စဉ်ဘဝနေထိုင်မှုနှင့် လမ်းပန်းဆက်သွယ်မှုများ ထိခိုက်မှုရှိနေကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြသည်။

ကရာချိမြို့၏ လူနေဒေသ ၃၅ ရာခိုင်နှုန်းကျော်မှာ ရေကြီးရေလျှံမှုများကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို ခံစားနေရသည်။

ဆင်းပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနက ဩဂုတ် ၁၀ ရက်တွင် ကရာချိမြို့၌ ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပြီး ယင်းမြို့တွင် မိုးရွာသွန်းမှုအခြေအနေသည် ဩဂုတ် ၁၂ ရက်တွင် လျော့နည်းသွားနိုင်သည်ဟု ခန့်မှန်းရကြောင်း ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် နှစ်စဉ် ဇွန်လမှ စက်တင်ဘာလအထိသည် မိုးရာသီဖြစ်ပြီး မုတ်သုံလေသက်ရောက်မှုကြောင့် မိုးရေချိန်ပမာဏ သိသိသာသာများပြားလေ့ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# လစ်ဗျားတွင် လက်နက်ကိုင်ပဋိပက္ခ ရပ်စဲရေးကြိုးပမ်းအားထုတ်မှုကို လုံခြုံရေးကောင်စီထောက်ခံ

**ကုလသမဂ္ဂ ဩဂုတ် ၁၂**

လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့် လစ်ဗျားနိုင်ငံတွင် စစ်ပြေငြိမ်းမှု ရရှိရေးအတွက် အားထုတ်ကြိုးပမ်းနေမှုများကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများက အပြည့်အဝထောက်ခံကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုအတွင်း၌ ကုလသမဂ္ဂဝန်ထမ်းသုံးဦး သေဆုံးခဲ့ရသည်။ ယင်းတိုက်ခိုက်မှုအပြီး ဩဂုတ် ၁၁ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

အစ္စလာမ်ဘာသာဝင်များ၏ အစ်အားလပ်ရက်အတွင်း အပစ်အခတ်များ ရပ်စဲရန် ကုလသမဂ္ဂမှ အဆိုပြုခဲ့ခြင်းကို လစ်ဗျားနိုင်ငံအတွင်း စစ်မက်ဖက်ပြိုင်တိုက်ခိုက်နေကြသည့် အဖွဲ့အစည်းများက လက်ခံခဲ့ကြသော်လည်း ယခုလို ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများက ယင်းကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းအပေါ် ပြစ်တင်ရှုတ်ချသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများက ၎င်းအဖွဲ့မှ အဆိုတင်သွင်းထားသည့် ရေရှည်တည်တံ့ခိုင်မြဲမည့် အပစ်အခတ်ရပ်စဲရေးစီမံချက်များကို အပြည့်အဝထောက်ခံမည်ဟု ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံအတွင်း နိုင်ငံအနောက်ပိုင်း၌ အခြေပြုပြီး ကုလသမဂ္ဂ၏ ထောက်ခံမှုရရှိထားသည့် ကြားဖြတ်အစိုးရအဖွဲ့နှင့် နိုင်ငံအရှေ့ပိုင်းအခြေပြု ဗိုလ်ချုပ်ကြီး ခါလီဖာဟက်ဖ်တာ ဦးဆောင်သော အင်အားစုများအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။

လစ်ဗျားအခြေပြု ဗိုလ်ချုပ်ကြီးဟက်ဖ်တာ၏တပ်ဖွဲ့များက မြို့တော် ထရီပိုလီကို သိမ်းယူရရှိရေးအတွက် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ဂျပန်ကေရာဇ် နန်းတက်ပွဲသို့ အမေရိကန်နှင့် တရုတ်ဒုတိယသမ္မတများ တက်ရောက်ချီးမြှင့်မည်

**တိုကျို ဩဂုတ် ၁၂**

အောက်တိုဘာလတွင် ကျင်းပမည့် ဂျပန်ဘုရင် နာရူဟီတိုနန်းတက်ပွဲ အခမ်းအနားသို့ တရုတ်ဒုတိယသမ္မတ တက်ရောက်မည်ဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဂျပန်နှင့်တရုတ်တာဝန်ရှိသူများက ဂျပန်ကေရာဇ်နန်းတက်ပွဲသို့ တရုတ်ဒုတိယသမ္မတ ဝမ်ကရှန်တက်ရောက်ရန် ကြိုတင်စီစဉ်မှုများ လုပ်ဆောင်လျက်ရှိသည်။

အောက်တိုဘာ ၂၂ ရက်တွင် ဂျပန်ကေရာဇ် နန်းတက်ပွဲကို ကျင်းပမည်ဖြစ်သည်။

ဂျပန်နိုင်ငံခရီးစဉ်အတွင်း တရုတ်ဒုတိယသမ္မတ ဝမ်ကရှန်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဒုတိယသမ္မတ ဝမ်ကရှန်သည် ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်ဟောင်းတစ်ဦး ဖြစ်သည့်အပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ယုံကြည်အားကိုးရသူတစ်ဦးလည်း ဖြစ်သည်။ ယင်းကော်မတီသည် သမ္မတရှီကျင့်ဖျင် ပထမရာထူးသက်တမ်းအတွင်း အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရာတွင် အဓိကနေရာတွင် ပါဝင်သည်။

၁၉၉၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ဂျပန်နန်းတက်ပွဲသို့လည်း တရုတ်ဒုတိယသမ္မတတစ်ဦး တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်လည်း ဂျပန်ကေရာဇ် နန်းတက်ပွဲသို့ တက်ရောက်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်သည် ဂျပန်နိုင်ငံသို့ ပြီးခဲ့သောနှစ် နိုဝင်ဘာလက နောက်ဆုံးအကြိမ် သွားရောက်ခဲ့သည်။

ဂျပန်ခရီးစဉ်အတွင်း အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်က နှစ်နိုင်ငံ အာကာသရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး ဂျပန်တာဝန်ရှိသူများနှင့်ဆွေးနွေးနိုင်ဖွယ်ရှိသည်။ အမေရိကန်သည် လကမ္ဘာနှင့် မားစ်ဂြိုဟ်များသို့ အာကာသယာဉ်မှူးများစေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်၏ ဂျပန်ဘုရင်နန်းတက်ပွဲသို့ တက်ရောက်ချီးမြှင့်ခြင်းသည် နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်သည်။ ဂျပန်ဘုရင်ထီးနန်းစတင် လွှဲပြောင်းလက်ခံသည့် အခါသမယတွင် သမ္မတထရန့်က ပထမဆုံးသော နိုင်ငံခြားဧည့်သည်တော်အဖြစ် သွားရောက်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ပို့ကုန်မိတ်ဖက်နိုင်ငံများစာရင်းမှ ဂျပန်နိုင်ငံအား တောင်ကိုရီးယား ဖယ်ရှား



**ဆိုးလ် ဩဂုတ် ၁၂**

ဂျပန်နိုင်ငံကို ယုံကြည်ထိုက်သော ပို့ကုန်မိတ်ဖက်နိုင်ငံများစာရင်းမှ ဖယ်ရှားရန်ဆုံးဖြတ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက ယနေ့ ပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်ပို့ကုန်ထိန်းချုပ်မှုကို အပြည်ပြည်ဆိုင်ရာ ပို့ကုန်ထိန်းချုပ်ရေးစနစ် အခြေခံစည်းမျဉ်းပြည့်မီစေရန် လုပ်ဆောင်သွားမည်ဟု တောင်ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီး ဆန်ယွမ်မိုက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ ပို့ကုန်ထိန်းချုပ်ရေးစနစ် အခြေခံစည်းမျဉ်းချိုးဖောက်သော တိုင်းပြည်တစ်ပြည်နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် ခက်ခဲကြောင်း ဆန်က ပြောသည်။

ပြင်ဆင်လိုက်သော မဟာဗျူဟာမြောက် ပို့ကုန်/သွင်းကုန်အက်ဥပဒေအရ ဂျပန်နိုင်ငံကို မဟာဗျူဟာမြောက်ကုန်ပစ္စည်းများအတွက် ဦးစားပေးပို့ကုန်အခွင့်အရေး ပေးအပ်ထားသည့် တောင်ကိုရီးယားနိုင်ငံ၏ ယုံကြည်ထိုက်သော ပို့ကုန်မိတ်ဖက်နိုင်ငံများစာရင်းမှ ဖယ်ရှားခဲ့သည်။ ယခုဆုံးဖြတ်ချက်မှာ ယခုလအစောပိုင်းတွင် ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့သော ကုန်ပစ္စည်း သုံးမျိုးအပေါ် စည်းမျဉ်းများ တင်းကျပ်ပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ပြင်ဆင်လိုက်သော အက်ဥပဒေမှာ ပြည်သူများ၏ သဘောထားစုဆောင်းကာ ဥပဒေရုံးက ဆင်ခြင်သုံးသပ်ပြီးနောက် ရက် ၂၀ ခန့်အကြာ နောက်လတွင် အသက်ဝင်လာမည်ဖြစ်သည်။

အဆိုပါကာလအတွင်း ဂျပန်အစိုးရက ဆွေးနွေးညှိနှိုင်းရန် တောင်းဆိုလျှင် တောင်ကိုရီးယားအစိုးရက မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို လက်သင့်ခံရန် အဆင်သင့်ရှိကြောင်း ၎င်းက ဆိုသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ဆန္ဒပြမှုများကြောင့် ဟောင်ကောင်တွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း



**ဟောင်ကောင် ဩဂုတ် ၁၂**

ကန့်ကွက်ဆန္ဒပြသူအများအပြားသည် ဟောင်ကောင်လေဆိပ်ရှိ ဆိုက်ရောက်ခန်းမအတွင်းသို့ ဝင်ရောက်၍ ဆန္ဒပြကန့်ကွက်မှုများ ပြုလုပ်ခဲ့သည့်အတွက် ဟောင်ကောင်လေဆိပ်သို့ ဆိုက်ရောက်မည့် လေယာဉ်ခရီးစဉ်များနှင့် လေဆိပ်မှထွက်ခွာမည့် လေယာဉ်ခရီးစဉ်အားလုံးကိုဖျက်သိမ်းလိုက်ကြောင်း ဟောင်ကောင်လေဆိပ်အာဏာပိုင်အဖွဲ့က ယနေ့ ကြေညာလိုက်သည်။

လေယာဉ်ပေါ်သို့ တက်ရန် စာရင်းပေးသွင်းခြင်းဆောင်ရွက်ပြီးသည့် အထွက်လေယာဉ်ခရီးစဉ်များနှင့် ဟောင်ကောင်သို့ ဦးတည်ပျံသန်းလာနေသည့် အဝင်လေယာဉ်ခရီးစဉ်များမှအပ ကျန်လေယာဉ်ခရီးစဉ်အားလုံးကို ယနေ့ နှောင်းပိုင်းအတွက် ဖျက်သိမ်းလိုက်ကြောင်း လေဆိပ်အာဏာပိုင်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

ဒီမိုကရေစီထောက်ခံဆန္ဒပြသူ အများအပြားသည် "ဟောင်ကောင်သည် လုံခြုံမှု မရှိ"၊ "ရဲတပ်ဖွဲ့ ရှက်ပြီးလဲသေဖို့ ကောင်းတယ်"ဟု ဖော်ပြထားသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ လေဆိပ်အတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ပြီးနောက် လေကြောင်းခရီးစဉ်များဖျက်သိမ်းသည့် ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယနေ့ လေဆိပ်တွင် ကန့်ကွက်ဆန္ဒပြမှုများကြောင့် ဟောင်ကောင်လေဆိပ်ရှိ လေကြောင်းကုမ္ပဏီများ ဆိုးဆိုးရွားရွား နှောင့်ယှက်ခံခဲ့ရကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

လေဆိပ်သို့သွားရာလမ်းသည် ပိတ်ဆို့နေကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး လေဆိပ်ရှိ ကားရပ်နားရာနေရာများသည်လည်း ပြည့်သိပ်ညပ်နေသဖြင့် ပြည်သူလူထုများ လေဆိပ်သို့ လာရောက်ခြင်းမပြုရန် လေဆိပ်အာဏာပိုင်များက အကြံပြုထားကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**



# တိုင်ဖုန်းမုန်တိုင်း လီကီမာ တိုက်ခတ်မှုကြောင့် ၄၄ ဦးသေ၊ ၁၆ ဦး ပျောက်ဆုံး

**ဟန်ကျိုး ဩဂုတ် ၁၂**

တရုတ်နိုင်ငံရှိ ပြည်နယ်နှစ်ခုတွင် တိုင်ဖုန်းမုန်တိုင်း လီကီမာတိုက်ခတ်မှုကြောင့် လူ ၄၄ ဦး သေဆုံးပြီး ၁၆ ဦး ပျောက်ဆုံးလျက်ရှိသည်။ ယနေ့နံနက်ပိုင်းတွင် ကျဲကျန်းပြည်နယ်၌ သေဆုံးသူအရေအတွက်မှာ ၃၉ ဦးအထိ မြင့်တက်လာခဲ့ပြီး ကိုးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြည်နယ်ရေဘေးထိန်းချုပ်ရေး ဌာနချုပ်က ပြောကြားသည်။

ယခုနှစ်အတွင်း နဝမမြောက်နှင့် အင်အားအပြင်းထန်ဆုံး တိုင်ဖုန်းမုန်တိုင်း လီကီမာက ကျဲကျန်းပြည်နယ်နေ ပြည်သူ ၆ ဒသမ ၆၈ သန်းကို ထိခိုက်စေခဲ့ပြီး ယင်းတို့အနက် ပြည်သူ ၁ ဒသမ ၂၆ သန်းကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အဆိုပါမုန်တိုင်းကြောင့် သီးနှံစိုက်ခင်း ဟက်တာ ၂၃၄၀၀၀ ပျက်စီးခဲ့ရပြီး စီးပွားရေးအရ နစ်နာဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံနှင့်ညီမျှသည့် ယွမ် ၂၄ ဒသမ ၂၂ ဘီလီယံထိ ရှိခဲ့သည်။

တိုင်ဖုန်းမုန်တိုင်း လီကီမာသည် ဩဂုတ် ၁၀ ရက် အစောပိုင်းက ကျဲကျန်းပြည်နယ် ဝမ်လင်းမြို့တော်၌ တိုက်ခတ်ခဲ့ပြီး ယမန်နေ့ ညပိုင်းက ရှန်ဒေါင်းပြည်နယ် ကျင်းတောင်ကမ်းရိုးတန်းတစ်လျှောက် တိုက်ခတ်ခဲ့သည်။

ရှန်ဒေါင်းပြည်နယ်တွင် အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ငါးဦးသေဆုံးကာ ခုနစ်ဦး ပျောက်ဆုံးနေပြီး ပြည်သူ ၁ ဒသမ ၆၆ သန်းခန့် ဘေးသင့်ကာ ပြည်သူ ၁၈၃၈၀၀ ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေးဦးစီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဗီယက်နမ်တွင် မိုးကြိုးထိမှန်၍ သုံးဦး သေဆုံး

**ဟနွိုင်း ဩဂုတ် ၁၂**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ယမ်ဘိုင်းပြည်နယ်တွင် မိသားစုဝင် သုံးဦးသည် မိုးကြိုးထိမှန်၍ သေဆုံးသွားကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ယနေ့ သတင်းထုတ်ပြန်သည်။

မိုးကြိုးထိမှန်၍ သေဆုံးသူများမှာ အသက် ၅၇ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ ၎င်း၏ အသက် ၂၅ နှစ်အရွယ် ချွေးမနှင့် လေးလသားအရွယ် မြေးယောကျ်ားလေးတစ်ဦးတို့ဖြစ်သည်။ ယင်းအမျိုးသမီးနှစ်ဦးသည် ကလေးငယ်နှင့်အတူ ထရမ်ထောင်းခရိုင်ရှိ တောင်ပေါ်ယာခင်းတွင် မိုးရွာသဖြင့် ထီးဆောင်း၍ အလုပ်လုပ်နေစဉ် မိုးကြိုးထိမှန်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ယခုနှစ် ပထမခုနစ်လအတွင်း သဘာဝ ဘေးအန္တရာယ်ကြောင့် ဗီယက်နမ်နိုင်ငံတွင် လူ ၃၄ ဦး သေဆုံးသို့မဟုတ် ပျောက်ဆုံးခဲ့ပြီး အိမ် ၁၅၆ လုံး ဆုံးရှုံးခဲ့ရသည်။ အခြားအိမ် ၃၀၀၀ ကျော်နှင့် စပါးနှင့် အခြားသီးနှံစိုက်ခင်းဟက်တာ ၃၇၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သဖြင့် ဗီယက်နမ်ဒေါင် ၂၃၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄ သန်း) ဆုံးရှုံးခဲ့ရကြောင်း ဗီယက်နမ်အထွေထွေစာရင်းအင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ အဆိုအရ ဗီယက်နမ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု အများဆုံးကြုံတွေ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပျမ်းမျှအားဖြင့် တိုင်ဖုန်းမုန်တိုင်း ခြောက်ခု သို့မဟုတ် ခုနစ်ခု နှစ်စဉ်ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# သီရိလင်္ကာ၌ အရက်မူးပြီး ကားမောင်းသူ ၈၀၀၀ ကျော် အဖမ်းခံရ

**ကိုလံဘို ဩဂုတ် ၁၂**

သီရိလင်္ကာအစိုးရသည် အရက်သောက်ပြီး ကားမောင်းသူများအား ဖမ်းဆီးထိန်းသိမ်းမှုကို ယခုနှစ် ဇူလိုင် ၅ ရက်ကတည်းက နိုင်ငံတစ်ဝန်းလုပ်ဆောင်ခဲ့ရာ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း အရက်မူးသော ကားသမား ၈၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

သီရိလင်္ကာအစိုးရသည် အရက်မူးပြီး ကားမောင်းသူများအား ဖမ်းဆီးထိန်းသိမ်းရန်အတွက် နိုင်ငံအတွင်းရှိ လမ်းမများနှင့် အဓိက လမ်းမကြီးများတွင် ရဲတပ်ဖွဲ့ဝင်ရာနှင့်ချီ တာဝန်ချထားခဲ့ရာ ယနေ့နံနက်ပိုင်းအထိ အရက်သောက်ပြီး ကားမောင်းသူ ၈၁၄၇ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

အစိုးရသည် အရက်မူးသော ကားသမားများကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၉၄ ဒေါ်လာ ဒဏ်ရိုက်မည်ဖြစ်ပြီး အရက်မူးပြီး ကားမောင်းသူများအား ရှာဖွေဖော်ထုတ်နိုင်သည့် ရဲတပ်ဖွဲ့ဝင်များကို ဆုကြေးငွေ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အက်စ်ပီ ရူဝန်ဂူနာဆီကရာက ပြောကြားသည်။

မော်တော်ယာဉ် မတော်တဆဖြစ်မှုများကြောင့် သီရိလင်္ကာနိုင်ငံတွင် ယမန်နှစ်က လူ ၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# မန္တလေးကာတွန်းလောကနှင့် မောင်မိုးသူ

မောင်မိုးသူ

မောင်မိုးသူနှင့်ခေတ်ပြိုင် ပန်းချီနှင့်ကာတွန်းဆရာနှစ်ဦးဖြစ်သော ပေါ်ဦးသက်နှင့် ဝင်းဖေတို့နှစ်ယောက်မှာ မောင်မိုးသူနှင့် အလွန်ရင်းနှီးကြသူများဖြစ်ပါတယ်။ ပေါ်ဦးသက်နှင့် ဝင်းဖေတို့နှစ်ယောက်မှာ မန္တလေးက ပန်းချီဆရာကြီး ဘကြီးသက်၏ တပည့်အရင်းနှစ်ဦးဖြစ်ပါတယ်။ ဘကြီးသက်ဟာ ဆရာမြို့မငြိမ်းအိမ်ရှေ့က ရှေ့တော်ပြေးဝင်းမှာ နေထိုင်သူဖြစ်ပါတယ်။ ရှေ့တော်ပြေးဝင်းမှာ နာမည်ကျော်ရွာစားကြီး စိန်ဗေဒါနေထိုင်ခဲ့တဲ့ ဝင်းဖြစ်ပါသည်။ ဘကြီးသက်ထံ ပန်းချီအတတ်သင်သင်ကြားစဉ်က ဆရာငြိမ်းသား ကိုမောင်မောင်၊ ဝင်းဖေ၊ ပေါ်ဦးသက်တို့ သုံးယောက်အတူ သင်ကြတယ်လို့ ကြားဖူးပါတယ်။ ကိုမောင်မောင်က အသက်အကြီးဆုံးဖြစ်ပြီး ပန်းချီပညာလည်း ပိုတော်သည်ဟု ကြားဖူးပါတယ်။ သို့သော် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားရှာပြီဖြစ်ပါတယ်။

### အရှုံးအမူးဝယ်ယူဖတ်ကြသူများ

ပေါ်ဦးသက်နှင့် ဝင်းဖေတို့မှာ မောင်မိုးသူနှင့် ခေတ်ပြိုင်သူငယ်ချင်းများဖြစ်ကြပြီး သူတို့နှစ်ယောက်စလုံးနှင့် မောင်မိုးသူတို့ သုံးယောက်ပေါင်းပြီး အဲဒီခေတ်က ထုတ်ဝေသော mad မဂ္ဂဇင်းနှင့် ၎င်း mad မဂ္ဂဇင်းမှာ တစ်ကျပ်တန်လုံးချင်းကာတွန်းများ ထုတ်ဝေလေ့ရှိပါတယ်။ ပေါ်ဦးသက်၊ ဝင်းဖေနှင့် မောင်မိုးသူတို့ သုံးယောက်စလုံးမှာ mad မဂ္ဂဇင်းနှင့် mad လုံးချင်းဝတ္ထုများကို အရှုံးအမူးဝယ်ယူဖတ်ကြသူများ ဖြစ်ပါတယ်။ mad မဂ္ဂဇင်းမှာ နာမည်အကြီးဆုံးကာတွန်းဆရာမှာ ဒေါ်မာတင်ဖြစ်ပါတယ်။ ဒေါ်မာတင်၏ သရော်ချက်ကာတွန်းများမှာ အလွန်ပဲ ပြောင်မြောက်လေ့ရှိပါတယ်။ ဥပမာတစ်ခု ပြပါရစေ။ မဂ္ဂဇင်းမှာ ကာတွန်းဇာတ်လမ်းပထမအကွက်တွင် ရော်ဘင်ဟုရဲ့ဘက်တော်သားတစ်ဦးကြိုးပေးခံရမည့်ဆဲဆဲ လည်ပင်းကြိုးတပ်ထားချိန် ထိုရော်ဘင်ဟုရဲ့ဘက်တော်သားတစ်ဦးက ဘာမျှ မပူပါနဲ့ ကျုပ်ဆရာ ရော်ဘင်ဟုက ဒီအချိန်မှာဆိုရင် အပြင်မှာ ရောက်နေလောက်ပါပြီ။ သူက ကျုပ်လည်ပင်းမှာ တပ်ထားတဲ့ကြိုးကို ပစ်ချပြီး ကျုပ်ကို ကယ်မယ့်လူဟု ပြောပါတယ်။

### အလွန်ပြောင်မြောက်စွာ ရေးဆွဲ

ဒုတိယအကွက်တွင် တကယ်လည်း ရော်ဘင်ဟုနှင့် သူ့ရဲ့လက်ရုံး မြားဆရာ လစ်တစ်ဂျွန်တို့ ကြိုးစင်နှင့် မလှမ်းမကမ်းတွင် ရောက်ရှိနေသည်ကို ပြပါတယ်။ အဲဒီမှာတင် ရော်ဘင်ဟုနှင့် လစ်တစ်ဂျွန်တို့နှစ်ယောက် အနက် လစ်တစ်ဂျွန်အား ကြိုးစင်မှ ရော်ဘင့်တပည့်ကို ကယ်တင်ရန် မြားနှင့် ပစ်ခိုင်းလိုက်ပါတယ်။ လစ်တစ်ဂျွန် ပစ်လိုက်သည့်မြားမှာ ကြိုးသမား၏ လည်ပင်းမှကြိုးကို ထိမှန်ခြင်းမရှိဘဲ ကြိုးစင်မှ သစ်သားတိုင်ကိုသာ ထိမှန်သွားပါတယ်။ ထိုကဲ့သို့ လွဲချော်သွားသည့်အတွက် ရော်ဘင်ဟုက မကျေမနပ်နှင့် လစ်တစ်ဂျွန်ကို ဘေးဖယ်စေပြီး သူကိုယ်တိုင် ပစ်ပြလိုက်ပါတယ်။ သူပစ်လိုက်တဲ့ မြားချက်ကိုမပြမီ အားလုံးက လက်ခုပ်သြဘာတီးကြပါတယ်။ ရော်ဘင်ဟုပစ်လိုက်တဲ့မြားချက်ဟာ ကြိုးသမား၏ လည်ပင်းမှာ စွပ်ထားသောကြိုးကို ထိမှန်ခြင်းမရှိဘဲ တပည့်ဖြစ်သူမှာ ကြိုးတန်းလန်းနှင့် သေဆုံးနေတာကို ပြပြီး ရော်ဘင်ဟု၏ မြားချက်ဟာ အလွန်ကျော်ကြားသော သူ၏မြားချက်ဖြစ်သည့် လစ်တစ်ဂျွန် ပစ်ထားသော တိုင်မှာစိုက်နေသည့်မြားကို ထက်ခြမ်းခွဲ၍ ထိမှန်သွားခြင်းဖြစ်ပါတယ်။ ဒေါ်မာတင်၏ သရော်ချက်မှာ ဤကဲ့သို့ ပြောင်မြောက်လှပါတယ်။

mad မဂ္ဂဇင်းတွင် စပိုင်အဖြူနှင့် အမည်းတို့၏ အစွမ်းပြိုင်ပွဲများ အမြဲပါလေ့ရှိပါတယ်။ စပိုင်အမည်းက စပိုင်အဖြူကို မည်ကဲ့သို့ ဒုက္ခပေးလိုက်မည်ဟု စဉ်းစားနေခြင်းကိုပြပြီး နောက်တစ်ကွက်တွင် စပိုင်အဖြူက စပိုင်အမည်း၏ စိတ်ကူးအကြံအစည်ကိုသိနေပြီး ကာကွယ်ပြီးသားဖြစ်နေသည့်ပြကွက်ဖြစ်ပါတယ်။ ဤသို့ဖြင့် စပိုင်အမည်းနှင့် စပိုင်အဖြူတို့ တစ်ဦးနှင့်တစ်ဦး ချောက်ချသည့် စိတ်ကူးများကို ဖော်ဆောင်ပြသပြီး တကယ်လက်တွေ့တွင် တစ်ဖက်လူက တစ်ယောက်လူ၏ တွေးခေါ်ကြံစည်ချက်ထက်သာလွန်သော အတွေးအခေါ်ပြကွက်ဖြစ်ပါတယ်။ ထိုနည်းတူ mad မဂ္ဂဇင်းတွင် ထိုအချိန်က အမေရိကန်နိုင်ငံ၏ သမ္မတဖြစ်သူ ဂျွန်ကနေဒီ၊ သူ၏ဇနီး ဂျက်ကလင်းနှင့် သမီးငယ်တို့ပုံများကို ကာရီကေးချားပုံများအဖြစ် အလွန်ပြောင်မြောက်စွာ ရေးဆွဲလေ့ရှိသူဖြစ်ပါတယ်။

### နာမည်ပြောင်ရေးဆွဲ

ထိုကဲ့သို့သော mad ကာတွန်းများကို အလွန်နှစ်ခြိုက်သဘောကျကြပြီး သုံးဦးအနက် ဝင်းဖေ၏ ညီဖြစ်သူ မောင်တင်ဝင်းက ဂလိ ဆိုသည့် မဂ္ဂဇင်းထုတ်ဝေပါတယ်။ ၎င်းမဂ္ဂဇင်းတွင် ပေါ်ဦးနှင့် ဝင်းဖေတို့က ပင်တိုင်ရေးကြပြီး မောင်တင်ဝင်း၏ "ဂလိ" မဂ္ဂဇင်းမှာ အုပ်ရေ ၂၀ ခန့်သာ ထုတ်ဝေဖြစ်ခဲ့သည်ဟု မှတ်မိနေပါတယ်။ "ဂလိ"မဂ္ဂဇင်းထဲတွင် ပေါ်ဦးသက်ရေးခဲ့သည့် ဇာတ်လမ်းမှာ ထိုခေတ်ထိုအခါက ဆရာကြီး မြစကြာ၏ ဆရာမြဲ ဆရာပဲနှင့် တပည့်ဖြစ်သူ မောင်အေးတို့ကို သရော်လှောင်ပြောင်သည့် ဇာတ်လမ်းများ ရေးခဲ့ပါတယ်။ ဆရာမြဲ၏ နာမည်ကို ပေါ်ဦးသက်က ဆရာလွဲဟု ရေးသား ခဲ့ပြီး တပည့်ဖြစ်သူ မောင်အေး၏ နာမည်ကို မောင်ပြေးဟု နာမည်ပြောင်ရေးဆွဲပါတယ်။ ပြကွက်တစ်ခုမှာ ဆရာလွဲ နှင့်မောင်ပြေးတို့ စုန်းမကြီးတစ်ဦးထံ ဟင်းနှင့်ပေါက်လိုက်ရာ စုန်းမကြီးက ဘာမျှမဖြစ်၊ ထိုစဉ် ကြောက်ရွံ့နေ ပြီဖြစ်သော မောင်ပြေးက ပြေးဖို့ ကြံစည်နေပြီး ဆရာလွဲက နောက်ထပ်တစ်စုံတစ်ရာနှင့်ပေါက်လိုက်ရာ ပြင်းထန်သော ပေါက်ကွဲမှုကြီးဖြစ်သွားပြီး စုန်းမကြီးပျောက်သွားပါတယ်။ ထိုအခါမှ မောင်ပြေးက ဆရာကြီးပစ်လိုက်တာ တယ်စွမ်းပါလား ဘာနဲ့များ ပစ်လိုက်တာလဲဟု ပြောလိုက်ရာ ဆရာလွဲက ပြင်းမှာပေါ့ အဲဒါကလက်ပစ်ဗုံးကွဟု ပြောလိုက်ပါတော့တယ်။ ထိုကဲ့သို့ သရော်လှောင်ပြောင်ချက်များနှင့် ဂလိမဂ္ဂဇင်းသည် ထွက်ခဲ့ပါတယ်။

### တာဝန်ပေးလုပ်ကိုင်

သို့သော် ကြာမြင့်စွာ မထွက်ခဲ့ရပါ။ မောင်တင်ဝင်း ကွယ်လွန်သွားပြီးနောက် ဂလိလည်း ရပ်ဆိုင်းသွားပါတော့တယ်။ မောင်မိုးသူတို့ခေတ်တွင် မန္တလေးမြို့ လူထုသတင်းစာ၊ ဗဟိုစည်သတင်းစာ၊ မြန်မာ့လမ်းစဉ်သတင်းစာနှင့် မန်းခေတ်သတင်းစာတို့ရှိပါတယ်။ မန်းခေတ်သတင်းစာမှာ ရန်ကုန်ဗမာ့ခေတ်သတင်းစာ၏ တိုက်ခွဲဖြစ်ပါတယ်။ ၎င်းမန်းခေတ်သတင်းစာကို အယ်ဒီတာအဖြစ် ရန်ကုန်မှ ကိုစိန်ခင်မောင်ရီ ကိုင်ပါတယ်။ စိန်ခင်မောင်ရီက ခဏမျှသာကိုင်ပြီး ရန်ကုန်ပြန်သွားသောအခါ ကိုတင်ထွေးကို ထားခဲ့ပါတယ်။ ကိုတင်ထွေးကလည်း မကြာမီတွင် ရန်ကုန်ပြန်သွားသည့်အခါ မန်းခေတ်သတင်းစာတွင် အယ်ဒီတာအဖြစ် ကိုသာနိုးကို ခေါ်ယူခန့်အပ်ပါတယ်။ ထိုစဉ်က ကိုသာနိုးဟာ အသက်မွေးဝမ်းကျောင်းအတွက် ကျူရှင်များ အချိန်ပြည့်ပြသနေရသူဖြစ်ပါတယ်။ သူ မအားလပ်သည့်အတွက် တက္ကသိုလ်နှစ်လယ်မဂ္ဂဇင်းတွင် မောင်သာနိုးက အင်္ဂလိပ်စာတည်း၊ မောင်မိုးသူက မြန်မာစာတည်းအဖြစ် လုပ်ကိုင်ပေးနေသည်ကို အကြောင်းပြု၍ မန်းခေတ်သတင်းစာတွင် ညအယ်ဒီတာအဖြစ် မောင်မိုးသူအား တာဝန်ပေးလုပ်ကိုင်စေပါတယ်။ မောင်မိုးသူတစ်ယောက် သတင်းစာတစ်စောင်လုံးကို နေ့ခင်းတွင် နယ်အရပ်ရပ်မှပို့သည့် သတင်းများကို တည်းဖြတ်ဖော်ပြရပြီး မျက်နှာဖုံးနှင့် အလယ်ဖောင်နိုင်ငံရေးသတင်းများကို မန်းခေတ်သတင်းထောက်ကိုအောင်ကျော်က ရေးသားပါတယ်။

### ပြန်ဆိုရေးသား

မောင်မိုးသူက တည်းဖြတ်ဖော်ပြရုံသာဖြစ်ပါတယ်။ မန်းခေတ်သတင်းစာတိုက်တွင် လူထုသတင်းစာတိုက်ကဲ့သို့ နိုင်ငံခြားသတင်းအဆက်အသွယ်လည်း မရှိပါ။ ထို့ကြောင့် မောင်မိုးသူတစ်ယောက် ဘီဘီစီ အင်္ဂလိပ်ပိုင်းအစီအစဉ်မှ ကမ္ဘာ့သတင်းများကို တစ်နာရီတစ်ကြိမ်ကြေညာသူများကို လိုက်လံမှတ်သား နားထောင်၍ ပြန်လည်ရေးသားရတာ ဖြစ်ပါတယ်။ တကယ်တော့ မောင်မိုးသူက လက်ရေးတိုလည်း မတတ်ပါ။ သို့သော် ဘီဘီစီ၏ ကမ္ဘာ့သတင်းများ တစ်နာရီ တစ်ကြိမ် ထပ်ကာထပ်ကာ ကြေညာနေသူများဖြစ်၍ အင်္ဂလိပ်လို ကြေညာထားသူများကိုမှတ်သားပြီး မောင်မိုးသူ တစ်ယောက် မြန်မာသတင်းအဖြစ် ပြန်ဆိုရေးသားရခြင်း ဖြစ်ပါတယ်။ နားထောင်နေကျ၊ လုပ်နေကျဖြစ်သွား သည့်အခါတွင် သတင်းအဆက်အစပ်များကိုလည်း နားလည်သဘောပေါက်ပြီး ပြန်ဆိုရေးသားရာတွင် အခက်အခဲမရှိပါ။

### ရေးသားခဲ့မိ

ဤသို့ဖြင့် မောင်မိုးသူတစ်ယောက် နေ့ခင်းနေ့လယ် အိပ်ရာနိုးသည့်အခါမှစ၍ သတင်းစာတိုက်ကိုလာ နယ်သတင်းများကိုဖတ်ပြီး ဖောင်ဖွဲ့၊ နိုင်ငံခြားသတင်းများကို ဘာသာပြန်ဖော်ပြ၊ ထူးခြားသည့် ပြည်တွင်းနိုင်ငံရေးသတင်းများကို မျက်နှာဖုံးအလယ်ကောင်များတွင် ဖော်ပြရေးသားရပါတယ်။ ဤသို့အားဖြင့် ရေထဲကို ကန်ချခံရပြီး ရေကူးတတ်ရသလို သတင်းစာဆရာအလုပ်ကို မလွှဲမရှောင်သာဘဲ မောင်မိုးသူ ရိပ်ဖမ်းသံဖမ်းသိနားလည်တတ်ကျွမ်းခဲ့ရပါတယ်။ အဲဒီအချိန်တွင် တခြားသတင်းစာများက ကာတွန်းများဖော်ပြနေချိန်တွင် မန်းခေတ်သတင်းစာတိုက်တွင် ကာတွန်းဆရာမရှိ၍ ကာတွန်းလည်း မဖော်ပြနိုင်ခဲ့ပါ။ မောင်မိုးသူကိုယ်တိုင်ကလည်း ပန်းချီဝေဖန်ရေးဆောင်းပါးများ ရေးသားခဲ့ပါတယ်။

### သရုပ်ဖော်ရေးဆွဲ

မန်းခေတ်သတင်းစာတိုက် ရပ်နားသွားချိန် မန္တလေး အေလမ်းမှ ယုဝပုံနှိပ်တိုက်ပိုင်ရှင် ဦးလေးကိုနှင့် မိတ်ဆွေတစ်ဦးက ဂျာနယ်တစ်စောင်ထုတ်ဝေရန် စီစဉ်သည့်အတွက် မောင်သာနိုးနှင့် မောင်မိုးသူတို့ကို အယ်ဒီတာအဖြစ် ခန့်အပ်လုပ်ကိုင်စေပါတယ်။ ခေတ်ဂျာနယ်သည် တစ်ပတ်တစ်ကြိမ်ထုတ်ဂျာနယ်ဖြစ်ပြီး ပထမဆုံးဂျာနယ်မှာ ဟီရိုရှီးမားနေ့အထိမ်းအမှတ်အဖြစ် စတင်ထုတ်ဝေခဲ့ပါတယ်။ ခေတ်ဂျာနယ်တိုက်၏ ပင်တိုင်ပန်းချီဆရာ ကာတွန်းဆရာမှာ ဝင်းဖေဖြစ်ပါတယ်။ ဝင်းဖေ၏ ခေတ်ဂျာနယ်ကြော်ငြာပိုစတာကို နောက်ကျောပေး မျက်နှာတစ်ခြမ်းလှည့်ထားသည့် ကြောင်ရုပ်အမည်းကြီးပုံကိုရေးဆွဲပြီး ကြောင်မနေနဲ့ ခေတ်ဂျာနယ်ဖတ်ဟု ပိုစတာရေးဆွဲခဲ့ရာ အလွန်ပဲ အောင်မြင်ထင်ရှားထိရောက်ခဲ့ပါတယ်။ ပထမဆုံးထုတ်ဝေသည့် ခေတ်ဂျာနယ်မျက်နှာဖုံးကိုလည်း ကမ္ဘာ့ခေါင်းဆောင်အသီးသီးတို့၏ ကာရီကေးချားရုပ်ပုံများအဖြစ် ရေးဆွဲပေးခဲ့ပါတယ်။ တစ်ချိန်တည်းတွင် ခေတ်ဂျာနယ်၌ မောင်သာနိုးက တော်စတွိုင်း၏ဝတ္ထုတစ်ပုဒ်ကို ရုပ်ပြဇာတ်လမ်းရေးပေးခဲ့ရာ ဝင်းဖေက သရုပ်ဖော်ရေးဆွဲပေးခဲ့ပါတယ်။

### ဝင်းရေး ဝင်းဖတ်ပြုလုပ်

ခေတ်ဂျာနယ်မှာ တစ်ပတ်တစ်ကြိမ် ထုတ်ဝေသည့်စာစောင်ဖြစ်ပြီး အယ်ဒီတာအဖြစ်လုပ်ဆောင်ရသည့် မောင်သာနိုးနှင့် မောင်မိုးသူတို့မှာ အယ်ဒီတာနာမည်ခံဝံ့သူများ မဟုတ်ပါ။ ခေတ်ဂျာနယ်တိုက်၏ ဖိုမင်ဖြစ်သော မောင်ကျော်ညွန့်ကသာ ထုတ်ဝေသူအဖြစ် မှတ်ပုံတင်ရပါတယ်။ မန်းခေတ်သတင်းစာတိုက်မှာ သတင်းထောက် ကိုအောင်ကျော်တို့၏ နိုင်ငံရေးသတင်းများကို မျက်နှာဖုံးအဖြစ်ဖော်ပြခဲ့ပြီး နိုင်ငံတကာသတင်းများကို အလယ်ဖောင်အဖြစ် မောင်မိုးသူက ရေးသားပါတယ်။ အပေါင်းအသင်း မိတ်ဆွေများအားလုံးကလည်း ဝိုင်းဝန်းရေးသားကြပါတယ်။ မောင်နေဦးတစ်ယောက်လည်း တိုက်တွင် လာရောက်ပြီး ကူညီထိုင်ပါတယ်။ ကဗျာဆရာတင်မိုးတို့၊ ကြည်အောင်တို့လည်း ကဗျာတွေ ဝင်ရေး ဝင်ဖတ်ပြုလုပ်ကြပါတယ်။

### ထင်ရှားကျော်ကြား

ခေတ်ဂျာနယ်တွင် မောင်စိန်မြင့်၏ ခွပ်ဒေါင်းအကျဉ်းသားစာမူ စတင်ပါဝင်ခဲ့ပါတယ်။ ခေတ်ဂျာနယ်တွင် ထင်ရှားသောဆောင်းပါးများမှာ လယ်ဇင်ဘလင်း၏ ပေးစာဖြစ်ပါတယ်။ သတ်ပုံတွင် ရေးကြီးခွင်ကျယ်လောဟု အစရှိသည့် စူးရှရှဆောင်းပါးများ ပါဝင်ခဲ့သည့်အပြင် နိုင်ငံရေးအရလည်း ပြင်းထန်သော ဝေဖန်မှုများကို ရေးသားဖော်ပြခဲ့ပါတယ်။ ခေတ်ဂျာနယ်သည် ၂၄ ပတ်မျှ ထုတ်ဝေနိုင်ခဲ့ပါတယ်။ ခေတ်ဂျာနယ် ၁၃ ပတ်၊ ၁၄ ပတ်မြောက်တွင် မောင်သာနိုးအား ဖမ်းဆီးထိန်းသိမ်းခြင်းခံရပါတယ်။ ခေတ်ဂျာနယ်သည် ၂၄ ပတ် အရောက်တွင် မှတ်ပုံတင်ရုပ်သိမ်းခံရပြီး ဂျာနယ်လည်း ရပ်ဆိုင်းသွားပါတော့တယ်။ ထိုသောအခါမှ ပင်တိုင်ပန်းချီကာတွန်းဆရာဝင်းဖေသည် လူထုတိုက်တွင် ရောက်ရှိနေသော သူငယ်ချင်း ပေါ်ဦးသက်နှင့် ပေါင်းစည်းမိသွားပြီး လူထုတိုက်တွင် ပေါ်ဦး၊ ဝင်းဖေတို့၏ကာတွန်းများဖြင့် ထင်ရှားကျော်ကြားလာပါတော့တယ်။ ။

> မန်းခေတ်သတင်းစာတိုက် ရပ်နားသွားချိန် မန္တလေး အေလမ်းမှ ယုဝပုံနှိပ်တိုက်ပိုင်ရှင် ဦးလေးကိုနှင့် မိတ်ဆွေတစ်ဦးက ဂျာနယ်တစ်စောင် ထုတ်ဝေရန် စီစဉ်သည့်အတွက် မောင်သာနိုးနှင့် မောင်မိုးသူတို့ကို အယ်ဒီတာအဖြစ် ခန့်အပ်လုပ်ကိုင်စေပါတယ်။ ခေတ်ဂျာနယ်သည် တစ်ပတ်တစ်ကြိမ်ထုတ်ဂျာနယ်ဖြစ်ပြီး ပထမဆုံးဂျာနယ်မှာ ဟီရိုရှီးမားနေ့အထိမ်းအမှတ်အဖြစ် စတင်ထုတ်ဝေခဲ့ပါတယ်။ ခေတ်ဂျာနယ်တိုက်၏ ပင်တိုင်ပန်းချီဆရာ ကာတွန်းဆရာမှာ ဝင်းဖေဖြစ်ပါတယ်။ ဝင်းဖေ၏ ခေတ်ဂျာနယ်ကြော်ငြာပိုစတာကို နောက်ကျောပေး မျက်နှာတစ်ခြမ်းလှည့်ထားသည့် ကြောင်ရုပ်အမည်းကြီးပုံကိုရေးဆွဲပြီး ကြောင်မနေနဲ့ ခေတ်ဂျာနယ်ဖတ်ဟု ပိုစတာရေးဆွဲခဲ့ရာ အလွန်ပဲ အောင်မြင်ထင်ရှား ထိရောက်ခဲ့

# ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်း ကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေ ချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

ဇယား(၁)

ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန်မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၄၀၇၁၁၈၃.၃၇၄ |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁၁၃၀.၀၃၃ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၁၉၉၄၆၇.၄၉၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၂၀၃၅၆၃.၁၉၂ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၅၂၂၀၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၇၇၆၃၆.၇၂၀ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၉၉.၅၄၀ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁၃၃၀၂၈၆.၃၉၄ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန် | ၁၀၀၀၀၀.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၈၉၆၄၅.၀၀၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂၃၈၉၆၄၅.၀၀၈ |
| ၃ | | | **အကောက်ခွန်** | **၅၂၀၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၅၂၀၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၈၈၁၅၆၉.၅၀၂** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၁၇.၅၁၉ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၇.၅၂၃ |
| | ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | တာတမံခွန်၊ | ၁.၂၆၀ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅၈၀၂.၆၃၃ |
| | ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလုဆင်ကျောက်များမပါ)၊ | ၆၃.၄၄၄ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၃၀၀၀.၀၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၄၅၇၇၅၅.၃၂၈ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန် | ၃၀၃၈၆.၈၇၄ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၃၇၈၅၉၅.၂၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂၁၉၇.၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။ | ၆၇၂.၇၀၁ |
| | | | စုစုပေါင်း | ၇၈၆၃၃၉၇.၈၈၄ |

## ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ

**ထားဝယ် ဩဂုတ် ၁၂**

"လူငယ်အားလုံးပါဝင်လို့ ပညာရေးစနစ်ကိုပြောင်းလဲကြပါစို့" ဆောင်ပုဒ်နှင့်အညီ Action & Learning Community (ALC) နှင့် တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအခွင့်အရေးအပြည့်အဝရရှိစေရေးနှင့် လူငယ်များ၏ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ဦးဆောင်မှုနှင့် တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ UN Agencies များဖြင့် ပူးပေါင်းပြီး ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ကိုကာကွယ်တည်ဆောက်နိုင်မည့် စွမ်းရည်ပြည့်ဝသော လူငယ်များ၊ သာတူညီမျှဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ် ပျိုးထောင်ပေးနိုင်ပြီး နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် (ALC) မှ ကိုသန့်ဇင်စိုးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် (ALC) မှ လူငယ်များက ကဗျာများရွတ်ဖတ်၍ တက်ရောက်လာသူများကို



တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်ပြသသည်။

ဆက်လက်၍ လူငယ်များက အပြောင်းအလဲအတွက် ဦးဆောင်လှုပ်ရှားနေသောလူငယ်များ၏ ဘဝအတွေ့အကြုံများအကြောင်း၊ ဒေသအတွင်း လုပ်ဆောင်လျက်ရှိသော လူငယ်စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များအကြောင်း ဆွေးနွေးပြောကြားကြပြီး ထားဝယ်ရေအိုးရှက်အကနှင့် တေးဂီတသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

**ထားဝယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း မြို့သစ်မြို့နယ်ရှိ မိုးရာသီတွင်စိုက်ပျိုးထားသည့် သစ်ပင်မျိုးစုံရှင်သန်နေမှု ကြည့်ရှုစစ်ဆေး



**မြို့သစ် ဩဂုတ် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မြို့သစ်ကြိုးပိုင်းအကွက်အမှတ်(၅) နေပြည်တော်-ကံပြား ကားလမ်းမိုင်တိုင်အမှတ် ၃၈ မိုင်၂ ဖာလုံတွင် စိုက်ပျိုးထားသည့် Hybrid Acacia၊ မာတာကွတ်၊ ပျဉ်းကတိုး၊ လျှော်ဖြူ၊ မျှင်ဝါးနှင့် သစ်မျိုးစုံစိုက်ခင်း ရှင်သန် အောင်မြင်ဖြစ်ထွန်းရေး ပြုစုထိန်းသိမ်းမှုအခြေအနေကို ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြို့သစ်မြို့နယ်မှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးက စိုက်ပျိုးထားရှိသည့် အပင်အမျိုးအစားအလိုက် လက်တွေ့ပြုစုထိန်းသိမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါစိုက်ခင်းတွင် HybridAcacia အပင် ၁၅၀၊ မာတာကွတ် ၁၀၂ ပင်၊ ပျဉ်းကတိုး ၈၂ ပင်၊ လျှော်ဖြူ ၉၈ ပင်၊ မျှင်ဝါး ၆၈ ပင် စုစုပေါင်းအပင် ၅၀၀ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်း ရှင်သန်လျက်ရှိကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် ပအိုဝ်း မောင်မယ်သစ်လွင်ကြိုဆိုပွဲတက်ရောက်

**လွိုင်ကော် ဩဂုတ် ၁၂**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပအိုဝ်းမောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နိုင်ငံတစ်နိုင်ငံတွင် လူမျိုးဖွံ့ဖြိုးတိုးတက်ရာမှာ ပညာရေးသည် အဓိကကျကြောင်း၊ လူမျိုးတင့်ဖို့ နိုင်ငံတင့်ဖို့ ပညာရေးသည် အခြေခံကျပြီး ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များကို ပအိုဝ်းအမျိုးသားခေါင်းဆောင်များက ဂုဏ်ပြုချီးမြှင့်ခြင်း၊ ကြိုဆိုခြင်းများပြုလုပ်ပေးနေကြောင်း၊ ပညာရေးကဏ္ဍမှာ လူငယ်များကို လက်တွဲခေါ်ဆောင်ခြင်းဖြင့် အနာဂတ်နိုင်ငံအတွက် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဟန်ဆောင်က မောင်မယ်သစ်လွင်ကြိုဆိုဂုဏ်ပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးတို့က ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**





## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေလွှဲဆည်နှင့် ရေလှောင်တမံများကြည့်ရှုစစ်ဆေး

**ပဲခူး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီခွဲက ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလွှဲဆည်၊ ဖြူးချောင်းရေလှောင်တမံနှင့် အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကျောက်တံခါးမြို့နယ်အတွင်းရှိ ရဲနွယ်ရေလွှဲဆည် သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရဲနွယ်ရေလွှဲဆည်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေစီးဝင်မှုနှင့် ပြန်လည်ထုတ်လွှတ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆည်တမံများ၏ ကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုအခြေအနေ၊ ဆည်ရေအမှတ်တို့အား ရေကင်းများချ၍ အချိန်ပြည့်စောင့်ကြည့်ရန်၊ ဆည်ပတ်ဝန်းကျင်ဒေသများကိုလည်း မိမိတို့ဆည်တမံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ရဲနွယ်ရေလွှဲဆည်၏ အခြေအနေကို လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရဲနွယ်ရေလွှဲဆည်သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းပေါ်တွင်တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပြီးစီးသဖြင့် ၂၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ထုတ်ယူလျက်ရှိသည်။ နှစ်စဉ်ပျမ်းမျှ ၁၂၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ရဲနွယ်ရေလွှဲဆည်ရေသောက်စနစ်အား ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိပြီး တူးမြောင်းမကြီးနှစ်ခု၊ အရှည်ခုနစ်မိုင်၊ မြောင်းခွဲသုံးခု အရှည် ၁၉ မိုင်၊ လက်တံမြောင်းကိုးခု အရှည် ၉၂ မိုင်၊ လက်တံမြောင်းခွဲများ ၈၈ ခု ၃၅၀ မိုင်၊ တူးမြောင်းအဆောက်အအုံ ၄၁၄၀ နှင့် စီမံကိန်းပြီးစီးမည့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကျောက်တံခါး၊ ပိန်းဇလုပ်၊ ညောင်လေးပင်၊ ပြွန်တန်ဆာမြို့နယ်တို့ရှိ လယ်မြေဧရိယာ ဧက ၆၂၀၀၀ အား ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြူးမြို့နယ် ဖြူးချောင်းရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဖြူးချောင်းရေလှောင်တမံရှင်းလင်းဆောင်၌ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လက်ရှိဆည်တမံအတွင်း ရေဝင်ရောက်နေမှုနှင့် တမံ၏ကြံ့ခိုင်မှုအခြေအနေနှင့် ရေပိုလွှဲမှ ရေကျော်နေမှုအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် ဖြူးချောင်းရေလှောင်တမံ စီမံကိန်းတာဝန်ခံတို့က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တမံ၏ ခံနိုင်ဝန်ကို သေချာစစ်ဆေးရန်၊ ရေဝင်ရောက်မှုနှင့် ရေလွှတ်ခြင်းကို ထိန်းညှိရန်၊ ရေလွှတ်ရာတွင်လည်း တမံအောက်ခြေရှိ မြို့ ကျေးရွာနှင့် ဆည်တမံများ၏ သတင်းအချက်အလက်များကို ပြည်သူများသိရှိစေရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးနှင့် လိုအပ်သော ဆည်တမံများတွင် CCTV တပ်ဆင်၍ အများပြည်သူသိရှိနိုင်ရေး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ဖြူးချောင်းရေလှောင်တမံနှင့် ရေပိုလွှဲရေကျော်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြူးချောင်းရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၁၄ ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၁၂၀ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်လျက်ရှိကြောင်းနှင့် ယခုအခါ ရေအားလျှပ်စစ်ထုတ်ယူနေချိန်ဖြစ်၍ ရေလွှတ်ထားရပြီး ရေပိုလွှဲမှုလည်း တစ်ပေခန့် ရေကျော်လျက်ရှိရာ ယခင် ၂၀၁၈ ခုနှစ်တွင် ငါးပေခန့် ရေကျော်ခဲ့သော်လည်း အန္တရာယ်မရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် မင်းရဲရေလှောင်တမံသို့သွားရောက်ကြည့်ရှုပြီး လက်ရှိရေဝင်ရောက်မှုအခြေအနေသည် နည်းနေသော်လည်း ပေါ့ဆမှုမရှိစေဘဲ တမံကြံ့ခိုင်မှုကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြရန်၊ ဆည်တမံများနှင့်ပတ်သက်၍ နေ့စဉ်သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ထုတ်ပြန်သွားရန် မှာကြားသည်။

အဆိုပါ မင်းရဲရေလှောင်တမံသည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ အနောက်ဘက် ၃ ဒသမ ၅ မိုင်ခန့်အကွာ မင်းရဲကျေးရွာအနီး မင်းရဲချောင်းပေါ်တွင် ၁၉၉၄ ခုနှစ်က တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့၊ အုတ်ဖိုကျေးရွာ၊ ငွေးတောက်ခင်ကျေးရွာနှင့် မြေစီးကျေးရွာတို့ရှိ မြေဧရိယာ ၅၀၅ ဧကအား စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မန္တလေးရွှေဈေးကွက် တစ်ကျပ်သား ၁၂၀၀၀၀၀ ကျော် စံချိန်တင်မြင့်တက်

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးမြို့ ရွှေဈေးကွက်တွင် မြန်မာ့ရွှေအရောင်းအဝယ်သက်တမ်းတစ်လျှောက် ဩဂုတ် ၁၂ ရက် ဈေးဖွင့်ချိန်တွင် တစ်ကျပ်သားကျပ် ၁၂၁၂၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရွှေထွက်ရာဒေသများဖြစ်သော သပိတ်ကျင်း၊ ရမည်းသင်းမြို့နယ်များတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်ခြင်း၊ ဒေါ်လာလဲလှယ်နှုန်းမြင့်တက်နေခြင်း၊ ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်နေခြင်းကြောင့် ရွှေဈေးများမြင့်တက်လျက်ရှိသည်။

ဩဂုတ်လအတွင်း အခေါက်ရွှေတစ်ကျပ်သားကျပ် ၁၂၀၀၀၀၀ အောက်ပြန်ကျရန် မဖြစ်နိုင်သေးကြောင်း မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ရွှေဈေးအမြင့်ဆုံးရောက်ရှိသွားသောကြောင့် အရောင်းအဝယ်ပါးသွားပြီး ရွှေစုဆောင်းထားသူအချို့မှာလည်း အခေါက်ရွှေဈေး ကျပ် ၁၂ သိန်းကျော်ရောက်ရှိလာသဖြင့် ပြန်လည်ထုတ်ရောင်းချသူများပြားလျက်ရှိကြောင်း မန္တလေးမြို့ ရွှေအရောင်းအဝယ်ဈေးကွက်မှ သိရသည်။

ဩဂုတ် ၁၂ ရက် နံနက် ၇ နာရီ ရွှေအဖွင့်ဈေး အခေါက်ရွှေ တစ်ကျပ်သားငွေကျပ် ၁၂၁၃၀၀၀၊ ၁၅ ပဲရည် ငွေကျပ် ၁၁၄၃၀၀၀၊ ဒင်္ဂါး ငွေကျပ် ၁၀၉၃၀၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်ထရိုင်အောင်စ ၁၄၉၅ ဒေါ်လာ၊ ငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၁၅၁၄ ကျပ်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေး

**ရန်ကုန် ဩဂုတ် ၁၂**
ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လှုပ်ရှားမှုကို ရန်ကုန်မြို့အပါအဝင်မြို့ကြီးများ၌ ကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ Junction City ၌လည်း ယနေ့နံနက်ပိုင်းက အဆိုပါလှုပ်ရှားမှုကိုကျင်းပရာ စိတ်ဝင်စားသူလူငယ်များ လာရောက်ကြကြောင်း သိရသည်။

ထိုနေ့ လှုပ်ရှားမှုတွင် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် Access to Health မှ လူငယ်များက လာရောက်လေ့လာသူ လူငယ်များအား လူငယ်နှင့် ပညာရေးဆိုင်ရာမေးခွန်းများမေးမြန်းခြင်း၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာဆိုင်ရာမေးခွန်းများ မေးမြန်းခြင်းနှင့် လူငယ်များအကြားဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးသုံးစွဲခြင်း လျှော့ကျရေး၊ HIV ကူးစက်ခြင်းအသိပညာပေးခြင်း၊ လိင်မှုကိစ္စလျှော့ပါးရေး၊ မိန်းကလေးများအဆင်သင့်မဖြစ်ဘဲ ကိုယ်ဝန်ဆောင်ရခြင်းကို ရှောင်ရှားရေးဆိုင်ရာများကို ဆရာဝန်များ၊ လူငယ်အရေးဆောင်ရွက်သူများက အသိပညာပေးဆွေးနွေးခြင်းနှင့် လူငယ်ဆိုင်ရာ အကပြိုင်ပွဲများကို အဖွဲ့လိုက်ကျင်းပကာ လှုပ်ရှားဆောင်ရွက်ကြောင်း သိရသည်။

ယခုနှစ်အတွက် နိုင်ငံတကာလူငယ်များနေ့၏ ဆောင်ပုဒ်သည် Transforming Education ပြောင်းလဲနေသော ပညာရေးဆီသို့ လူငယ်တိုင်းတူညီပါဝင်စို့ဖြစ်ကြောင်း သိရသည်။ လူငယ်ကို အသက် ၁၈ နှစ်မှ ၂၄ နှစ်အထိ သတ်မှတ်ထားကြောင်း သိရသည်။

"လူငယ်လို့ပြောရင် ကျောင်းနေတဲ့ လူငယ်ရော ကျောင်းပြင်ပက လူငယ်ရောအားလုံးလက်လှမ်းမီမီပါဝင်စေချင်ပါတယ်။ လက်လှမ်းမီဖို့ခက်တဲ့လူငယ်တွေလည်း ရှိတယ်။ ဒါတွေလည်းပါဝင်စေချင်ပါတယ်။ လူငယ်တွေ သိသင့်သိထိုက်တဲ့ အသက်အရွယ်မှာ လိင်မှုဆိုင်ရာတွေကို သိသွားဖို့လိုတယ်။ အခြေခံပညာကျောင်းတွေ၊ တက္ကသိုလ်တွေမှာလည်း CSE လို့ခေါ်တဲ့ Comprehensive Sexuality Education ကိုပိုမိုအားကောင်းလာဖို့ ဒီလို လှုပ်ရှားမှုတွေကိုကျင်းပတာပါ။ လူငယ်တွေအနေနဲ့ကလည်း ပြောင်းလဲနေတဲ့ ပညာရေးစနစ်တွေအပေါ်မှာ ပူးပေါင်းပါဝင်ဖို့လည်းလိုပါတယ်။ သူတို့သည်လည်း ဒီလို ပညာရေးတွေကိုရရှိနိုင်ရမယ်။ အားလုံးအကျုံးဝင်ဖို့လည်း လိုပါတယ်" ဟု လူငယ်အရေးဆောင်ရွက်သူ Project Mananger မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာသန္တာစိုးက ပြောသည်။

ယနေ့တွင်ကျရောက်သော နိုင်ငံတကာလူငယ်များနေ့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်အသင်းအဖွဲ့များ၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် လူမှုအကျိုးပြုအသင်းအဖွဲ့များက ဦးဆောင်ကာ ယခုရက်သတ္တပတ်အတွင်း ရန်ကုန်မြို့ပေါ်ရှိ လူအများစည်ကားများပြားရာ Supermarkets ကြီးများ၊ ဟိုတယ်ကြီးများအပြင် အမြို့မြို့အနယ်နယ်ရှိ မြို့ကြီးများတွင်လည်း ကျင်းပလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ သိရသည်။ **မြင့်မောင်**



## ပြင်ဦးလွင်မြို့နယ် ဓာတ်တော်ချိုင့်ရေတံခွန် ရေများပုံမှန်အတိုင်း ပြန်လည်စီးဆင်း

**ပြင်ဦးလွင် ဩဂုတ် ၁၂**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်းရှိ ဓာတ်တော်ချိုင့်ရေတံခွန်မှာ ဩဂုတ် ၁၁ ရက် မွန်းတည့် ၁၂နာရီခန့်က ရေများအရှိန်အဟုန်ဖြင့် စီးဆင်းနေရာမှ ရုတ်တရက်ရေစီးဆင်းမှုရပ်တန့်သွားကြောင်း၊ ညနေပိုင်း မိုးရွာထားသော်လည်း ရေတံခွန်မှာ ရေအနည်းငယ်သာ စီးဆင်းနေကြောင်း အနီးစခန်းကျေးရွာ ဓာတ်တော်ချိုင့်ရေတံခွန်အနီး ဈေးရောင်းသူ ဦးကျော်ညွန့်က ပြောသည်။



ဓာတ်တော်ချိုင့်ရေတံခွန်သည် ငါးဆင့်ရှိပြီး ဒုတိယအဆင့်ရေတံခွန်မှ ရပ်တန့်သွားခြင်းဖြစ်ကြောင်း၊ ဒုတိယအဆင့်တွင် ရေအရှိန်ကြောင့် ကျောက်လွှာရေတိုက်စားပြီး ကလိုင်ပေါက်ဖြစ်ကာ အတွင်းပိုင်းသို့ ရေများ ဝင်ရောက်သွားခြင်းဖြစ်ကြောင်း၊ ဓာတ်တော်ချိုင့်ရေတံခွန်သည် ထုံးကျောက်တောင်အမျိုးအစားဖြစ်ကြောင်း ရတနာပုံတက္ကသိုလ် ဘူမိဗေဒ ကျောင်းသားဟောင်း ကွင်းဆင်း လေ့လာဖူးသူ မောင်မြတ်ကိုကိုက ပြောသည်။

ဓာတ်တော်ချိုင့်ရေတံခွန် ရေများစီးဆင်းမှု ရပ်တန့်သွားသည့် ရေတံခွန်နေရာသို့ ပြင်ဦးလွင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းစိုး၊ မြို့နယ်သဘာဝဘေး ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ မန္တလေးမြို့ရှိ ဘူမိသိပ္ပံပညာရှင်များက ယနေ့နံနက် ၁၀ နာရီတွင် လာရောက်ကြည့်ရှုပြီး ဓာတ်တော်ချိုင့်ရေထွက် နေရာများ ရှင်းလင်းခြင်း၊ ရေစီးလမ်းကြောင်း တစ်လျှောက် ကလိုင်များပိတ်ခြင်း၊ မြေအောက်သို့ ရေစီးဝင်နေသည့် နှစ်ပေအကျယ် ကလိုင်ပေါက်ထဲသို့ သဲအိတ်များဖြင့် ပိတ်ဆို့ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ကြရာ ယနေ့ နံနက် ၁၁ နာရီခန့်တွင် ရေများပုံမှန်အတိုင်း ပြန်လည် စီးဆင်းလျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးပွိုင့်များတွင် ယာဉ်၊ လမ်းစည်းကမ်း အသိပညာပေး LED Boards ၈၂ ခု တပ်ဆင်ထား

**မုံရွာ ဩဂုတ် ၁၂**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Telecom International Myanmar Co., Ltd. တို့ ညှိနှိုင်းဆောင်ရွက်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးပွိုင့်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး LED Boards ၈၂ ခု တပ်ဆင်ထားကြောင်း အမှတ်(၁၇)ယာဉ်ထိန်းရဲဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးကိုကိုနိုင်ထံမှ သိရသည်။

ပညာပေး LED Boards ၁၂ ခုကို မုံရွာမြို့ စစ်ကိုင်းမြို့နှင့် ရွှေဘိုမြို့တို့တွင် ပထမဆုံးတပ်ဆင်ခဲ့ပြီး ဇူလိုင်လတွင် ကလေး၊ တမူးနှင့် ကသာခရိုင်တို့တွင် အခု ၃၀၊ မုံရွာ၊ စစ်ကိုင်းနှင့် ရွှေဘိုခရိုင်တို့တွင် အခု ၄၀ တပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## မန္တလေးမြို့တွင်း လမ်း ၂၈ လမ်း အဆင့်မြှင့်တင်

**မန္တလေး ဩဂုတ် ၁၂**
နေ့စဉ်နှင့်အမျှ တိုးတက်လာသော ယာဉ်များကြောင့် မြို့တွင်းလမ်းများတွင် ယာဉ်ကြောမကျပ်မီ လမ်းများတိုးချဲ့နေပြီး လတ်တလောအနေဖြင့် မြို့တွင်းလမ်း ၂၈ လမ်းကို တစ်ပြိုင်နက်အဆင့်မြှင့်တင်နေကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

အဆိုပါ လမ်းလုပ်ငန်းများတွင် နိုင်လွန်ကတ္တရာ၊ ကတ္တရာခင်းခြင်း၊ ကွန်ကရစ်နှင့် ကျောက်ချောခင်းခြင်း၊ အခြေခံလွှာပြုပြင်ခြင်းစသည်တို့ပါဝင်ပြီး အောင်မြေသာစံမြို့နယ်တွင် လမ်းခြောက်လမ်း၊ ချမ်းအေးသာစံမြို့နယ်တွင် ခြောက်လမ်း၊ မဟာအောင်မြေမြို့နယ်တွင် ငါးလမ်း၊ ချမ်းမြသာစည်မြို့နယ်တွင် တစ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် လေးလမ်း၊ အမရပူရမြို့နယ်တွင် ခြောက်လမ်းကို တစ်ပြိုင်နက် ဆောင်ရွက်နေခြင်းဖြစ်သည်။

"လမ်းအများစုကို မြို့တော်ရဲ့ လိုအပ်ချက်အရ လမ်းတွေချဲ့ရပါတယ်၊ အရေးကြီးတဲ့နေရာတွေမှာ လမ်းအသစ်တွေ ဖော်ထုတ်ရပါတယ်၊ မချဲ့ရင် ယာဉ်ကြောမပိတ်ဖို့ယာဉ်အစီးရေ လျှော့ချရမှာပါ၊ ပြည်သူတွေ အားကိုးလောက်တဲ့ မြို့တွင်းသယ်ယူပို့ဆောင်ရေးစနစ် Transportation Management System မရှိသေးလို့ နေ့စဉ်နှင့်အမျှ တိုးလာတဲ့ ယာဉ်တွေအတွက် လမ်းတွေချဲ့နေရပါတယ်" ဟု မြို့တော်ဝန်က ပြောသည်။

လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဩဂုတ် ၁၁ ရက်က မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ အောင်မြေသာစံမြို့နယ် ၁၅လမ်းကို လမ်း ၈၀ မှ ၈၆ လမ်းအထိ အခြေခံလွှာပြုပြင်ခြင်းလုပ်ငန်း၊ မြို့ပတ်ကမ်းနားလမ်းကို ၁၉ လမ်းမှ ရွှေကျင်ချောင်းကူးတံတားအထိ ကွန်ကရစ်လမ်းခင်းခြင်း၊ ၇၆ လမ်းကို ၁ လမ်းမှ ၁၂ လမ်းအထိ အခြေခံလွှာခင်းခြင်း၊ ၉ လမ်းကို လမ်း၈၀မှ စည်ပင်တိုက်ခန်းအကြား အခြေခံလွှာခင်းခြင်း၊ ၁၄ လမ်းကို ၆၂ လမ်းနှင့် ၆၆ လမ်းကြား ညဈေးတည်ဆောက်မည့်နေရာအား ကျောက်ပျက်ဖြည့်ခြင်းနှင့် Precast ရေမြောင်း ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးနှင့် အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၆၆လမ်းကို ၂၆လမ်းမှ ၃၅လမ်းကြား အခြေခံလွှာပြုပြင်ခြင်း၊ မဟာအောင်မြေမြို့နယ် ရေနီမြောင်းလမ်း ၃၅ လမ်းမှ ၇၃ လမ်းအထိ ကျောက်ပျက်အခြေခံလွှာခင်းခြင်း၊ ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းကို ၆၂ လမ်းမှ အောင်ပင်လယ်မြို့ပတ်လမ်းအထိ အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာခင်းခြင်း၊ ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်း (အေ - ၁ လမ်း)ကို ၆၂ လမ်းမှ - ရန်မန်းလမ်းအထိ အခြေခံလွှာခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။



"လမ်းချဲ့ဖို့အတွက် ခေတ်အဆက်ဆက်က လမ်းမြေပေါ်ကျူးထားတဲ့ အဖီတွေ ဖျက်ရ၊ လမ်းပေါ်ရောက်နေတဲ့ လျှပ်စစ်မီးတိုင်တွေနဲ့ ထရန်စဖော်မာတွေ၊ ဆက်သွယ်ရေးတိုင်တွေရှိနေတော့ သတ်မှတ်ရက်အတွင်း လုပ်ငန်းပြီးစီးဖို့ ခက်သလို နေရာရွှေ့ခပါ စည်ပင်က စိုက်ထုတ်ပေးနေရတယ်" ဟု မြို့တော်ဝန်က ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် လမ်းလုပ်ငန်းများ စုစုပေါင်း ၃၅၄လမ်းတွင် နိုင်လွန်ကတ္တရာလမ်းအရှည် ၃၉၆၃၃၈ ပေ (၇၅ ဒသမ ၀၆၄ မိုင်) Stabilized soil လမ်းအရှည် ၁၅၁၉၂၆ ပေ (၂၈ ဒသမ ၇၇၄ မိုင်)၊ ကွန်ကရစ်လမ်းအရှည် ၁၀၆၅၆၃ ပေ (၂၀ ဒသမ ၁၈၂ မိုင်)၊ ရိုးရိုးကတ္တရာလမ်းအရှည် ၇၄၇၁၇ ပေ (၁၄ ဒသမ ၁၅၁ မိုင်)၊ ကျောက်ချောလမ်းအရှည် ၄၅၂၆၃ ပေ (၈ ဒသမ ၅၇၃ မိုင်) စုစုပေါင်းအရှည် ၇၇၄၈၀၇ ပေ (၁၄၆ ဒသမ ၇၄၄ မိုင်) ကို မြို့တော်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**အောင်စံမောင်**

# တနင်္သာရီ-မြိတ် ပြည်ထောင်စုလမ်းမကြီးတွင် မြစ်ရေကြီး၍ ကားလမ်းရေကျော် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များ ကူညီဆောင်ရွက်

**တနင်္သာရီ ဩဂုတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မြိတ်-တနင်္သာရီ-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ် မြစ်ရေကြီး၍ ကားလမ်းရေကျော်နေသော နေရာများတွင် ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



တနင်္သာရီမြစ်ရေကြီးမြင့်မှုကြောင့် မြိတ် - တနင်္သာရီ - ကော့သောင်း ပြည်ထောင်စုလမ်းမကြီး၏ တနင်္သာရီမြို့နယ်အတွင်းရှိ ဆင်ခြေဖုံးကျေးရွာအုပ်စု အောက်ကင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၈၃၁ ဒသမ ၅) Km နှင့် ၈၃၂ Km အကြားတွင် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခန့်က ကားလမ်းမကြီးပေါ်သို့ အလျားပေ ၃၀၀ ခန့် ရေအနက် ၃ ပေ ၂ လက်မခန့် ရေကျော်နေသဖြင့် မော်တော်ယာဉ်ကြီးများသာ ဖြတ်သန်းသွားလာနိုင်ပြီး မော်တော်ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်များ၊ လူများ ဖြတ်သန်းသွားလာမှု မရရှိတော့သဖြင့် တနင်္သာရီမြို့မရဲစခန်းမှ ဒု-ရဲအုပ်ကျော်မျိုးထက်နှင့် တပ်ဖွဲ့ဝင်ငါးဦး၊ တနင်္သာရီမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒု-မီးသတ်ဦးစီးမှူး ဖြိုးဝေဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်လေးဦးနှင့် နယ်မြေခံတပ်မတော်သား ၁၁ ဦးတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် တပ်မတော်ပိုင် သံခွံစက်လှေတစ်စီးဖြင့် မော်တော်ဆိုင်ကယ်နှင့် လူများအား ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာအနီး မိုင်တိုင်အမှတ် ၈၃၄ Km နှင့် ၈၃၅ Km အကြားတွင် ဩဂုတ် ၁၁ ရက် နံနက် ၉ နာရီခန့်က ကားလမ်းမကြီးပေါ်သို့ အလျားပေ ၁၂၀၀ ခန့်၊ ရေအနက် ၃ ပေ ၅ လက်မခန့် ကားလမ်းမပေါ် ရေကျော်နေသဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လူများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့သဖြင့် တနင်္သာရီမြို့မရဲစခန်းမှ ဒု-ရဲအုပ်သောင်းကြည်နှင့် တပ်ဖွဲ့ဝင်ငါးဦး၊ နယ်မြေခံတပ်မတော်သား ၁၄ ဦးတို့အဖွဲ့သည် တပ်မတော်ပိုင် သံခွံစက်လှေနှစ်စီးဖြင့် မော်တော်ဆိုင်ကယ်နှင့် လူများအား ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီမြို့နယ်တွင် တနင်္သာရီမြစ်ရေကြီးမြင့်မှုကြောင့် မြိတ်-တကူသွား ကားလမ်းမ၏ တနင်္သာရီမြို့နယ်အတွင်းရှိ တကူကျေးရွာအုပ်စု အင်းရှည်ကုန်းကျေးရွာနှင့် ခြောက်အိမ်စုကျေးရွာအကြား မြိတ်-တကူသွားကားလမ်းမပေါ်သို့ အလျားပေ ၂၃၀ ခန့်၊ ရေအနက် ၄ ပေ ၆ လက်မခန့် ကားလမ်းမပေါ် ရေကျော်နေသဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် လူများ ဖြတ်သန်းသွားလာမှု မရရှိတော့သဖြင့် တကူရဲကင်းစခန်းမှ ဒု-ရဲအုပ်သန်းကျော်ဦးစီး၍ တပ်ဖွဲ့ဝင်ငါးဦး၊ တကူမီးသတ်တပ်ဖွဲ့မှမီးသတ်တပ်ကြပ်ကြီး သက်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်သုံးဦး၊ တကူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ငွေပါသုံးဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရန်အတွက် အင်းရှည်ကုန်းကျေးရွာမှ စက်လှေနှစ်စီးဖြင့် မော်တော်ဆိုင်ကယ်နှင့် လူများအား ကူညီပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာမြစ်ရေသည် ဩဂုတ် ၁၂ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ အန္တရာယ်ရေအမှတ်ကို ကျော်လွန်ကာ ၂၆ ပေ ၄ လက်မသို့ ရောက်ရှိနေသောကြောင့် တနင်္သာရီမြို့ပေါ် ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၉ ရွာတို့တွင် လူနေအိမ်များ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်နေသဖြင့် နီးစပ်ရာဆွေမျိုးနေအိမ်များနှင့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းခုနစ်ခုတွင် ပြောင်းရွှေ့နေထိုင်သည့် အိမ်ခြေ ၇၂၃ အိမ်၊ အိမ်ထောင်စု ၇၂၃ စု၊ လူဦးရေ အမျိုးသား ၁၈၀၃ ဦး၊ အမျိုးသမီး ၁၈၅၉ ဦး စုစုပေါင်းလူဦးရေ ၃၆၆၂ ဦး ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများအပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေများ အဓိကလိုအပ်လျက်ရှိကြောင်း ဒေသခံကျေးရွာများမှ ရွာသူရွာသားများထံမှ သိရသည်။ **မြင့်ဦး(မြိတ်)**

# ရေကြီးရေလျှံပြီး သဘာဝဘေးဖြစ်ပေါ်ပါက ဆောင်ရွက်ရမည့်အချက်များ ဆွေးနွေးမှာကြား

**ကံမ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် သဘာဝဘေးကြိုတင်ကြပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီက မြို့နယ်အတွင်း ရေကြီးရေလျှံပြီး ရေနစ်မြုပ်တတ်သည့်ကျေးရွာများသို့ သွားရောက်၍ သဘာဝဘေးဖြစ်ပေါ်ပါက ဆောင်ရွက်ရမည့်အချက်များနှင့် ကူးတို့လုပ်ငန်းပြေးဆွဲလုပ်ကိုင်နေသူများအား ကွင်းဆင်းအသိပညာပေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရာသီဥတုဆိုးရွားချိန်၌ ကူးတို့မောင်းနှင်ခြင်းမပြုရန်နှင့် ကူးတို့စက်လှေများပေါ်တွင် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဗော၊ ဝါးများထားရှိစေရေးတို့ကို သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ကူးတို့လိုင်စင်စီများအား ဆွေးနွေးမှာကြားခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



# ကြေးနီချောင်းတံတား RC ဒေါက်တိုင်တစ်တိုင် ရေစီးနှင့်မျောပါမှုဖြစ်ပွား

**အောင်လံ ဩဂုတ် ၁၂**

အောင်လံမြို့နယ် မိုးကောင်းကျေးရွာအနီး ပြည်လမ်းရှိ အရှည် ၃၀၆ ပေရှိ ကြေးနီချောင်းတံတားသည် ဩဂုတ် ၁၂ ရက် နံနက် ၂ နာရီက မိုးရွာသွန်းပြီး တောင်ကျချောင်းရေတိုက်စားမှုကြောင့် တံတားအလယ်ခန်းဖွင့်ရှိ အလယ်တွင် ထောက်ထားသည့် RC ဒေါက်တိုင်တစ်တိုင် ရေစီးနှင့် မျောပါမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီးဌာနမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပတ်ဝန်းကျင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်အတူ ကွင်းဆင်းစစ်ဆေးကာ လက်ရှိအနေဖြင့် ခြောက်တန်အောက်ယာဉ်ငယ်များ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်းနှင့် ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုအန္တရာယ်မရှိစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ကျောက်ကြီး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဝက်လာတောကျေးရွာအုပ်စု ဗမာဝက်လာတောကျေးရွာနှင့် ဓားကုလားကျေးရွာတို့၌ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦး၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများက ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများအား သွားရောက် ထောက်ပံ့ပေးခဲ့သည်။

အဆိုပါရေဘေးသင့် အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၂၀၂ ဦးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကျောက်ကြီးမြို့နယ် သရေဒွေ့ဖဲဆေးခန်းမှ ဒေါက်တာ မစ္စတာစမစ်မှ လှူဒါန်းသော ဆန် ၂၁ အိတ်၊ ကြက်သွန်နီ သုံးအိတ်၊ ကုလားပဲ တစ်အိတ်၊ ရေသန့်ဘူးကြီး ၆၀ တို့ကို ရေဝင်အိမ်ထောင်စု တစ်အိမ်ထောင်လျှင် ဆန်ရှစ်ပြည်နှုန်းနှင့် ရွှေ့ပြောင်းအိမ်ထောင်စုအတွက် တစ်အိမ်ထောင်လျှင် ၁၂ ပြည်နှုန်း၊ တစ်အိမ်ထောင်လျှင် ရေသန့် ၂၀ လီတာဝင် တစ်ဘူးနှုန်း၊ ကုလားပဲ၊ ကြက်သွန်နီများကို ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် လှူဒါန်းပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချဉ်းကပ်လမ်းပျက်စီးမှု ပြင်ဆင်

**ပုလဲ ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ၏ တောင်ဘက်ရှိ မြောက်ယမားမူလမြောင်းအနီး၌ ဩဂုတ် ၁၁ ရက် ည ၁၀ နာရီ ၂၀ မိနစ်က ချင်ပြစ်-မရိုးတုန်းတံတားအဝင် ချဉ်းကပ်လမ်း အလျား ၂၀ ပေ၊ အနံ ၁၈ ပေရှိ မြေသားပေါင်အနက်မှ အလျား ၁၀ ပေခန့်သည် မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၁၂ ရက် နံနက်ပိုင်းမှစတင်၍ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား

**ပလောက် ဩဂုတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ခန္တီးကျေးရွာ၌ ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းမှစ၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ခန္တီးကျေးရွာနှင့် တောင်ခေါင်းလောင်းကျေးရွာချင်းဆက် ဗဟိုလမ်းမကြီးပေါ်၌ မြေပြိုမှုဖြစ်ပွားခဲ့သည်။

အဆိုပါမြေပြိုနေရာသို့ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များနှင့် ခန္တီးဒေသခံပြည်သူများက ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ပလောက် (ပြန်/ဆက်)**

# စခန်းချပွဲမှာ နိုင်ငံတကာကင်းထောက်အမျိုးသမီးများနဲ့ မြန်မာအမျိုးသမီးရဲ့ဂုဏ်သိက္ခာကို ထင်ရှားစွာ ဖော်ဆောင်နိုင်ခဲ့

**တွေ့ဆုံမေးမြန်း**
**ဦးတင်မောင်လတ်(ကင်းထောက်ကြီး)**

**ကိုရီးယားနိုင်ငံတွင် (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အမျိုးသမီးငယ်များစခန်းချပွဲကို ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ကင်းထောက်အမျိုးသမီးကိုယ်စားလှယ်များအဖြစ် ကြီးကြပ်ဆရာမ သုံးဦး၊ တက္ကသိုလ်များမှ ကင်းထောက်အမျိုးသမီး သုံးဦး၊ အခြေခံပညာကျောင်းများမှ ကင်းထောက်အမျိုးသမီး ၁၉ ဦးတို့ သွားရောက်ခဲ့ရာ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ်၏အမြင်နှင့် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ကိုယ်စားလှယ်အချို့၏ စခန်းအတွေ့အကြုံခံစားမှုများကို ဖော်ပြလိုက်ပါသည်-**



ဒေါ်ခင်စောဥမ္မာ



ဒေါ်နီလာသန်း



မဆောင်းဟေမာန်ပြေငြိမ်း



မသက်ယွန်းစံ



မရွှန်းလဲ့ရတနာနေမျိုး

**ဒေါ်ခင်စောဥမ္မာ**
**ဒုတိယကင်းထောက်ချုပ်**
**မြန်မာနိုင်ငံ ကင်းထောက်**
**အမျိုးသမီးအဖွဲ့**

(၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက် အမျိုးသမီးငယ်များ စခန်းချပွဲကို မိမိတို့တိုင်းပြည်နဲ့ ဝေးကွာတဲ့ ရေခြားမြေခြားသွားပြီး မြန်မာကင်းထောက်အမျိုးသမီးကိုယ်စားလှယ်များ ကျန်းကျန်းမာမာ ပြန်ရောက်လာကြတာ တွေ့ရလို့ အထူးဝမ်းသာပါတယ်။ သွားရောက်တဲ့ ကင်းထောက်ညီအစ်မတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင်နဲ့ စခန်းချပွဲမှာ နိုင်ငံတကာ ကင်းထောက်အမျိုးသမီးများနဲ့ မြန်မာအမျိုးသမီးရဲ့ဂုဏ်သိက္ခာကို ထင်ရှားစွာ ဖော်ဆောင်နိုင်ခဲ့တာကို သိရလို့ ဝမ်းမြောက်ရပါတယ်။ မိမိတို့ အချင်းချင်းသာမက ဂျပန်၊ ကိုရီးယား၊ မလေးရှား စတဲ့ နိုင်ငံများက ကင်းထောက် အမျိုးသမီးများနဲ့ ကင်းထောက်ကျင့်ဝတ်အတိုင်း ချစ်ခင်ရင်းနှီးပျော်ရွှင်စွာ အမိန့်နာခံ စည်းကမ်းတကျ ပူးပေါင်းလှုပ်ရှားနိုင်ခဲ့မှုကို ကျေနပ်မိပါတယ်။ အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား ဘာသာစကားတတ်တဲ့သူတွေ မိမိတို့မြန်မာကင်းထောက်အမျိုးသမီးတွေမှာ ပါဝင်လို့ ပိုမိုရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့ကြတာဟာလည်း ကောင်းတဲ့အခွင့်အရေး ရခဲ့ပါတယ်။ အခုလို ကိုရီးယားနိုင်ငံမှာ နိုင်ငံတကာ ကင်းထောက် အမျိုးသမီးများနဲ့အတူ မြန်မာနိုင်ငံရဲ့ဂုဏ်ကို ဖော်ဆောင်လှုပ်ရှားနိုင်ခဲ့တဲ့ မြန်မာကင်းထောက်အမျိုးသမီးကိုယ်စားလှယ်အဖွဲ့ကို ဒုတိယကင်းထောက်ချုပ်အနေနဲ့ ကျေးဇူးတင် ဂုဏ်ပြုချီးကျူးပါတယ်။

**ဒေါ်နီလာသန်း**
**ညှိနှိုင်းရေးမှူး**
**(မန္တလေးတိုင်းဒေသကြီး )**
**မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့**

ကိုရီးယားနိုင်ငံမှာ ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် ဆောင်ရွက်သွားရောက်ကာ ဆရာမ သုံးဦး၊ တက္ကသိုလ်များမှ ကင်းထောက်အမျိုးသမီး သုံးဦး၊ အခြေခံပညာကျောင်းများမှ ကင်းထောက်အမျိုးသမီး ၁၉ ဦးတို့ ပါဝင်ခဲ့ပါတယ်။ စခန်းချပွဲရဲ့ အဓိကရည်ရွယ်ချက်မှာ (Connect Grow! Impact for Peace) ဖြစ်ပြီး နိုင်ငံတကာကင်းထောက်အမျိုးသမီး ၄၀၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ပထမနေ့မှာ ဖွင့်ပွဲပြုလုပ်ပြီး ညစာဖြင့် ဧည့်ခံကာ K-Pop တေးဂီတအဖွဲ့က ဖြေဖျော်ဧည့်ခံပြီး ဒုတိယနေ့မှာ နိုင်ငံအလိုက်ပြပွဲများ ပြသရာ မြန်မာနိုင်ငံအဖွဲ့က မြန်မာ့ရိုးရာ လက်မှုပညာဖြစ်တဲ့ ပန်း ၁၀ မျိုးကို မိတ်ဆက်ပြသကာ မြန်မာ့တိုင်းရင်းသား ရိုးရာဝတ်စုံများ ဝတ်ဆင်ပြီး လှုပ်ရှားပါဝင်ခဲ့ပါတယ်။ ညပိုင်းမှာ ခေါင်းဆောင်များနဲ့ အဖွဲ့ဝင်များအချင်းချင်း အပြန်အလှန် မိတ်ဆက်ကြပါတယ်။ International Peace Night ကို ကျင်းပရာမှာ ကိုရီးယားနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ Miss Kim Chonghee(National President Girl Scouts of Korea) တက်ရောက်မိန့်ခွန်းပြောပြီး နိုင်ငံအလိုက် ကင်းထောက်အမျိုးသမီးခေါင်းဆောင်များအချင်းချင်း အမှတ်တရလက်ဆောင်များ လဲလှယ်ခြင်းနှင့် နိုင်ငံအလိုက် ရိုးရာတေးသီချင်းအကများ ဖျော်ဖြေရာ မြန်မာနိုင်ငံက 'မင်္ဂလာပါ မြန်မာ' သီချင်းဖြင့် ကပြဖျော်ဖြေရာ အလွန်အောင်မြင်ပြီး လူကြိုက်များသော ချီးကျူးဂုဏ်ပြုမှုကို ရရှိခဲ့ပါတယ်။ လေ့လာရေးအနေနဲ့ တောင်-မြောက် နှစ်နိုင်ငံနယ်စပ်ရှိ စစ်မဲ့ဇုန်ဖြစ်တဲ့ DMZ ကို လေ့လာရေး သွားရောက်ခဲ့ကြပါတယ်။ အခုခရီးစဉ်ဟာ မြန်မာကင်းထောက်အမျိုးသမီးများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းများဖြင့် မြန်မာကင်းထောက်အမျိုးသမီး လုပ်ငန်းစဉ်များမှာ အထောက်အကူ ပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မဆောင်းဟေမာန်ပြေငြိမ်း**
**အထက(၂) ဗဟန်း**

သမီးတို့ မြန်မာနိုင်ငံက ကိုယ်စားလှယ်တွေက Sub Camp 2 မှာ သီးခြားနေထိုင်ရပြီး သမီးအပါအဝင် ခုနစ်ယောက်က ဘူဆန်စီရင်စုမှာ ဂျပန်ကင်းထောက် ၂၀၊ ကင်းထောက်များနဲ့ နေထိုင်ခဲ့ရပါတယ်။ အစပိုင်းမှာ ဘာသာစကား အခက်အခဲရှိသော်လည်း သမီးတို့မြန်မာအဖွဲ့မှ အဖွဲ့ဝင်တစ်ယောက်က ကိုရီးယားဘာသာစကားတတ်မြောက်လို့ များစွာအဆင်ပြေပါတယ်။ အားသာချက်အနေနဲ့က သမီးတို့အားလုံး ကိုယ့်အားကိုယ်ကိုးရတဲ့အတွက် အမှတ်တရအတွေ့အကြုံတွေ ရပါတယ်။ သမီးတို့ အစားစားရာမှာ လက်မှတ်များယူပြီး စနစ်တကျတန်းစီပြီး စားရပါတယ်။ လှုပ်ရှားမှုများပြုလုပ်ပြီး အနိုင်ရသူက လက်ဆောင်တစ်ခုစီရပါတယ်။ ဒ့်အပြင် Republic of Korea Army ကို သွားရောက်လေ့လာခွင့်ရပါတယ်။ ကိုရီးယားနိုင်ငံကို သမီးတို့ မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့ သွားရောက် လေ့လာခွင့်ပြုလို့ သက်ဆိုင်ရာ ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ်က တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ယခု စခန်းချတွေ့ဆုံပွဲကနေ အတွေ့အကြုံများစွာရပြီး နောက်နောင် ကင်းထောက်အဖွဲ့နဲ့ လက်တွဲကာ ပြည်ပ ခရီးစဉ်များ လိုက်ပါပြီး ပြည်တွင်းမှာလည်း ကင်းထောက်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးချင်ပါတယ်။

**မသက်ယွန်းစံ**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

ကျွန်မက ရန်ကုန်နည်းပညာတက္ကသိုလ် ဗိသုကာမေဂျာမှာ ပထမနှစ် သင်တန်းတက်ရောက်နေပါတယ်။ စခန်းချတွေ့ဆုံပွဲကို နိုင်ငံတကာ ကင်းထောက်အမျိုးသမီး ၄၀၀၀ ကျော် တက်ရောက်ခဲ့ရာ ကိုရီးယားလူမျိုး ၂၀၀ ကျော်က တက်ကြွစွာ ပါဝင်ကူညီ လုပ်အားပေးတာကို အားရဖွယ်တွေ့ရပါတယ်။ စခန်းတစ်ခုလုံးမှာ Sub Camp ကိုးခု နေရာချထားပေးရာမှာ မြန်မာနိုင်ငံကိုယ်စားပြု ကင်းထောက်အမျိုးသမီးတွေက Sub Camp 2 မှာ သီးခြားနေထိုင်ပြီး ကျွန်မ အပါအဝင် ခုနစ်ဦးက ဂျပန်လူမျိုး ၂၀ နဲ့ ကိုရီးယားလူမျိုးတို့နဲ့ နေထိုင်ရပါတယ်။ Sub Camp တစ်ခုစီမှာ သုံးဦး နေရပါတယ်။ လှုပ်ရှားမှုများကို အရှေ့ပင်လယ်မှာ Sea Activities များ ပြုလုပ်ရပါတယ်။ ပြခန်းများကိုလည်း အပိုင်း နှစ်ပိုင်းခွဲ၍ ပြပါတယ်။ တစ်ပိုင်းမှာ နိုင်ငံတကာယဉ်ကျေးမှုများကို လေ့လာနိုင်ပြီး တစ်ပိုင်းမှာ ကင်းထောက်များနဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို ကျား/မ တန်းတူညီမျှရေးနှင့် ပတ်သက်သည်များကို လေ့လာနိုင်ပါတယ်။ စခန်းချတွေ့ဆုံပွဲကို Ministry of Gender Equality and Family, Gangwon -do, Goseong-gun တို့က အဓိက ကူညီပံ့ပိုးပေးတာ ဖြစ်ပါတယ်။ ယခု ခရီးစဉ်ကို လိုက်ပါခွင့်ရရှိလို့ ဗဟုသုတများစွာ၊ အတွေ့အကြုံများစွာ၊ အတုယူစရာ များစွာကို မြန်မာနိုင်ငံမှာရှိတဲ့ သူငယ်ချင်းများ၊ ကင်းထောက် လူငယ်များကို မျှဝေနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မရွှန်းလဲ့ရတနာနေမျိုး**
**အထက(၁) မြောက်ဥက္ကလာ**

ပညာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ပံ့ပိုးမှုနဲ့ အုပ်ချုပ်သူ ဆရာမ သုံးဦး၊ တက္ကသိုလ်ကျောင်းသူ သုံးဦး၊ အခြေခံပညာကျောင်းသူ ၁၉ ဦးတို့ ကိုရီးယားနိုင်ငံသို့ စခန်းချ သွားရောက်ခဲ့ပါတယ်။ သမီးတို့ ပထမနေ့မှာပဲ ကိုရီးယားနိုင်ငံရဲ့ နာမည်ကြီး အဆိုတော်တွေဖြစ်တဲ့ K-Pop Star များရဲ့သီဆိုဖျော်ဖြေမှုကို နားထောင်ကြည့်ရှုရပါတယ်။ ဒုတိယနေ့ညမှာ နိုင်ငံတကာ မိတ်ဆက်ပွဲပြုလုပ်ပြီးတော့ ယဉ်ကျေးမှုရိုးရာပစ္စည်းတွေ အပြန်အလှန် လဲလှယ်ပါတယ်။ တတိယနေ့မှာ နိုင်ငံပေါင်းစုံမှ ရိုးရာအကများနှင့်အတူ သမီးတို့ မြန်မာအဖွဲ့က မြန်မာ့ရိုးရာ ဝတ်စုံဝတ်ပြီး 'မင်္ဂလာပါ' သီချင်း သီဆိုတဲ့အခါ စင်အောက်မှာရှိတဲ့ ပုဂ္ဂိုလ်များက 'မြန်မာ-မြန်မာ' လို့ အော်ဟစ်ပြီး မြန်မာနိုင်ငံကို ချီးကျူးဂုဏ်ပြုတဲ့ အသံတွေ၊ လက်ခုပ်လက်ဝါးတွေတီး၍ ချီးကျူးဂုဏ်ပြုတာကို အတိုင်းမသိ ဝမ်းမြောက်ပါတယ်။ တတိယနေ့မှာ ကိုရီးယားတပ်မတော်ကို သွားရောက်လေ့လာတဲ့အခါ သမီးတို့ကို ကျည်အစစ်များနဲ့ သေနတ်ပစ်ခြင်း၊ အမြောက်ကျည်ဆန်ပစ်ခြင်းတို့ကို ပြသပါတယ်။ ကိုရီးယားနိုင်ငံရဲ့ စည်းစနစ်ကျပုံကတော့ မြန်မာ့တပ်မတော်လိုပဲ ဖြစ်ပါတယ်။ စတုတ္ထနေ့ညမှာ တိုင်းရင်းသားဝတ်စုံတွေ ဝတ်ပြီးတော့ 'ကချင်ပြည်ကို လာပါ တကယ်ပျော်တယ်နော်' တေးသီချင်းနဲ့ ကပြဖျော်ဖြေတဲ့အခါမှာ သမီးတို့အဖွဲ့ကို သောင်းသောင်းဖြဖြ လက်ခုပ်သြဘာသံများနဲ့ ချီးကျူးထောမနာ ပြုကြပါတယ်။ နိုင်ငံတကာကလည်း ရိုးရာတေးသီချင်းများနဲ့ ဖျော်ဖြေကြရာ ဘာသာစကား နားမလည်ပေမယ့် သမီးတို့ရင်တွင်းမှာ သာယာငြိမ့်ညောင်းမှုကို ခံစားရပါတယ်။ သမီးတို့ ကိုရီးယားမှာ ကင်းထောက်စခန်းချပွဲက ပြန်လာပြီး တွေ့ကြုံရတဲ့ အတွေ့အကြုံတွေကို သူငယ်ချင်းတွေကိုသာမက ကင်းထောက်အမျိုးသမီးတွေကို နိုင်ငံတကာ ကင်းထောက်အမျိုးသမီးလှုပ်ရှားမှု အတွေ့အကြုံများကို ပြန်လည်ဆွေးနွေးပြောကြားမှာ ဖြစ်ပါတယ်။

## မိုင်းဖြတ်မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာဖြစ်သော နမ့်ကုန်းကျေးရွာအုပ်စု ခက်တန်ကျေးရွာ၌ ချေးငွေကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဩဂုတ် ၁၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းအချက်အလက်များ၊ ဒေသခံပြည်သူများအတွက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်သည့် စာရင်းဇယားများ ရေးသွင်းထားမှုများကို စစ်ဆေးခြင်း၊ ချေးငွေထုတ်ချေးထားရှိမှုတို့ကို စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ခက်တန်ကျေးရွာနေဒေသခံများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ကိုင်သူ ၄၀၊ မွေးမြူရေးလုပ်ကိုင်သူ ၁၀ ဦးရှိပြီး ယနေ့အထိ အတိုးရငွေကျပ်သိန်း ၅၀ရှိပြီ ဖြစ်သည်။

**နေလင်း(ညောင်လေးပင်)**

## R&A Level-1 Rules Seminar 2019 ကို တောင်ကြီးမြို့၌ ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၂**

မြန်မာနိုင်ငံဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ပူးပေါင်းဖွင့်လှစ်သော (R&A Level-1 Rules Seminar 2019)၏ တောင်ကြီးသင်တန်းကို စက်တင်ဘာ ၁ ရက်တွင် တောင်ကြီးမြို့ရှိ တောင်ကြီးဂေါက်ကလပ်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဂေါက်သီးအားကစားစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်လိုသူများသည် ဩဂုတ် ၂၅ ရက်နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း-၀၉-၅၁၉၃၄၂၃ နှင့် ဦးဝင်းဇော် ဖုန်း-၀၉-၂၅၄၂၂၅၀၇၀ တို့သို့ စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# တန့်ကြည့်တောင်ဘုရားပွဲတော်သို့ ဆိပ်ဖြူမြို့မှ အထူးရထားပြေးဆွဲပေးမည်



**ဆိပ်ဖြူ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် တန့်ကြည့်တောင်စွယ်တော်မြတ်စေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်အတွက် ဆိပ်ဖြူဘူတာမှ တန့်ကြည့်ဘူတာသို့ RBE လူစီးအထူးရထားများကို ဩဂုတ် ၁၃ ရက်မှ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တန့်ကြည့်တောင်စွယ်တော်မြတ်စေတီသည် ပုဂံယဉ်ကျေးမှုနယ်မြေ၏ ရှေးဟောင်းသမိုင်းဝင်စွယ်တော်လေးဆူအနက် တစ်ဆူအပါအဝင်ဖြစ်ကာ နှစ်စဉ် ဝါခေါင်လပြည့်နေ့တွင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူအများ၊ ဒေသခံများဖြင့် စည်ကားသောဘုရားပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

တန့်ကြည့်တောင် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်မည့် ဘုရားဖူးပြည်သူများ သွားလာမှုလွယ်ကူစေရန် မြန်မာ့မီးရထားတိုင်းအမှတ် (၁၀) ပခုက္ကူက နှစ်စဉ် RBE လူစီးအထူးရထားများကို ပြေးဆွဲပေးလျက်ရှိရာ ယခုနှစ်တွင် ဘုရားပွဲတော်ကာလဖြစ်သည့် ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ ပုံမှန်ရထားစီးနင်းခဈေးနှုန်းများအတိုင်း ဆိပ်ဖြူ-ပခုက္ကူ ပုံမှန်ရထားနှင့် ဆိပ်ဖြူ-တန့်ကြည့်တောင် RBE လူစီးအထူးရထားများကို တစ်နေ့သုံးကြိမ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

နေ့ချင်းပြန်ဘုရားဖူးများအတွက် ဆိပ်ဖြူ-တန့်ကြည့်တောင် RBE လူစီးအထူးရထားများကို နံနက် ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ညအိပ်ဘုရာဖူးများအတွက် ဆိပ်ဖြူ-ပခုက္ကူ ပုံမှန်ရထားကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ဆိပ်ဖြူ-တန့်ကြည့်တောင် RBE လူစီးအထူးရထားများကို ညနေ ၆ နာရီ ၁၅ မိနစ်တွင် အစုန်အဆန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် နည်းပညာနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**လွိုင်လင် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် IT နည်းပညာနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပညာရပ်နှင့်ဆိုင်သည့် (New Challenmers and IT Carrier Development Seminar) အတွေ့အကြုံဗဟုသုတရှင်းလင်းပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပသည်။

ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ Project များအား ကိုယ်တိုင်ဖန်တီးနိုင်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ဆောင်နိုင်ရန် အထောက်အကူပြုမည့် Web Developing with PHP Lanmuame workshop ကို ဩဂုတ် ၁၁ ရက်တွင်လည်းကောင်း၊ မန်နေးဂျင်းဒါရိုက်တာ ဒေါ်မိမိငယ် (Realioticinfotach Group Co.,Ltd) ရန်ကုန်မြို့က ဦးဆောင်ဆွေးနွေးသင်ကြားသည်။

အဆိုပါ IT နည်းပညာနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) မှ ကျောင်းသား ကျောင်းသူ ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

**ဟသ်ာတ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က အမှာစကားပြောကြားပြီး ဒု-ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာညီညီလွင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မြတ်ဆွေတို့က တိုင်းဒေသကြီးနှင့် ဟသ်ာတမြို့နယ်အတွင်း အာဟာရလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြပြီးနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့် အဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့ရေးပစ္စည်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဟသ်ာတ)**

# ဆေးလိပ်ငွေ့ကင်းစင်ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ် ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၁၂**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်အထိမ်းအမှတ် ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကို ကျိုင်းတုံမြို့နယ်အားကစားကွင်း၌ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ကျိုင်းတုံမြို့အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၅၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအား ကျိုင်းတုံမြို့မအားကစားကွင်းမှစတင်တာလွှတ်ကာ ရွှေတြိဂံဂေါက်ကွင်းအဝိုင်းအထိ ယှဉ်ပြိုင်စေကာ မြို့မအားကစားကွင်း၌ ပြန်လည်ပန်းဝင်ကြသည်။

ထို့နောက် ဆုရရှိကြသူများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



## တိုတိုထွာထွာဖတ်စရာ

### သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြော

**ဆော**

ဂန့်ဂေါခရိုင် ဆောမြို့နယ် မင်းလယ်ကျေးရွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နယ်လှည့်ဟောပြောပွဲ ပြုလုပ်သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းဌေးက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဌာနမှူး ဒေါ်ခိုင်ဇာဝင်းက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ အသိပညာဗဟုသုတအတွက် စာအုပ်စာပေများ လေ့လာဖတ်ရှုကြရေး အသိပညာပေး ဟောပြောသည်။ **စိန်ကျော်**

### သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆောင်ရွက်

**မြောက်ဦး**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက မြောက်ဦးမြို့ဇန္ဒလရပ်ကွက်ရှိနေအိမ်များသို့ သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခြင်း၊ မာလာသီယွန်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဌာနမှဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ မြောက်ဦးမြို့ ဇန္ဒလရပ်ကွက်တွင် ဘုရားညောင်ရေပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခြင်း၊ ခြင်ခိုအောင်းပေါက်ပွားနိုင်သော ရေလှောင်ကန်များ၊ ရေစည်များ၊ ရေတွင်း၊ ရေကန်များထဲသို့ အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောမှုများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### ပလတ်စတစ်အိတ်အသုံးပြုမှုလျှော့ချရေး ဆောင်ရွက်

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာရှိ ဈေးဆိုင်များတွင် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြွပ်ကြွပ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူများသုံးစွဲရန် အခမဲ့ဖြန့်ဝေကာ အသိပညာပေးဟောပြောခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောသိန်းဦးက ပလတ်စတစ်ကြွပ်ကြွပ်အိတ် သုံးစွဲမှုလျှော့ချ၍ ကျန်းမာရေးကို အထောက်အကူပြုစေသည့် စက္ကူ၊ ဖက်ရွက်များကို အစားထိုးသုံးစွဲသွားကြရန် အသိပညာပေး ပြောကြားသည်။

**နေခြည်(ဆင်ပေါင်ဝဲ)**

### လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် စကားဝိုင်းကျင်းပ

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တပ်ကုန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဓမ္မာရုံ၌ လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးဦးက လူကုန်ကူးမခံရစေရေး ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်ဇော်လွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

### မူခင်းအသိပညာပေးဟောပြောပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အလွမ်းဆွတ်ကျေးရွာတွင် မူခင်းအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာရှိ မြို့ဟောင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးက ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းစေရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

# လားရှိုးမြို့တွင် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းဆင်းပွဲ ကျင်းပ



**လားရှိုး ဩဂုတ် ၁၂**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဩဂုတ် ၁၂ ရက်နံနက် ၁၁ နာရီက လားရှိုးမြို့ လူငယ်သင်တန်းကျောင်းခန်းမ၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး ညွှန်ကြားရေးမှူး ဦးတင်ထွန်းလင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ရာ သင်တန်းသူ သင်တန်းသားများကိုယ်စား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ သင်တန်းသားတစ်ဦးနှင့် လားရှိုးတက္ကသိုလ်မှ ဆရာမတစ်ဦးတို့က လက်ခံသည်။

ငါးမွေးမြူရေးနှင့် ငါးသားဖောက်သင်တန်း၌ စာတွေ့ လက်တွေ့များပါဝင်ပြီး လက်တွေ့ဆေးထိုးသားဖောက်ခြင်းကို လားရှိုးမြို့ရှိကုန်းမြင့်လယ်ယာ အမှတ် (၁) ငါးမွေးမြူရေးကန်၌ သင်တန်းဆရာသုံးဦးတို့က သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ လားရှိုးတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာမများ၊ လားရှိုးမြို့ပေါ်ရှိ ငါးမွေးတောင်သူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**



# ကမ္ဘာ့ဆင်များနေ့ ပလင်းကမ်းသာယာဆင်စခန်းတွင် စည်ကားစွာကျင်းပ

**ညောင်ဦး ဩဂုတ် ၁၂**

ဩဂုတ်လ ၁၂ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး၌ ဖွင့်လှစ်ထားသော ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်း ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်းကျင်းပရာ လာရောက်လေ့လာလည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များအား အခမဲ့ဝင်ခွင့်ပေးခြင်း၊ ဆင်များအား အခမဲ့ဆင်စာကျွေးစေခြင်းနှင့် ပုလင်းကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ဖိတ်ကြားကာ ဆင်များအားချစ်ခင်မြတ်နိုး တန်ဖိုးထားစိတ်ဖြစ်လာစေရန်နှင့် ဆင်များနှင့်ပတ်သက်သည့် ဗဟုသုတအချက်အလက်များအား ကမ္ဘာ့ဆင်များနေ့တွင် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များနှင့် ပုလင်းကျေးရွာ ကျောင်းသား ကျောင်းသူများအား ဦးမျိုးမင်းကို(လက်ထောက်မန်နေဂျာ) က ရှင်းပြသည်။

ဆက်လက်၍ လက်ထောက် အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ကမ္ဘာပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက် မှ စတင်ကာ ကနေဒါနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation မှ အထွေထွေအတွင်းရေးမှူး Sivaporn Dardarananda တို့က စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ကမ္ဘာ့ဆင်များနေ့အား ကူညီပံ့ပိုးပေးနေသည့် (Wildlife Organizations) နိုင်ငံပေါင်း ၇၀ နီးပါးရှိနေပြီဖြစ်ကြောင်း ရှင်းပြသည်။

**ကိုထိန် (ငါ့သရောက်)**

# ဘားအံ၌ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေး

**ဘားအံ ဩဂုတ် ၁၂**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ အရည်အသွေးတိုးတက်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးနှင့် သတင်းရေးသားထုတ်ပြန်ခြင်းလုပ်ငန်းများ လျင်မြန်သွက်လက်လာစေရေးအတွက် ဘားအံမြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးသိန်းကိုကိုတို့ တက်ရောက်၍ အမှာစကားများ ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ခင်စောလင်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဝေါဟာရရှင်းလင်းချက်၊ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ သတင်းရင်းမြစ်များရှာဖွေခြင်း၊ သတင်း၏အခြေခံ ဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ စာနယ်ဇင်းဆိုင်ရာ ကျင့်ဝတ်၊ မီဒီယာဆိုင်ရာ သိနားလည်မှု၊ Online အသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ Social Media (လူမှုမီဒီယာဘာသာရပ်)၊ သတင်းမှတ်တမ်း ရိုက်ကူးရာတွင် ရှောင်ရန်/ဆောင်ရန်များအစရှိသည့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရုံးများမှ ဝန်ထမ်း ၂၀ တို့က ဩဂုတ် ၁၂ ရက်မှ ၁၇ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မြို့သစ် ဩဂုတ် ၁၂**

ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC)၏ အစီအစဉ်ဖြင့် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်းနှင့် ဒေသခံပြည်သူများအား စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေခြင်းစီမံကိန်း၏ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းတို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိက ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လူမှုစီးပွားထိခိုက်မှုများ မဖြစ်စေရေးအတွက် အပူပိုင်းဒေသကို စိမ်းလန်းစိုပြည်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် NGOများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ခံ တောအုပ်ကြီးက ယခုစီမံကိန်းကို တိုင်းဒေသကြီးသုံးခုရှိ ခရိုင်ခြောက်ခရိုင်မှ မြို့နယ် ၂၇ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်ခရိုင်လျှင် စွမ်းအားမြှင့်မီးဖိုအလုံး ၁၈၀၀၀ ဖြန့်ဝေမည်ဖြစ်သဖြင့် ခြောက်ခရိုင်အတွင်းရှိ အိမ်ထောင်စုများသို့ တစ်နှစ်အတွင်း စွမ်းအားမြှင့်မီးဖို ၁၀၈၀၀၀ ဖြန့်ဝေသွားမည်ဖြစ်ရာ စီမံကိန်းကာလ၏ ပထမငါးနှစ်အတွင်း စွမ်းအားမြှင့် မီးဖို စုစုပေါင်း အလုံး ၅၄၀၀၀၀ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ဖြန့်ဝေထားသည့် မီးဖိုများအား မီးဖိုအသစ်များဖြင့် တစ်နှစ်ခြားလဲပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **ဝေဖြိုးလေး**

# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဖြစ်ပွားခဲ့သည့် ဖောင်ဆိပ်ကျေးရွာ၌ ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**ဟင်္သာတ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့်ကမ်းပြိုဘေးသင့်ဖြစ်ပွားနေသည့် ဖောင်ဆိပ်ကျေးရွာတွင် ဩဂုတ် ၁၁ ရက် နေ့လယ်ပိုင်းက ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်သည်။

သဏ္ဍာန်တူ ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ဘေးအန္တရာယ်လက်တွေ့ကြုံတွေ့လာပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို သိရှိနိုင်မည်ဖြစ်ပြီး လူ့အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန်အတွက် ထိုသို့ပြုလုပ်ရခြင်းဖြစ်ကြောင်း ဟင်္သာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက သိရသည်။

အဆိုပါဦး ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုကို ဟင်္သာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဦးဆောင်မှုဖြင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများ၊ ကျန်းမာရေးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့၊ မြို့ပြဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်မှုအစီအစဉ်မှ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဆိပ်ကျေးရွာ၊ ငှက်ပျောတောကျေးရွာနှင့် တာငုတ်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသား ၄၀၀ ခန့်တို့က ရေဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်းသိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပေါင်မြို့နယ် မြေပြိုမှု ယနေ့ညပိုင်းအထိ သေဆုံးသူ ၅၉ ဦးရှိ

**ပေါင် ဩဂုတ် ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၁၈၄/၅ မှ ၁၈၄/၆ အကြားရှိ မလတ်တောင် တောင်မြေသားပြိုကျမှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် ဩဂုတ် ၁၂ ရက် ညနေ ၈ နာရီအထိ သေဆုံးသူ ၅၉ ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အတည်ပြုပြောကြားခဲ့သည်။

"ဒီနေ့က ည ၈နာရီအထိ ၅၉ ဦးပေါ့။ အခုတော့ နားကုန်ပြီ။ မနက်ဖြန် မနက်ပိုင်းကျမှ ရှာဖွေရေး ပြန်စပါမယ်။ နောက်ပြီး ဒီနေ့နံနက်မှာပဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ပြည်နယ်အစိုးရအဖွဲ့တွေလာပြီး ကြည့်ကြပါ တယ်။ တောင်ပြိုကျတဲ့ နေရာရဲ့အပေါ်ဘက်မှာ ထပ်ပြီးတော့ အန္တရာယ်ရှိသေးတယ်။ ဒီဟာကိုအန္တရာယ်မရှိအောင် ဆောင်ရွက်ဖို့ စီမံထားရှိပါတယ်။ ဒီမှာထိသွားတဲ့ အိမ်ထောင်စု ၂၇ စုက ကျန်တဲ့မိသားစုဝင်တွေရှိဦးမယ်ဆိုလို့ရှိရင် ရုပ်အလောင်းတွေ၊ အဖိုးတန်တဲ့ပစ္စည်းတွေ ဒါတွေကို ရရှိအောင် ဆောင်ရွက်ထားဖို့ စီစဉ်ထားရှိပါတယ်"ဟု ၎င်းက ပြောသည်။



ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ မလတ်တောင် မြေပြိုကျနေရာသို့ လာရောက်ကူညီပေးနေသောရန်ကုန်တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက

"ဒီက အကူအညီတောင်းတာနဲ့ချက်ချင်းထွက်လာခဲ့တယ်။ သတင်းရတာ နည်းနည်းနောက်ကျတော့ ဖြစ်တဲ့နေ့ညနေလောက်မှ ရောက်တယ်၊ လမ်းမှာလည်း ကားလမ်းရေကျော်တဲ့နေရာတွေလည်းရှိတော့ နည်းနည်းနောက်ကျသွားတာလည်းပါတယ်။ ဒီဖြစ်စဉ်က ၂၀၁၆ ချင်းပြည်နယ်တို့၊ ရှမ်းပြည်နယ်တို့မှာ မြေပြိုမှုဖြစ်ပေမယ့် လူက လက်ချိုးရေတွက်လို့ရတယ်၊ ခုဒီမှာက တချို့မိသားစုတွေဆိုရင် တောင်အောက်နားမှာ၊ သူတို့အိမ်က မိသားစုအလိုက်ခြင်ထောင်ထောင်ပြီး အိပ်နေကြတာ၊ မိခင်က ဈေးထွက်သွားတော့ အကုန်လုံးပါသွားတယ်။ ဖော်တဲ့နေရာမှာ သူတို့ကို အဲဒီလို အစုလိုက်အပုံလိုက်လက်တွေတွဲထားပြီးတော့မှ သေဆုံးနေတာတွေ့တော့ တော်တော်လေးစိတ်မကောင်းဖြစ်မိတယ်" ဟု ၎င်းက ပြောသည်။

အလားတူ ပေါင်မြို့နယ်တွင် တောင်မြေသားပြိုကျမှုဖြစ်ပွားခဲ့သောနေရာ ခြောက်နေရာရှိ ဘေးပတ်ဝန်းကျင်နေအိမ်များမှ အိမ်ထောင်စုများအား ဆက်လက်ပြိုကျနိုင်သည့် အနေအထားရှိသေးသောကြောင့် ထပ်မံပြောင်းရွှေ့ထားကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

# တောင်ပြုံးပွဲသို့ ရထားဖြင့် သွားသောခရီးသည် ယခင်နှစ်ကထက် နည်းပါး

**မတ္တရာ ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာအုပ်စုတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ပြုံးပွဲတော်ကို ရထားဖြင့်သွားလာသော ခရီးသည်များ ယခင်နှစ်များထက် နည်းပါးလျက်ရှိသည်။



တောင်ပြုံးပွဲတော်ရက်ဖြစ်သော ဝါခေါင်လဆန်း ၈ ရက်နေ့မှ ဝါခေါင်လပြည့်နေ့အတွင်း သရဲဈေး၊ အိုးဘို၊ တောင်ပြုံး၊ မတ္တရာ(၄) ဘူတာသို့ တစ်နေ့လျှင် ခြောက်ကြိမ် ရထားပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးဘူတာမှ ရထားစီးနင်းသူဦးရေမှာ ဝါခေါင်လဆန်း ၈ ရက်နေ့တွင် ယခင်နှစ်က ၄၀၃၀ ဦး ရှိသော်လည်း ယခုနှစ်တွင် ၂၃၆၁ ဦးသာ ရှိကြောင်း၊ ဝါခေါင်လဆန်း ၉ ရက်နေ့တွင် ရထားစီးနင်းသူဦးရေမှာ ယခင်နှစ်က ၂၀၇၇ ဦးရှိပြီး ယခုနှစ်တွင် ၁၆၄၃ ဦးသာရှိကြောင်း၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့တွင် ယခင်နှစ်ရထားစီးနင်းသူမှာ ၂၃၁၈ ဦးရှိပြီး ယခုနှစ်တွင် ၂၂၈၅ ဦးသာရှိကြောင်းနှင့် ဝါခေါင်လဆန်း ၁၁ ရက်နေ့တွင် ယခင် ၇၆၃၀ ဦးရှိပြီး ယခုနှစ်တွင် ၆၃၁၈ ဦးသာရှိကြောင်း ဦးနေလင်းအောင် လက်ထောက်တိုင်းပို့ဆောင်ရေးမန်နေဂျာ သွားလာရေးဌာန(အမှတ် ၃ တိုင်း၊ မန္တလေး) ထံမှ သိရသည်။

"ရထားစီးရတာ ဈေးလည်းသက်သာတယ်။ ဆိုင်ကယ်နဲ့ ကားတွေနဲ့လာရင် လမ်းကျပ်တာတို့၊ နေပူတာတို့ရှိတယ်။ ရထားနဲ့သွားရတာကပျော်စရာလည်းကောင်းတယ်။ အတွေ့အကြုံသစ်လည်းရတော့ ကျွန်တော်တို့အနေနဲ့တော့ သဘောကျပါတယ်" ဟု မန္တလေးမှ တောင်ပြုံးပွဲသို့ ရထားဖြင့်လာရောက်သူ ကိုပြည့်ဖြိုးအောင်က ပြောသည်။

"မိုးများပြီး ရေကြီးတဲ့သဘာဝဘေးတွေကြောင့်ရယ်၊ H1N1 ရောဂါကြောင့် တောင်ပြုံးပွဲတော်ဖြစ်ပါ့မလားဆိုတဲ့ သံသယတွေကြောင့် နယ်ဝေးကလာတဲ့သူတွေ နည်းသွားတာကြောင့် အရင်နှစ်ကလောက် ပွဲလာသူတွေ မများတာလို့ ထင်ပါတယ်"ဟု ဆုတောင်းပြည့်၊ ဆုတောင်းရဂေါ်ပကအဖွဲ့၏ တွဲဖက်အတွင်းရေးမှူး ဦးကျော်ရင်က ပြောသည်။

မန္တလေး သရဲဈေးဘူတာမှ အဆန်ရထားသည် နံနက် ၆နာရီ ၅၀ မိနစ်တွင် တစ်ကြိမ်၊ နံနက် ၉နာရီတွင် တစ်ကြိမ်၊ နံနက် ၁၁ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၃၀ မိနစ်တွင် တစ်ကြိမ်နှင့် ည ၇ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် အိုးဘို၊ တောင်ပြုံး၊ မတ္တရာဘူတာများသို့ ပြေးဆွဲပေးလျက်ရှိပြီး တောင်ပြုံးဘူတာမှ အစုန်ရထားသည် နံနက် ၇ နာရီ ၄၂ မိနစ်တွင် တစ်ကြိမ်၊ နံနက် ၉ နာရီ၅၂မိနစ်တွင် တစ်ကြိမ်၊ နံနက် ၁၁ နာရီ ၅၇ မိနစ်တွင် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီ ၁၂ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၄ နာရီ ၂၂ မိနစ်တွင် တစ်ကြိမ်နှင့် ည ၈ နာရီ ၁၇ မိနစ်တွင် တစ်ကြိမ် အိုးဘို၊ သရဲဈေး ဘူတာများသို့ ပြေးဆွဲပေးလျက်ရှိရာ မန္တလေးမှ တောင်ပြုံးသို့ လက်မှတ်ခ ငွေကျပ် ၁၀၀ ကောက်ခံကြောင်း သိရသည်။

**တင်ဇာလှိုင် (ပြန်/ဆက်)**

# ရန်ကုန်မြို့၌ ပညာဒါနအလုပြင်သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်မြို့ Gandamar Wholesale တွင် ဩဂုတ် ၁၂ ရက်က မြန်မာနိုင်ငံ ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်းက ကြီးမှူး၍ ဆံပင်နှင့် မိတ်ကပ် အလှပြင်နည်းသင်တန်းအား အခမဲ့သင်ကြားခဲ့သည်။

ယင်းသင်တန်းတွင် ပြည်ပမှနည်းပြဆရာများက ဆံပင်အရောင်စပ် ဆေးဆိုးနည်း၊ ဆံပင်ဖြောင့်နည်း၊ အမျိုးသား ဆံပင်ညှပ်နည်းနှင့် မိတ်ကပ်လိမ်းခြယ်နည်း၊ ပြည်တွင်းအနေဖြင့် မိတ်ကပ် မေဦးမောင်က နေ့စဉ်မိတ်ကပ်လိမ်းခြယ်နည်းနှင့် ညနေခင်းမိတ်ကပ်၊ မထက် (Pop Soul) က သတိုးသမီးမိတ်ကပ်လိမ်းခြယ်နည်းနှင့် မပုံ့(My Favourite)က တောင်ရှည်ပုဆိုးနှင့် ထိုင်မသိမ်းဝတ်ဆင်နည်းများ သင်ကြားပြသခဲ့ကြောင်း သိရသည်။ **ဇော်ဝင်း**



# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၂**

အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကားလို့စ်ကော်ဒိုင်ယို၏ ဖိတ်ကြားချက်အရ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနို၊ အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်တို့သည် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေပြီး ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသည် ၂၀၂၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကျင်းပမည့် ကိစ္စရပ်များနှင့် အမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်နှင့် ပတ်သက်၍ အဓိကဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာအမျိုးသမီးဘောလုံးလောက တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလိုသည့် ကိစ္စရပ်များ၊ အမျိုးသမီးလက်ရွေးစင်အသင်းအပါအဝင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ ခြေစမ်းပွဲကစားရန်နှင့် နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်များ ပူးပေါင်း၍ ဘောလုံးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် ပြန်လည်ဆွေးနွေးခဲ့သည်။ ယင်းနောက် အမေရိကန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကားလို့စ်ကော်ဒိုင်ယိုသည် အာရှဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်ကို မေဂျာလိဂ်ကလပ်အသင်းဖြစ်သည့် Los Angeles FC အသင်း၏ အိမ်ကွင်းပွဲစဉ်ကို လိုက်လံပြသခဲ့ပြီး Los Angeles FC အသင်းတာဝန်ရှိသူများက ကွင်းတည်ဆောက်ထားမှုနှင့် အသင်းလက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ **ဖိုးသော်ဇင်**

## အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်း ဘရူနိုင်းကို အနိုင်ယူပြီး ဆီမီးဖိုင်နယ် တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၂**

ဗီယက်နမ်နိုင်ငံ၌ ပြုလုပ်နေသည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စု(က) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကြရာ မြန်မာအသင်း နိုင်ပွဲရယူပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**မြန်မာ ယူ-၁၈ အသင်း - နှစ်ဂိုး**

**ဘရူနိုင်း ယူ-၁၈ အသင်း - ဂိုးမရှိ**

မြန်မာအသင်းသည် ဘရူနိုင်းအသင်းကို အနိုင်ယူပြီး လေးပွဲဆက်အနိုင်ရလဒ်ဖြင့် လက်ကျန်တစ်ပွဲအလိုတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး အင်ဒိုနီးရှားအသင်းနှင့် အုပ်စုနောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ဒုတိယပိုင်းတွင် ဂိုးရရန် အပြောင်းအလဲများပြုလုပ်ခဲ့ကာ ၅၄ မိနစ်တွင် ပြည့်ဖြိုးအောင်က ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းအခွင့်အရေးများထပ်ရသော်လည်း တစ်ကိုယ်တော်ထိုးဖောက်မှုများနေသောကြောင့် ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရသည်။ ၇၃ မိနစ်တွင် မြန်မာအသင်း ဂိုးထပ်ရခဲ့ပြီး မိုးဆွေက သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(က) အခြားပွဲများတွင် အင်ဒိုနီးရှားအသင်းက လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ တီမောအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်းတို့က လေးပွဲကစား လေးပွဲလုံးအနိုင်ရကာ ၁၂ မှတ်စီဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၁၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ၁၉၆၅ ခုနှစ်နောက်ပိုင်း ရာသီအဖွင့်ထိပ်တိုက်တွေ့ဆုံမှုမှာ ချယ်လ်ဆီးကို ဂိုးပြတ်အနိုင်ယူပြခဲ့တဲ့ မန်ယူ




မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့တနင်္ဂနွေည နောက်ပိုင်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာမှာတော့ မန်ယူအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီနိုင်ပွဲဟာ မန်ယူအသင်းက ၁၉၆၅ ခုနှစ်နောက်ပိုင်း ရာသီအဖွင့်ထိပ်တိုက်တွေ့ဆုံမှုမှာ ချယ်လ်ဆီးအသင်းကို ပထမဆုံး ဂိုးပြတ်အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြသစ် ဖရန့်လမ်းပတ်အတွက်တော့ ပရီမီယာလိဂ်မန်နေဂျာဘဝစတင်ချိန်မှာ ပထမဆုံးရှုံးပွဲနဲ့ စဖွင့်ခဲ့တာဖြစ်လို့ အဖွင့်မလှခဲ့ပါဘူး။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပွဲကစားချိန် ၁၈ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို သွင်းယူခဲ့တဲ့ ရက်ရှ်ဖို့ဒ်ရဲ့သွင်းဂိုး၊ ၆၅ မိနစ်မှာ မာရှယ်လ်ရဲ့သွင်းဂိုး၊ ၆၇ မိနစ်မှာ ရက်ရှ်ဖို့ဒ်ကနောက်တစ်ဂိုးနဲ့ ပွဲကစားချိန် ၈၁ မိနစ်မှာ ဒန်နီယယ်ဂျိမ်းစ်က လူစားဝင်လာပြီး ကိုးမိနစ်အကြာမှာ တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တဲ့သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ဒန်နီယယ်ဂျိမ်းစ်ရဲ့သွင်းဂိုးဟာ မန်ယူအသင်းနဲ့အတူ ပထမဆုံးပရီမီယာလိဂ်သွင်းဂိုးလည်း ဖြစ်ပါတယ်။

နည်းပြ ဆိုးရှားဟာ အခုအပြောင်းအရွှေ့ကာလအတွင်းမှာ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် သန်း ၈၀ နဲ့ ခေါ်ယူထားတဲ့ နောက်တန်းကစားသမား မာကွိုင်ယာကို ထည့်သွင်းကာ တိုက်စစ်ပိုင်းမှာ လူကာကူမရှိတော့တဲ့အတွက် မာရှယ်လ်၊ ပါရဲရား၊ ရက်ရှ်ဖို့ဒ်နဲ့ လင်ဂတ်တို့ကို အားပြုပြီးပွဲထွက်ကစားစေခဲ့တာပါ။

ချယ်လ်ဆီးနည်းပြ ဖရန့်လမ်းပတ်ကတော့ ပရီမီယာလိဂ်နည်းပြတစ်ဦးအဖြစ် ကိုင်တွယ်ခွင့်ရရှိချိန်မှာ နိုင်ပွဲနဲ့စတင်ဖို့ ကြိုးစားခဲ့ပေမယ့် အဓိကအားထားရတဲ့ တိုက်စစ်မှူး ဟာဇက် မရှိတော့တဲ့အပြင် လော့ဖ်တပ်ချ်နဲ့ အိုဒိုအီတို့ဟာလည်း ဒဏ်ရာကြောင့် မပါဝင်နိုင်တာမို့ နိုင်ပွဲရဖို့ထက် ချေပဂိုးပြန်လည်ရရှိအောင်ပင် အကြိတ်အနယ်ကစားခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့် ချေပဂိုးတစ်ဂိုးမှ ပြန်မသွင်းနိုင်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အခုပွဲစဉ်မှာ ပင်နယ်တီသွင်းဂိုးနဲ့ ပရီမီယာလိဂ်အဖွင့်ဂိုးကိုရရှိခဲ့တာ ဖြစ်သလို ၂၀၁၈-၂၀၁၉ ရာသီအဖွင့်မှာလည်း လက်စတာစီးတီးအသင်းနဲ့ ပွဲစဉ်မှာ ပရီမီယာလိဂ်အဖွင့်ဂိုးဟာ ပင်နယ်တီကနေတစ်ဆင့် ပေါ့ဘာသွင်းယူခဲ့တာဖြစ်လို့ နှစ်ရာသီဆက်တိုက်ရာသီအဖွင့်မှာ ပင်နယ်တီကနေ အဖွင့်ဂိုးတွေရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး မာရှယ်လ်ဟာ အခုဆိုရင် မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး ၄၉ ဂိုးအထိ ရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂) အဖြစ် ဝုလ်ဗက်အသင်းနဲ့ ဩဂုတ် ၁၉ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ လာမယ့် တနင်္ဂနွေနေ့မှာ လက်စတာစီးတီးအသင်းနဲ့ အိမ်ကွင်း စတမ်းဖို့ဒဘရစ်ချ်မှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မတိုင်ခင် ဩဂုတ် ၁၄ ရက်မှာ အစ္စတန်ဘူလ်၌ လီဗာပူးအသင်းနဲ့ ဥရောပစူပါဖလားပွဲစဉ် ကစားဦးမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ချယ်လ်ဆီးကို အနိုင်ရရှိခဲ့လို့ ပွဲစဉ်(၁)အပြီးမှာ မြို့ခံပြိုင်ဘက်မန်စီးတီးအောက် အဆင့်(၂) နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။

**ငွေကြယ် ရေးသားသည်**

## ဘာစီလိုနာအသင်းတွင် ကော်တင်ဟို ဆက်ရှိနေမည်

ဘရာဇီးကွင်းလယ်ကစားသမား ကော်တင်ဟိုဟာ ဘယ်အသင်းမှ ပြောင်းရွှေ့ခြင်းမရှိဘဲ ဘာစီလိုနာအသင်းတွင် ဆက်ရှိနေမှာဖြစ်တယ်လို့ ဘာစီလိုနာအသင်းက ဆိုပါတယ်။ ဘာစီလိုနာအသင်းဟာ ကော်တင်ဟိုကို ရောင်းချဖို့စီစဉ်ခဲ့ပေမယ့် အင်္ဂလန်ပရီမီယာလိဂ် အပြောင်းအရွှေ့ဈေးကွက်ဟာ ဩဂုတ် ၈ ရက်မှာ ပိတ်သိမ်းသွားခဲ့ပြီဖြစ်လို့ ဘာစီလိုနာမှာပဲ ဆက်ရှိနေမယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။

ကော်တင်ဟိုဟာ ၂၀၁၈ ခုနှစ်က လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဘာစီလိုနာက ရောင်းချဖို့စီစဉ်ထားခဲ့တဲ့အပြင် ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ စပါးအသင်းတို့ကလည်း ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ကော်တင်ဟိုဟာ ဘာစီလိုနာအသင်းမှာ ဈေးအမြင့်ဆုံး ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်သလို မျှော်လင့်ထားသလောက် ခြေစွမ်းမပြနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းက ရောင်းချဖို့စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ကော်တင်ဟိုကို ရောင်းချပြီး အသင်းရဲ့ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူးနေမာကို နူးကမ့်အရောက်ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။




## အနုပညာ

### အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူသွားမယ့် BTS



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ ဂီတလောကကို စတင်ဝင်ရောက်ခဲ့သည်မှ လက်ရှိအချိန်အထိ အနုပညာလှုပ်ရှားမှုတွေကို ဆက်တိုက်လုပ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ အဖွဲ့ဝင်တွေအနေနဲ့ အနားယူဖို့ရာ လိုအပ်နေတာကြောင့် အနုပညာလှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၁၁ ရက်မှာ "BTS" အဖွဲ့ဝင်တွေ ဂီတနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေကို လုပ်ဆောင်ခြင်းကနေ ခေတ္တရပ်နားထားမှာဖြစ်ကြောင်း အေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ အေဂျင်စီရဲ့ ရေးသားဖော်ပြချက်အရ အဖွဲ့ဝင်တွေဟာ ပြန်လည်အားဖြည့်ဖို့ရာ လိုအပ်နေတာဖြစ်ပြီး တရားဝင်အနားယူရမယ့်အချိန်လိုအပ်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီအချိန်ဟာ အဖွဲ့ဝင်တွေအတွက် အားသစ်မွေးဖို့ရာ အခွင့်အရေးဖြစ်သလို သူတို့ကိုယ်သူတို့ ဂီတပညာရှင်နဲ့ တေးဂီတဖန်တီးသူတွေအဖြစ် အသစ်တစ်ဖန်မွေးဖွားလာခွင့်ရမယ့် အချိန်လည်း ဖြစ်တယ်လို့ အေဂျင်စီက ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် အေဂျင်စီက အဖွဲ့ရဲ့ပရိသတ်တွေကိုလည်း အနားယူချိန်မှာ အဖွဲ့ဝင်တွေရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို လေးစားပေးကြဖို့နဲ့ သူတို့ရဲ့ ကိုယ်ပိုင်အချိန်တွေကို လွတ်လွတ်လပ်လပ်ရှိစေဖို့ရာ ပူးပေါင်းဆောင်ရွက်ပေးဖို့လည်း တောင်းဆိုခဲ့ပါတယ်။

"BTS" ဟာ အနားယူမှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခြင်းမပြုမီ အဖွဲ့ရဲ့ နောက်ဆုံးသောဖျော်ဖြေပွဲကို ဩဂုတ် ၁၁ ရက်မှာ ပြုလုပ်ခဲ့ပါတယ်။ အဖွဲ့ဟာ လော်တီမိသားစုရဲ့ဖျော်ဖြေပွဲတစ်ခုမှာ ပါဝင်တင်ဆက်ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

### ကင်ယန်ဂျောင်ရဲ့တေးဗီဒီယိုသစ် ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ကင်ယန်ဂျောင်ဟာ စစ်မှုထမ်းဆောင်ပြီးနောက် အနုပညာလှုပ်ရှားမှုတွေ အတော်လေးနည်းခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းတစ်ပုဒ်ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ပြီး ပရိသတ်ရှေ့အရောက်ပြန်လာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၁၀ ရက်မှာ ကင်ယန်ဂျောင်ရဲ့တေးသီချင်း "The Smile in Wine" အတွက် တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုမှာတော့ ကင်ယန်ဂျောင်နဲ့အတူ မင်းသမီး ဂျိုဝူးရီက ပါဝင်သရုပ်ဆောင်ပေးထားတာ ဖြစ်ပါတယ်။ "The Smile in Wine" တေးသီချင်းဟာ ကင်ယန်ဂျောင်ရဲ့နောက်ထုတ်လွှင့်ခဲ့တဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Salt" မှာ ပါဝင်တဲ့ ခေါင်းစီးတေးတစ်ပုဒ်ဖြစ်ပြီး လတ်တလောမှာမှ တေးဗီဒီယို ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်မှာတော့ ကင်ယန်ဂျောင်ကိုယ်တိုင် ရေးသားစပ်ဆိုထားတဲ့ တေးသီချင်းတွေလည်း ပါဝင်နေပါတယ်။

"The Smile in Wine" တေးဗီဒီယိုမှာ လမ်းဘေးဈေးဆိုင်အတွင်း ဖြစ်ပျက်ခဲ့တဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်အကြောင်း ပုံဖော်ထားပြီး ရုပ်ရှင်ဇာတ်လမ်းဆန်ဆန်ရိုက်ကူးထားတဲ့ တေးဗီဒီယိုလည်း ဖြစ်ပါတယ်။



# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၂၀ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၆-၇-၂၀၁၉ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၇-၇-၂၀၁၉ ရက်နေ့မှ ၆-၉-၂၀၁၉ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀၀ိ + အရည်အချင်းလစာ ၄၀၀၀ိ + M.H.R.A = ၁၀၀၀၀ိ = ၂၁၈၀၀၀ိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| | **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်(၂၇၃)၊ ၈၆လမ်း၊ ၃၂×၃၃လမ်းကြားတွင်တည်ရှိသော "မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း"အား "ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)"အမည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်မှ ၂-၈-၂၀၁၉ ရက်စွဲပါ တရားဝင်အသင်း မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်အမှတ်(၁၂၁၅၉၀၇၈၆)ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇အရ ဥပဒေနှင့်အညီ အသင်းဖွဲ့စည်း မှတ်ပုံတင်လိုင်စင်ရရှိပြီးဖြစ်ကြောင်း အသင်းကြီး၏ကိုယ်စား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အသင်းသူ၊ အသင်းသားများ၊ ကိုယ်စားလှယ်များနှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| အလုပ်အမှုဆောင်အဖွဲ့ | ဦးကျော်ဝင်းသန်း | ဦးလင်းထင် |
| ပွဲစားကုန်သည်စက်ပိုင်များ | (LL.B)(D.B.L)(D.I.L) | (LL.B)(D.B.L)(D.I.L) |
| မဟာကထိန်တော်အသင်း | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၉၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၀၂) |
| (မန္တလေးကုန်စည်ဒိုင်) | ဒေါ်ကေခိုင် | ဒေါ်မြင့်သန္တာ |
| | (LL.B)(D.B.L) | (LL.B(Q)(D.B.L)(D.I.L) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၆၉) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၃၅) |

ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)၏
ဥပဒေအကြံပေးရှေ့နေများ

## အများပြည်သူသိရှိစေရန် ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် သီလဝါအထူးစီးပွားရေးဇုန်၊ ဇုန်-ဘီ၏ ဧရိယာ(၂-၂)အနောက်ပိုင်း (အပိုင်း-၁)ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲလျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ဧရိယာ(၂-၂) အနောက်ပိုင်း(အပိုင်း-၁)၏ ပြန်လည်နေရာချထားရေးစီမံချက်(မူကြမ်း)ကို ပြင်ဆင်ခဲ့သည်။ ဤကြေညာစာသည် ပြန်လည်နေရာချထားရေးစီမံချက်(မူကြမ်း) ထုတ်ပြန်ခြင်းကို ကြေညာခြင်းဖြစ်ပါသည်။ ၎င်းပြန်လည်နေရာချထားရေးစီမံချက် (မူကြမ်း)ကို အများပြည်သူ ကြည့်ရှုနိုင်ရန် အောက်ဖော်ပြပါနေရာများနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ ဝက်ဘ်ဆိုက်(အင်တာနက်)၊www.myanmarthilawa.gov.mm/ တို့၌ ထုတ်ပြန်ထားပါသည်။

**ထုတ်ပြန်ကြေညာမည့်နေရာများ**

❖ **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး(ယာယီ)**
မြေယာရုံးခွဲ(၂)၊ အိုးအိမ်ရုံး၊ သန်လျင်-ကျောက်တန်းလမ်းမနှင့် ဒဂုံသီလဝါလမ်းထောင့်၊ သန်လျင်နည်းပညာတက္ကသိုလ်အနီး။

❖ **မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး**
အမှတ်(၂၂၈-၂၃၄)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

❖ **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး**
သီလဝါဖွံ့ဖြိုးရေးလမ်းထောင့်နှင့် ဒဂုံ-သီလဝါ လမ်းထောင့်၊ သီလဝါအထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်။

❖ **တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး**
❖ **ကျောက်တန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး**
❖ **သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး**
❖ **အေးမြသီတာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး**
❖ **ရွှေပြည်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး**
❖ **အေးမြသီတာဓမ္မာရုံ**
❖ **ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ၏ နေအိမ်များ**

အကြံပြုချက်များ/မှတ်ချက်များကို ဖုန်း(၀၉-၄၂၁၁၇၉၈၉၁) သို့မဟုတ် အီးမေးလ်လိပ်စာ jetthilawarwp@gmail.com သို့လည်း ဆက်သွယ်ရေးသားပေးပို့နိုင်ပါသည်။

**Time Square Condo ဝယ်လိုသည်**
ပိုင်ရှင်ကိုယ်တိုင်သာ ဆက်သွယ်ပေးပါရန်။
စမ်းချောင်းမြို့နယ်အတွင်း တိုက်ခန်း၊ ကွန်ဒို/ ဝယ်လို/ ရောင်းလို/ ငှားလို/ အငှားချထားလိုလျှင် ဆက်သွယ်ပေးပါ။
Ruby Land အိမ်ခြံမြေ အကျိုးဆောင် 09 778538559
NO.59, မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း အိမ်အမှတ် (၁၁၀၉)၊ ငွေစင်လမ်း၊ (၄၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၁၁၀၉) အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိသော ဧရိယာ (၀.၀၅၅)ဧက နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်တင့် [၁၄/ပသန(နိုင်)၀၃၉၅၉၄] ကိုင်ဆောင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာဦး [၁၂/ ဒဂမ(နိုင်)၀၁၁၉၆၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဦး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးအေး (တရားလွှတ်တော်ရှေ့နေ)**
**(LL.B,D.B.L,D.M.L,D.I.L) WIPO, DL 101 switzerland (စဉ်-၈၅၅၈)**
**အမှတ် ၈၃/ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**Ph-၀၉-၄၂၅၃၅၈၂၇၀**

## ဖခင်အမည်မှန်

အထက (၆) လှိုင်သာယာ၊ ဒသမတန်း (A)မှ မသန္တာစိုးမော်၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုးအောင် ဖြစ်ပါကြောင်း။

**ဦးသန်းစိုးအောင်**

## ပျောက်ဆုံးခြင်း

ကျွန်တော်ဦးစသိန်းဝင်းဌေး၏ စက်ခန်းအုပ်အထူးမွန်းမံသင်တန်းလက်မှတ် (p-760/5-2012)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**Ph:09-793511980**

**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပလရအပိုင်း၊ ကြူစမ်းရွာမ-အမှတ်-၁၇/C၊ အောင်မင်္ဂလာလမ်းတွင် နေထိုင်သော ဦးကျော်စိုး[၁၂/မဂဒ(နိုင်)၀၄၃၁၈၂]၏ ဇနီးဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/မဂဒ(နိုင်)၀၉၄၅၉၄]သည် မိမိ၏နေအိမ်မှ သူ့သဘောဆန္ဒဖြင့်ထွက်သွားပါသဖြင့် ၄-၈-၂၀၁၉ရက်မှစ၍ တစ်ပတ်အတွင်း နေအိမ်သို့ပြန်ရောက်မလာပါက ဇနီးအဖြစ်မှ တရားဝင်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်သူမနှင့် ပတ်သက်သမျှအရာအားလုံးကို တာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခင်ပွန်း ဦးကျော်စိုး[၁၂/မဂဒ(နိုင်)၀၄၃၁၈၂]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၆)လမ်း၊ မြေကွက်အမှတ် ၆၁၇(က)၊ ဦးကျော်ထိန်လင်းနှင့် ဒေါ်ထက်ထက်အောင် အမည်ပေါက်လျက်ရှိသည့် နှစ်(၆၀)ဂရန်မြေ (အလျားပေ ၆၀×အနံပေ ၂၀)ခန့်ရှိ (စတုရန်းပေ ၁၂၀၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးကျော်ထိန်လင်း[၁၂/ဥကတ(နိုင်) ၀၀၈၅၅၀]နှင့် ဒေါ်ထက်ထက်အောင်[၉/မရမ(နိုင်)၀၇၈၈၇၀]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေဥပစာနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးကျော်သက်ဦး** | **ဦးသက်နိုင်ထွန်း** | **ဒေါ်သက်စုဝေ** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၅၆၁၅/၁၅)** | **(စဉ်-၄၃၆၆၉/၁၄)** | **(စဉ်-၄၈၀၄၈/၁၆)** |
| **(၂၇-၂-၂၀၁၅)** | **(၃၁-၂-၂၀၁၄)** | **(၂၂-၉-၂၀၁၆)** |
| **အမှတ်(၁၄၄၅/က)၊** | **ဖုန်း-၀၉-၅၀၀၅၉၆၇** | **ဖုန်း-၀၉-၂၆၁၁၃၂၀၃၅** |

**နတ်မောက်(၅)လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၈၈၁၂**

## အများသိစေရန်ကြေညာခြင်း

ပန်းတနော်မြို့ အလယ်ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ပန်းနံ့သာဈေး ဆိုင်ခန်းအမှတ်(၃)၊ (၇½'×၃၀') အကျယ်ရှိ ဦးမြင့်သိန်း အမည်ပေါက်ဆိုင်ခန်းနှင့် ဆိုင်ခန်းအမှတ်(၃) (၇½'×၃၀') အကျယ်ရှိ ဒေါ်အေးသန်းအမည်ပေါက်ဆိုင်ခန်း(၂ ခန်းတွဲ)ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသည်ကို ကျွန်ုပ်မိတ်ဆွေ မအေးသီတာစိုး [၁၄/ပတန(နိုင်)၁၃၄၁၇၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာ ထုတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကျော်အောင် (အထက်တန်းရှေ့နေ)**
**စဉ်-၁၂၂၄၄**
**အမှတ်-၂၁၊ စိတ္တသုခလမ်း၊ ပန်းတနော်မြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်သိင်္ဂီလွင်[၁၂/မရက(နိုင်)၀၃၁၃၄၆]နှင့် ဒေါ်ရင်မြင့်[၁၂/မရက(နိုင်)၁၁၃၅၉၈] တို့သည် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ မာဃလမ်း၊ အမှတ် (၁၀၅၇)၊ ဦးအေးဖေ ဂရန်အမည်ပေါက် ဂရန်မြေပေါ်ရှိ မြေအကျယ်အဝန်း အလျားပေ ၄၀ အနံ ပေ ၆၀ အနက်မှ ခြေရင်းခြမ်းဖြစ်သော မြေအကျယ်အဝန်း အလျားပေ ၂၀ အနံ ပေ ၆၀ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်အဆောက်အအုံ (၁)လုံးနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မမြင့်မြင့်ချို[၁၂/မဂဒ(နိုင်)၀၂၈၈၂၄]ထံမှ (၇-၉-၂၀၁၇) ရက်တွင် နောက်ဆုံးအပြီးသတ်ငွေပေးချေ၍ အသိသက်သေများနှင့် ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီး ဝယ်ယူထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလိပ်စာ ခြေရင်းခြမ်း ပေ ၂၀ ပေ ၄၀မြေနှင့် မြေပေါ်ရှိ အဆောက်အအုံခံစားခွင့်အားလုံးသည် ကျွန်ုပ်ဒေါ်သိင်္ဂီလွင်နှင့် ဒေါ်ရင်မြင့်တို့ပိုင်ဆိုင်သော မြေကွက်နှင့်အဆောက်အအုံဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏အထက်ပါ ပိုင်ဆိုင်မှုအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မလျော်မကန်သြဇာသုံးခြင်း စသည်များပြုလုပ်မည်ဆိုပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အထက်ပါပိုင်ဆိုင်မှုပေါ်တွင် ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**စုံစမ်းမေးမြန်းနိုင်ပါသည်**
**ဒေါ်သိင်္ဂီလွင်**
**ဖုန်း ၀၉-၆၉၆၇၂၂၀၉၅**








IKBZ Insurance မှ အာမခံကိုယ်စားလှယ်တော်ကြီးများနှင့် ... Strand Square Conference Room(A) ... IKBZ ၏ Core Value ... IKBZ ဖြစ်သည်။

IKBZ အာမခံကုမ္ပဏီမှ Head of Independent Agency ... [illegible]

... Customer ... IKBZ မှ ပြောကြားခဲ့သည်။

... IKBZ ... Vision ... [illegible]

## ဂျပန်နိုင်ငံရှိ သတင်းစာတိုက်ကြီးမှ ပညာသင်စရိတ်ထောက်ပံ့ပေးမည့် ၂၀၂၀ခုနှစ်၊ ဧပြီလမှ ၂၀၂၂ခုနှစ်၊ မတ်လပညာသင်နှစ်အတွက် သတင်းစာပညာတော်သင် ကျောင်းသား/ကျောင်းသူ လျှောက်လွှာခေါ်ယူခြင်း

### ခေါ်ယူမည့်ကျောင်းသား

၁။ ၂၀၂၀ခုနှစ်၊ ဧပြီလမှ ၂၀၂၂ခုနှစ်၊ မတ်လအထိ (၂)နှစ်ကြာ ဂျပန်ဘာသာကျောင်းတွင် ပညာသင်ယူနိုင်မည့်သူ။
၂။ ကျန်းမာရေးကောင်းမွန်သူ အသက် (၁၈ – ၃၀) ကြားဖြစ်ရမည်။ (ကျန်းမာရေးကောင်းသူ)
၃။ ဘွဲ့ရ/ဘွဲ့ကြိုကျောင်းသား ... ၂၀၁၉ ခုနှစ်(၁၀)လပိုင်းအတွင်း ... 
၄။ ဂျပန်နိုင်ငံ အဆင့်အမှတ်ဖြင့် N5 နှင့်အထက်အောင်လက်မှတ်ရှိပြီး ... 
၅။ ဂျပန်နိုင်ငံ၏ စည်းကမ်း ကျောင်းစည်းကမ်းကို လိုက်နာမည့်သူ။
၆။ နောက်တစ်ရှိန်တွင် မိမိကိုယ်ကိုနှင့် မိမိနိုင်ငံအတွက် အကျိုးပြုသူတစ်ယောက်ဖြစ်ရမည်ဟု ယုံကြည်ထားသူ။

### ခေါ်ယူမည့်ပုံစံ

၁။ ကျား/မ ပေါင်း ... ကို ဦးစားပေးဖြင့် ... 
၂။ (25.8.2019နှင့် 1.9.2019)နေ့ ... Yangon International Hotel, 8 floors, Ballroom ခန်းမတွင် ... CV form ... 
- ... 
- ... 
- ... 
- ... CV ... 
၃။ အသေးစိတ်သိရှိလိုပါက Facebook တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၄။ CV နှင့်အခြားလိုအပ်သည်များကို Akamonkai Facebook Page တွင် Download ရယူပြီး အောက်ပါ E-mail သို့ပို့ပေးပါ။
၅။ အင်တာဗျူးကို (13.9.2019 – 15.9.2019)ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ အင်တာဗျူးအောင်မြင်သောသူများကိုသာ ... 

ပေးပို့ရန် E-mail - mainichi.student2016@gmail.com

ဆက်သွယ်ရန် - AKAMONKAI JAPANESE LANGUAGE SCHOOL
ဖုန်း-၀၉-၄၅၄၀၁၁၈၁၉၊ ၀၉-၇၈၆၄၃၃၄၅၀၊၀၉-၇၈၆၄၃၃၄၅၁

Facebook - AKAMONKAI JAPANESE LANGUAGE SCHOOL YANGON

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဇော်ဝင်းတောင်၏ သမီး မအိပ်ချိုဝိ ထုရှုန်နှင့် မထုရှုန် [၁၃/လရန(နိုင်) ၀၃၀၇၃၅]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အထက(၁) ဒသမတန်း(J)မှ မယမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးတင်သန်း[၁၂/အစန(နိုင်)၁၅၇၅၆၃] ဖြစ်ပါသည်။

ဦးတင်သန်း

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လေးလေးမြင့်[၁/ဗမန(နိုင်)၀၄၀၇၀၇]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၈၇၅၄၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၂.A(ပေါက်တော)၊ ... [illegible] ... ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖွဲ့အင်ဥွနိုကြားရော်ပေ –

တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ

ဦး... LL.B, D.M.L, D.B.L (စဉ်–...) ; ဒေါ်... LL.B, D.B.L (စဉ်–...) ; ဒေါ်... LL.B, LL.M (စဉ်–...) ; ဦး... LL.B (စဉ်–...)

ရုံးချုပ် > အမှတ်(...)၊ ... အင်းစိန်လမ်း၊ ... မြို့နယ်။
☎ > 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ > အမှတ်(...)၊ ... ပဲခူးမြို့နယ်။
☎ > 01 - 552742, 01- 559320, 09 5060940, 09 5060938, 09 73500535
Email - soesanrealestate@gmail.com

## ကဗျာ

သင့်မိသားစုထမင်းဝိုင်းအတွက် ... 2005 ... TRUE ... 201 ...

ဆန်၊ ဆံလျှော်စိန်နှင့် ပျားရည်ရောင်းဝယ်ရေး

Ph: 01-3680828, 01 3681015 , 0973040665.

## 'အထူးလျှော့ဈေးဖြင့် အမြန် ရောင်းမည်' (ပွဲစားမလို)

၁။ သာကေတ၊ ရှခင်းသာလမ်းမပေါ် (၁၀၀×၂၀၀)ပေ အကျယ်ရှိ မြေ ( ဈေးနှုန်းအလွန်သင့် ) ဈေးနှုန်း–၂၂၀၀၀ သိန်း
၂။ ရန်ကင်း၊ ကံဘဲ့လမ်းသန့် (၃၅×၆၅)ပေ အကျယ်ရှိ (၂)ထပ်တိုက် ( M-2,B-1,ပြင်ပြီး ) ဈေးနှုန်း – ၃၀၀၀ သိန်း
၃။ သင်္ဃန်းကျွန်း၊ သုဝဏ္ဏဗိုလ်ချုပ်ရွာ (၄၀×၆၀)ပေ အကျယ်ရှိ မြေ ( ပေါ်ဆန်းမွှေးလမ်းမနီး ) ဈေးနှုန်း – ၂၃၀၀ သိန်း
၄။ မရမ်းကုန်း၊ မင်းဓမ္မကွန်ဒို (၂၄၀၀)စတုရန်းပေ အကျယ်ရှိ MBR-1,BR-2 (ပြင်ပြီး) ဈေးနှုန်း – ၃၄၀၀ သိန်း
၅။ ရန်ကင်း၊ ရွှေမိုးကောင်းကွန်ဒို(၁၆၉၀) စတုရန်းပေ အကျယ်ရှိ MBR-1,BR-3 (ပြင်ပြီး) ဈေးနှုန်း– ၂၁၈၀သိန်း
၆။ မရမ်းကုန်း၊(၉)မိုင်၊ Ocean Condo (၁၅၃၀)စတုရန်းပေ အကျယ်ရှိ MBR-1,BR-2 (ပြင်ပြီး) ဈေးနှုန်း – ၁၅၀၀ သိန်း

09-5080073, 09-422888853, 09-422888893

## စိုးစံ (လင်း) ကုမ္ပဏီ

(open daily) (ဗဟန်းရုံး)မှ အမြန်ရောင်းမည်။

| | | | |
|---|---|---|---|
| ၁။ စမ်းချောင်း၊ ရှင်စောပုလမ်း | (100x125) | 2RC | 30000L |
| ၂။ သာယာကထောင်သိမ်းနန်းလမ်းမကြက်... | (80x80) | မြေ | 6200L |
| ၃။ တော/ဥ၊ ရွှေကြာသိမ်ရိပ်သာ | (33x100) | 3RC | 5000L |
| ၄။ သာယာကာ၊ မေခအိမ်ရာ | (47x66) | မြေ | 4000L |
| ၅။ မရော၊ Junction 8 အနီး | (50x35) | 2RC | 2890L |
| ၆။ သာယာကာ၊ သုဝဏ္ဏ VIP | (50x60) | 1RC | 2800L |
| ၇။ သာယာကာ၊ မယမုံအိမ်ရာ | (40x60) | 2RC | 2600L |
| ၈။ မ/ဒဂုံ၊ ဦးစိတာရလမ်းမ | (40x60) | မြေ | 2500L |
| ၉။ သာကာကာ၊ ရောဂက်ရိပ်သာ | (3000sqft) | မြေ | 2400L |
| ၁၀။ မော်လာဒုံ၊ ဥယျာဉ်အိမ်ရာ | (110x120) | မြေ | 2300L |
| ၁၁။ သာကာတာသန်လျှက်တာအိမ်ရာ | (40x60) | မြေ | 1250L |
| ၁၂။ မ/ဥ၊ သုမွှောလမ်းမအနီး | (40x60) | မြေ | 1200L |

Facebook Page - စိုးစံသင်းအကျိုးဆောင်ကုမ္ပဏီ ဗဟန်းရုံး တွင်လည်း ဝင်ရောက် ကြည့်ရှု စုံစမ်းနိုင်ပါသည်။

01-552742, 09 5060940, 09 5060938, 09 450450977

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ... တိုက်အမှတ်(၁၀)၊ ... အခန်းအမှတ်(၂–ဘီ)၊ (၁၆၀၀)စတုရန်းပေ အကျယ်ရှိ ... [illegible] ... အဝယ်ဖြူလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေရည်စိုးဦး | ဒေါ်ဝင်းသီတာမော်
LL.B., D.B.L | LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်– ...) | အထက်တန်းရှေ့နေ (စဉ်–...)

Fb Page: Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com
☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 50 577 14
အမှတ်(...)၊ ... ရန်ကုန်။

## ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၂) အဌမတန်း(F)မှ မောင်စိုင်းအောင်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း [၁၂/လကန(နိုင်)၁၉၂၆၃၂] ဖြစ်ပါသည်။

## အမည်ပြောင်းလဲခေါ်ဆိုရန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်း၊သစ်တောသုတေသနဌာနနေ ဦးစိုးမင်းထွန်း-ဒေါ်ဇာဇာလင်း တို့၏သား အထက ရေဆင်း၊ သတ္တမတန်း(B)မှ မောင်မင်းသန့်ကိုကို အမည်အား မောင်ထက်အောင်ဝေဟု ပြောင်းလဲခေါ်ပါရန်။

မောင်ထက်အောင်ဝေ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်တိုး

**B.Sc (Chem);Dip in. Metallurgy (ARTC Melbourne)၊ ဒုစက်ရုံမှူး(ငြိမ်း)ရေနံ/ဓာတု)**

**Chairman (Myanmar Voyages International Tourism Co.,Ltd.)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့နေ ဆန်အကဲဖြတ်အဖွဲ့ဝင် (ဦးထွန်းမောင်၊ ဒေါ်အုံးတင်)တို့၏ သားလတ်၊ သန်လျင်မြို့နေ မြို့ပိုင် (ဦးဘိုလေး၊ဒေါ်ငြိမ်းယဉ်)တို့၏ သားသမက်၊ (၈)မိုင်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက်(၇)၊ အခန်းအမှတ်(၄)နေ (ဒေါ်မေမေခင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူတိုး(Azuma Food Inc,USA)-ဒေါ်သီဂီဦး၊ ဦးသက်လွင်တိုး-ဒေါ်လွင်လွင်ကျော် (Myanmar Voyages International Tourism)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်မင်းချမ်းဝဏ် (Tesla Car Manufacturing Inc, USA)၊ မဆုမြတ်စန္ဒီ (All States Plastic Co., USA)၊ မောင်တိုးအက္ခရာကျော်(ခ)Calvin Moon (Cesar Chavez Middle School, USA)၊ မဝိုင်းဝိုင်းဖြူစင်(MMRD)၊ မောင်စွမ်းထက်တိုး(CISM)တို့၏ ဘိုးဘိုးကြီးသည် ၁၁-၈-၂၀၁၉ ရက် နံနက် ၁း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၅၊ မြို့ဟောင်းလမ်း၊ သန်လျင် နေအိမ်မှ ကားများ နံနက် ၁၁ နာရီနှင့် ၈ မိုင် နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ (၈)မိုင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြတ်ထွန်း

**လေ/၃၈၇၆၊ အရာခံဗိုလ်-ငြိမ်း**

**(ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်း)**

**အသက် (၈၄) နှစ်**

ရွှေကျင်မြို့နေ (ဦးသက်တင်-ဒေါ်မြရင်)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပ.လ.ရ(၁၀၀)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁၁)နေ (ဒေါ်အမာနီ)၏ခင်ပွန်း၊ (ဦးကြည်)-ဒေါ်ကြည်တို့၏ညီ၊ ဦးထွန်းရည်-ဒေါ်ခင်သန်းထွေးတို့၏အစ်ကို၊ ဗိုလ်ကြီးနိုင်ဝင်း(ငြိမ်း) (JAPFA COMFEED MYANMAR PTE. LTD)-ဒေါ်အေးမြခိုင်၊ ဒေါ်ခိုင်ခိုင်မာ(အထက်တန်းပြ-ငြိမ်း)၊ (ဗိုလ်မှူးမြင့်ငွေ)-ဒေါ်အေးအေးထွန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၁၀-၈-၂၀၁၉ (စနေနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးရဲဖုန်းမြင့်(ငြိမ်း)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း**

ဗိုလ်မှူးကြီးရဲဖုန်းမြင့်(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းသည် ၉-၈-၂၀၁၉ (သောကြာနေ့) ညနေ ၅း၀၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်(ဒုတိယဝန်ကြီး)-ဒေါ်သန်းဌေး**

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဒေါ်တင်ရီ

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အမှတ်(၈)၊ ဦးစံငြိမ်းလမ်း၊ မြေညီထပ်နေ (ဦးဖိုးသစ်-ဒေါ်အုန်းမေ)တို့၏ သမီး၊ (ဦးထွန်းမြင့်-ဒေါ်နီနီ)၊ (ဦးကျော်ညိမ်း-ဒေါ်လှမြင့်)တို့၏ညီမ ဒေါ်တင်ရီသည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၄၁ နာရီတွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးကျော်စိန်ရာရှစ် (ခ) Abdul Rahim

**သင်္ဘောအင်ဂျင်နီယာ**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈၄၇)နေ [ဟာဂျီ M.Aရာရှစ်(ခ)ဦးတင်အောင်-ဟာဂျီမ ဒေါ်မြရီ]တို့၏ သားကြီး၊ ဦးကျော်ဦး၊ ဟာဂျီဦးအောင်ကျော်မိုး-ဒေါ်နီလာကျော်တို့၏ဖခင်၊ မရွှန်းလဲ့ကျော်၊ မလင်းလဲ့ကျော်တို့၏အဘိုး၊ ဟာဂျီမဒေါ်မိမိအောင်၏မောင်၊ ဒေါ်မူမူအောင်၊ ဒေါ်မဠူအောင်၊ (ဦးထွန်းအောင်)၊ ဒေါ်မို့မို့အောင်၊ ဒေါ်မီမီအောင်၊ (ဦးညီညီအောင်)တို့၏အစ်ကို၊ ဦးမြတ်ဦး-ဒေါ်ချိုသဲအေး၊ ဟာဂျီဦးဝင်းထွန်းလတ်-ဟာဂျီမဒေါ်သပြေဦးလွင်၊ ဦးမျိုးအောင်၊ ဦးရာဇာမင်း-ဒေါ်ယုမွန်ခင်၊ ဒေါ်သက်မွန်ခင်၊ ဦးသက်အောင်၊ ဒေါ်အေးအေးအောင်၊ ဦးနိုင်နိုင်အောင်၊ ဦးမျိုးလှိုင်အောင်တို့၏ဘကြီးသည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀း၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ညနေ အဆွာရ်နမာ(ဇ်)မတိုင်ခင် ရေဝေးစွန္နီမွတ်စလင်ကဘာတ်(စ)တန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးအောင်မျိုးနိုင်

**အထက(၄) ပုဇွန်တောင်ကျောင်းသားဟောင်း**

**အသက် (၅၀)**

ရန်ကုန်မြို့နေ (ဦးထွန်းနိုင်)-ဒေါ်ယဉ်နွဲ့တို့၏သား၊ ဒေါ်သန္တာနိုင် (Home Champion Construction Co.,Ltd)၏မောင်၊ (ဦးအောင်ခိုင်)-ဒေါ်ရီရီဝင်းတို့၏ သားသမက်၊ ဒေါ်သီတာခိုင်(မိုးသောက်ပန်း စာသင်၊ စာကျက်ဝိုင်း)၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇေယျာလင်းထက်၊ မစုသဥ္ဇာထက် (Great Light ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ချစ်လှစွာသောဖခင် ဦးအောင်မျိုးနိုင်သည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၃၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

**ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ယုယုလွင်

**အသက်(၆၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ နဝဒေးစက်မှုဇုန်(၂)နေ ဗိုလ်မှူးကြည်သန်း(ငြိမ်း)၏ဇနီး၊ ဦးအောင်နိုင်ဝင်း-ဒေါ်ဇင်မာသန်း၊ ဦးဝဏ္ဏဇော်-ဒေါ်သြူမာသန်း၊ ဦးဇေဖြိုးဝေ-ဒေါ်ဇာဇာညွန့်ကြည်တို့၏မိခင် ဒေါ်ယုယုလွင်သည် ၁၀-၈-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁း၃၈ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၁၂-၈-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဦးကျော်ဝင်း

**အသက် (၆၀)**

ရန်ကုန်မြို့ ယုဇနဥယျာဉ်မြို့တော်၊ လမ်းအမှတ်(A-1)၊ တိုက်(17)၊ အခန်း (302)နေ (ဦးကျော်ကျော်-ဒေါ်နှင်းမြညို)တို့၏သားကြီး၊ မခင်ဝင်းမေ၊ (မောင်ဝင်းရွှေ)၊ မောင်ထွန်းဝင်း၊ မနွယ်နွယ်ဝင်း၊ မညိုညိုဝင်း၊ မဝင်းဝင်းမာတို့၏ အစ်ကိုကြီး၊ ဒေါ်တင်မာချို၏ ခင်ပွန်း၊ မောင်ငြိမ်းချမ်းကျော်ဝင်း၊ မမီမီကျော်ဝင်း၊ မောင်ရဲထွဋ်ခေါင်၊ မချိုးမြတ်ချယ်တို့၏ဖခင်၊ မဟေသာနန်းဆု(ကစ်တီမ)၏အဘိုးရှင်သည် ၁၁-၈-၂၀၁၉ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကျိုက္ကစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်**

**သွေးဖြင့်**

**အသက်**

**ကယ်ပါ**

ရဟန်း ဒါယိကာမကြီး

## ဒေါ်စု (ပြွန်တန်ဆာ)

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီ(၁)လမ်း၊ အမှတ် (၆၂)နေ (ဦးအုန်းခိုင်-ဒေါ်သိန်းမေ)တို့၏ သမီး၊ [ဦးထွန်းကြွယ် (ပါမောက္ခ-ငြိမ်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်)]၏ ဇနီး၊ (ဦးမြင့်လွင်)-ဒေါ်အေးအေးကြိုင်၊ (ဦးအောင်လင်း)-ဒေါက်တာခင်မာရီ (ပါမောက္ခ-ငြိမ်း)မော်လမြိုင်တက္ကသိုလ်၊ ဒေါ်ယဉ်ချိုတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်မြတ်ရည်လင်း၊ ဒေါ်နန်းစိုးစိုးမင်း၊ ဦးအာကာအောင်-ဒေါ်ခိုင်သစ္စာ၊ ဦးမျိုးဇေလင်း-ဒေါ်စုမြတ်သက်၊ ဦးရဲမင်းထွန်း၊ ဦးပိုင်ဇေလင်း-ဒေါ်နန်းနှင်းနှင်းဦးတို့၏ အဘွား၊ သွန်းနဒီဇေလင်း၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၁၉ (စနေနေ့) ညနေ ၅း၄၈ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၁၉ (သောကြာနေ့) နံနက်တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှဝေ (ရိလုံ ရတနာရွှေဆိုင်၊ ယုဇနပလာဇာ)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့ အမှတ်(၁၁၉)၊ ခရေမြိုင်လမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးစိန်-ဒေါ်ပြန့်မွေး)တို့၏ သတ္တမမြောက်သား၊ (ဦးမောင်လွင်)-ဒေါ်ရွှေဆောင်တို့၏ သားသမက်၊ ဒေါက်တာတင်အောင်ဝေ-ဒေါက်တာချောစုငယ်၊ ကိုဘုန်းကျော်ဝေ-မငုဇင်သိန်း၊ ကိုဟန်ဇော်ဝေ-မယုယုမွန်၊ ကိုနိုင်နိုင်ဦး-မလဲ့ရည်ရှားတို့၏ ဖခင်၊ ဒေါ်ဝင်းမြင့်လွင်၏ ချစ်လှစွာသောခင်ပွန်း၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် တာမွေအာယုအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှဝေ (ရိလုံ ရတနာရွှေဆိုင်၊ ယုဇနပလာဇာ)

**အသက်(၇၁)နှစ်**

မုတ္တမမြို့ ရေးစုရပ်နေ (ဦးစိန်-ဒေါ်ပြန့်မွေး)တို့၏ သား၊ မုဒုံမြို့နေ (ဦးမောင်လွင်)-ဒေါ်ရွှေဆောင်တို့၏ သားသမက်၊ ဒေါ်ဝင်းမြင့်လွင်၏ ခင်ပွန်း၊ (ဦးစိန်မောင်)-ဒေါ်ထိန်ကြည်၊ ဦးဝင်းထိန်-(ဒေါ်ညွန့်ညွန့်ရီ)၊ ဦးအောင်ခင်-ဒေါ်မေလာ၊ (ဦးအောင်တင်-ဒေါ်သန်းကျင်)၊ ဦးခင်ဇော်-ဒေါ်နွယ်နွယ်ယု၊ ဦးတင်နိုင်-ဒေါ်ခင်သက်ရီတို့၏ ညီ/မောင်၊ (ဦးတင်ဝေ)-ဒေါ်စန်းမြင့်ရီ တို့၏ အစ်ကို သည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် တာမွေအာယုအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## ဒေါ်စမ်းစမ်းအေး (သုဝဏ္ဏ)

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၂)၊ တိုက်(၁၇၂)၊ အခန်း(၈)နေ ဦးစံသာကျော် (ဒု/ညွှန်ချုပ်-ငြိမ်း၊ ရှေ့နေချုပ်ရုံး)-ဒေါ်စောကြည်တို့၏ သမီး၊ ဦးစမ်းဝေမောင်(အကောက်ခွန်-ငြိမ်း)-ဒေါ်ဖြူဖြူခိုင်၊ (ဦးခိုင်ဇော်)တို့၏ ညီမသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးဒီယော်ရမ် (U D Yaw Ram)

**အသက် (၄၂) နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ (၄၅/၇)အင်ဂျန်ဒုံတောင်ရပ်ကွက်နေ သိက္ခာတော်ရဆရာ ဒေါက်တာဦးဒခွမ်ဒေးဗစ်-သိက္ခာတော်ရ ဆရာမဒေါ်အယ်လ်ထုလွမ်တို့၏ ဒုတိယသား၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၄၃/၆)နေ (ဗိုလ်ကြီးစိန်ဇာကျင့်-ငြိမ်း)-ဒေါ်စိန်ဒိမ့်တို့၏ သားသမက်၊ ဦးဒီဆင်ရမ် (ကချင်ပြည်နယ် ဥပဒေချုပ်)-ဒေါ်အဂူးနန်ဆား၊ ဦးဒခွမ်ဖုန် (မြန်မာ့လေကြောင်း-ငြိမ်း)- သိက္ခာတော်ရ ဒေါ်လဖိုင်ကိုင်ထန်တို့၏တူ၊ ဦးဒခွမ်ဖုန်ဇီအောင်-ဒေါ်ဇရူးအက်စတာ (ခေတ္တ-USA)တို့၏ညီ၊ ဆရာမဒေါ်ဒခွမ်နန်ဇီ-ဆရာဆန်ဒေါင်းဒီးရှင်း(ဇဝံဂေလိ ဓမ္မကောလိပ်၊ မြစ်ကြီးနား)၊ ဆရာမ ဒီနော်မီ-ဆရာ ခင်လေးဒီးရမ်(မြောက်ဥက္ကလာပ)၊ ဒေါ်ဒခွမ်ဘန်ဆား (ခေတ္တ-USA)တို့၏မောင်၊ ဒေါ်ဒခွမ်ဟာန-ဦးတွမ်ကျားရင်တို့၏ အစ်ကို၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)အောက်ဘလောက်၊ အမှတ်(၄၉/၇)နေ ဒေါ်ဒိမ်နမ်းကျင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဒီဖုန်ရိန်ကျင့်(Grade-9၊ အထက-၁၊ ဒဂုံ)၊ မောင်ကျင့်ရိန်ဆား (Grade-6၊ အထက-၁၊ ဒဂုံ)၊ မောင်ဒီဂျုံရိန်ရမ်(KG, YAS)တို့၏ မွေးသဖခင်သည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ယုဇနပိတောက်ကွေ့ ဆူးလေ ဖောနွေလဘုရားကျောင်းရှေ့နှင့် အထက်ပါနေအိမ်တို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင် (တင်ဝင်းမြင့် ကဖီး)

**အသက် (၁၀၄) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဗားဂရာလမ်း၊ အမှတ်(၅၅)နေ (ဦးသန်းမောင်)၏ဇနီး၊ ဗိုလ်မှူးကြီးမြသိန်း (ရေ-ငြိမ်း)-ဒေါ်နွယ်နွယ်စန်း၊ (ဦးစိန်သန်း)-ဒေါ်နီနီသန်း၊ ဒေါ်ထွေးနိုင်နိုင်တို့၏ မိခင်ကြီး၊ ဗိုလ်မှူးဘိုစီ (ရေ-ငြိမ်း)-ဒေါက်တာမြင့်မြင့်မူ၊ ဦးမင်းနွယ်-ဒေါ်ဇီဝါဦး၊ ဦးထိန်လင်း-ဒေါ်သင်းသင်းအောင်၊ ဦးမျိုးခင်-ဒေါ်ချိုနွယ်ဦး၊ ဗိုလ်ချုပ်သန့်စင်လေး-ဒေါ်သင်းသင်းဝေတို့၏အဘွား၊ မြစ် ၁၀ ယောက်၊ တီ နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးစိုးမွန်(ငြိမ်း)

**ကာကွယ်ရေးဝန်ကြီးဌာန**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၇)နေ (ဦးဖိုးကွန်း-ဒေါ်မယ်မော်)တို့၏ သား၊ ဒေါ်ခင်ဆွေဝင်း၏ ခင်ပွန်း၊ ဗိုလ်မှူးကျော်အောင်(ငြိမ်း)-ဒေါ်မြတ်မြတ်(လဝက-ငြိမ်း)၊ ဦးသိန်းဇော် (ဒု-ညွှန်မှူး-ငြိမ်း၊ ကျောက်မျက်)-ဒေါ်ဆွေဆွေမော်၊ ဦးအောင်ကျော်မိုး (သံမှူးကြီး၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ချိုချိုဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်မောင် (Chief Engineer)

**အသက် (၆၇) နှစ်**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ Block (၁၉)၊ အမှတ်(၉)နေ [ဦးစိုးပိုင်(ညွှန်ချုပ်-ငြိမ်း၊ ငွေစာရင်း၊ ရ/သုံးခန့်မှန်းခြေ ဘဏ္ဍာရေးဦးစီး ဌာန)-ဒေါ်မြင့်မြင့်သင်]တို့၏သား၊ (ဦးတင်ဦး-ဒေါ်သန်းသန်းမေ)တို့၏ သားသမက်၊ (ဒေါ်မြမြဆင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသူရနိုင် (Captain M.T.COSEVER)-ဒေါ်သစ္စာမောင်၊ ဦးဝဏ္ဏမောင်(စိန်တစ်လုံး ဖယောင်းတိုင်လုပ်ငန်း)၊ ဦးစည်သူအောင် (လ/ထညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သဥ္ဇာမောင်တို့၏ ချစ်လှစွာသောဖခင်၊ မသက်မြတ်နိုး၊ မောင်ဘုန်းမြတ်စည်သူတို့၏ အဘိုးသည် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၀၅ နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်မောင်မောင် (Chief Engineer)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ Block 19 No.9 နေ (ဦးစိုးပိုင် (ညွှန်ချုပ်-ငြိမ်း၊ ငွေစာရင်း၊ ရ/သုံးခန့်မှန်းခြေ ဘဏ္ဍာရေးဦးစီးဌာန-ဒေါ်မြင့်မြင့်သင်)တို့၏ သား၊ (ဦးတင်ဦး-ဒေါ်သန်းသန်းမေ)တို့၏ သားသမက်၊ (ဒေါ်မြမြဆင့်)၏ ချစ်လှစွာသောခင်ပွန်း၊ Dr.ဦးထွန်းအောင်ကျော်(မန္တလေးဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါ်ချိုချိုပိုင်၊ (ဦးဇော်မော်)-ဒေါ်ညိုညိုပိုင်၊ [ဦးဝင်းမောင်(R/O)-Dr.ညွန့်ညွန့်သန်း]၊ [ဦးကျော်ကျော်ပိုင် (Chief-Engineer)]တို့၏ မောင်/ညီ၊ ဦးထူးထူးပိုင်၏အစ်ကို ဦးတင်မောင်မောင်သည် ၁၁-၈-၂၀၁၉ ရက် ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၉ ရက် မွန်းလွဲ ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ

# သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ရင်ဆိုင်တုံ့ပြန်နိုင်ရေး ပြင်ဆင်ထားရှိရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မှာကြား

**မော်လမြိုင် ဩဂုတ် ၁၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ပြုလုပ်သည့် မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဘာဝဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်းခွဲများ၊ ကုန်စည်ဒိုင်များနှင့် ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူများက ဆန်အိတ် ၂၂၅၀၊ ငွေကျပ်သိန်း ၂၀၀ နှင့် ဓာတ်မြေဩဇာအိတ် ၃၇၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**


ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဦးတင်မြင့်၊ ဦးလှကျော်၊ ဦးစိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုက်မရောမြို့ ရသေ့ကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

## မုတ်သုံလေ အားအလျော့ကောင်းနေ



(ဩဂုတ်လ ၁၂ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလျော့ကောင်းနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

**ပဲခူးမြစ်။** ။ ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ငဝန်မြစ်။** ။ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**စစ်တောင်းမြစ်။** ။ ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

